# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်၊ စနေနေ့။ Saturday, 6 August 2022 ၁၀၈၁၉


### ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## (၅၅)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအပြီး ထုတ်ပြန်ခဲ့သည့် ကြေညာချက်ပါ မြန်မာနိုင်ငံရေးကိစ္စနှင့်ပတ်သက်သည့် စာပိုဒ်အပေါ် မြန်မာနိုင်ငံအနေဖြင့် လက်မခံပယ်ချ

### သတင်းထုတ်ပြန်ချက်

ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့တွင် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့မှ ဩဂုတ်လ ၆ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် (၅၅)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံက နိုင်ငံရေးအရ ကိုယ်စားမပြုသည့်ပုဂ္ဂိုလ်ကိုသာ အာဆီယံဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံက ဖိတ်ကြားခဲ့ရာ အာဆီယံပဋိညာဉ်စာတမ်း အပိုဒ်(၅)တွင် ဖော်ပြချက်နှင့် သိသာထင်ရှားစွာ သွေဖည်နေသဖြင့် မြန်မာနိုင်ငံမှ ကိုယ်စားလှယ် တက်ရောက်ခဲ့ခြင်းမရှိပါ။

မြန်မာနိုင်ငံသည် တူညီဆန္ဒ(၅)ချက်ကို တာဝန်သိအာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေဖြင့် လက်ခံခဲ့ပါသည်။ ယင်းသို့လက်ခံစဉ်ကလည်း မြန်မာနိုင်ငံ၏ ပြည်တွင်းတည်ငြိမ်မှုအပေါ်မူတည်ပြီး နိုင်ငံ့ကောင်းကျိုးအတွက် အာဆီယံပဋိညာဉ်စာတမ်း၊ အာဆီယံနည်းလမ်းနှင့် အာဆီယံစိတ်ဓာတ်တို့နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းစွာ ပြောကြားခဲ့ပါသည်။ အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးကိစ္စကို ပြင်ပမှ မစွက်ဖက်ရေး၊ မနှောင့်ယှက်ရေး၊ အဖွဲ့ဝင်နိုင်ငံများအကြား နိုင်ထက်စီးနင်းမှုမရှိရေး စသည့် "မူ" များကို အာဆီယံအနေဖြင့် လေးစားသင့်ပြီး မြန်မာနိုင်ငံသည် မိမိ၏ ပြည်တွင်းရေးကိစ္စကို မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နေမှုကို လေးစားရန်လိုပါသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖



နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၁) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

## နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၁) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၅**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၁) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

**ယနေ့** ဖတ်စရာ


**ကိုယ်ကျိုးစီးပွား ပြိုင်ဆိုင်မှုတွေ တုံ့ပြန်နိုင်ဖို့ဆိုရင် ...**

ဆောင်းပါး စာမျက်နှာ | ၆

**နိုင်ငံတကာတွင် လူပြောများနေသည့် အကြမ်းဖက်သမား လေးယောက်ကို ၎င်းတို့နှင့် ထိုက်သင့်သည့် အပြစ်ဒဏ် ဘာကြောင့်ပေးရသလဲ**

ဆောင်းပါး စာမျက်နှာ | ၁၀

**ဩစတြေးလျနိုင်ငံ၌ မျောက်ကျောက်ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ် စတင်မည်**

စာမျက်နှာ | ၁၃

ကြေးမုံ

# ယဉ်ကျေးမှုစရိုက်လက္ခဏာအရေးပါ

နိုင်ငံတိုင်းနိုင်ငံတိုင်းတွင် ကိုယ်ပိုင်ယဉ်ကျေးမှုစရိုက်လက္ခဏာများ အသီးသီးရှိကြသည်။ နိုင်ငံမည်မျှတိုးတက်ပြောင်းလဲစေကာမူ မိမိနိုင်ငံ၏ ယဉ်ကျေးမှုစရိုက်လက္ခဏာများကို မဖျက်ကြပေ။ အနောက်နိုင်ငံများသည် ၎င်းတို့ယဉ်ကျေးမှုကို ဖျောက်ဖျက်ပြောင်းလဲခြင်းမရှိပေ။ အရှေ့နိုင်ငံများသည် အနောက်ယဉ်ကျေးမှုကို နှစ်သက်သော်လည်း မိမိယဉ်ကျေးမှုကို ထိန်းသိမ်းလျက်ရှိသည်။ ယဉ်ကျေးမှုပျောက်ပျက်ပါက နိုင်ငံပျက်စီးနိုင်သည်။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုစရိုက်လက္ခဏာ အစဉ်အလာကြီးမားသည့်နိုင်ငံဖြစ်သည်။ ရှေးအစဉ်အဆက် မိမိတို့၏ ယဉ်ကျေးမှုစရိုက်လက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည်။ ခေတ်ကာလရွေ့လျောပြောင်းလဲခဲ့သော်လည်း မြန်မာတို့၏ ယဉ်ကျေးမှုစရိုက်လက္ခဏာများကို မဖျောက်ဖျက်ဘဲ ခေတ်နှင့်အညီတိုးတက်အောင်နေထိုင်လာခဲ့သည်။ သို့သော် အနောက်ယဉ်ကျေးမှုသည် များသောအားဖြင့် လူငယ်များအပေါ် လွှမ်းမိုးလာခဲ့ပြီး ပြီးခဲ့သည့် ငါးနှစ်တာကာလတွင် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိလာခဲ့သည်။ သာဓကအားဖြင့် ဒီမိုကရေစီအစိုးရ (ဒုတိယသက်တမ်း)ကာလတွင် အခြေခံပညာကျောင်းသင်ခန်းစာများ၌ မြန်မာ့ယဉ်ကျေးမှုကို ထိခိုက်ပွန်းပဲ့စေသည့် သင်ခန်းစာများကို ထည့်သွင်းပေးပြီး သရုပ်ပြသင်ကြားလာကြသည်ကို တွေ့ရမည်ဖြစ်သည်။

အကျိုးရလဒ်မှာ ရိုသေလေးစားတန်ဖိုးထားရမည့် မြတ်ဆရာများ၏ဂုဏ်သိက္ခာများ ညှိုးနွမ်းလာခဲ့သည်။ အချို့တပည့်များသည် ဆရာ ဆရာမများအပေါ် ဂါရဝတရားများ ပျက်ပြားလာကြပြီး ပြစ်မှားစော်ကားမှုများရှိခဲ့သည်။ မြန်မာတို့၏ အစဉ်အလာကြီးမားသော ယဉ်ကျေးမှုစရိုက်လက္ခဏာများ ချိုးဖဲ့ဖျက်ဆီးခံရသဖြင့် ယနေ့ကာလတွင် ဘာသာ၊ သာသနာနှင့် ဆရာ ဆရာမများအား ပြစ်မှားစော်ကားကိုယ်ထိလက်ရောက်ကျူးလွန်မှုများ ရှိလာခဲ့သည်။ အစွန်းရောက်နိုင်ငံရေးသမားများ၏ သွေးထိုးလှုံ့ဆော်မြှောက်ပင့်ပေးမှုများကြောင့် လူငယ်လူရွယ်များ လမ်းမှားသို့ ရောက်ရှိသွားကြပြီး အကြမ်းဖက်သတ်ဖြတ်မှုများအထိ လုပ်ကိုင်လာကြရာ ဆရာ ဆရာမများအပါအဝင် ပညာရေးဝန်ထမ်း ၄၇ ဦး သေဆုံးပြီး ၂၀ ဦး ဒဏ်ရာရကာ ၂၅ ဦးပျောက်ဆုံးလျက်ရှိသည်။

ဆရာ ဆရာမများသာမက ရဟန်းသံဃာတော်များပါ သတ်ဖြတ်ခံကြရာတွင် အမျိုးဘာသာ၊ ယဉ်ကျေးမှုစရိုက်လက္ခဏာ အစဉ်အလာကြီးမားခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံးဖြစ်ပွားခဲ့သည်ကို စိတ်မကောင်းဖွယ်၊ အံ့အားသင့်ဖွယ်သိရှိရသည်။ မြန်မာ့ယဉ်ကျေးမှုစရိုက်လက္ခဏာများ ယိုယွင်းပျက်ပြားစေသည့်အကြောင်းများတွင် အွန်လိုင်းမီဒီယာသည် အဓိကဖြန့်ဖြူးရာနေရာဖြစ်သည်။ လူငယ်လူရွယ်များ၏ အဓိကကျသောနယ်ပယ်များပေါ်မှတစ်ဆင့် မြန်မာ့ယဉ်ကျေးမှုကို လွဲမှားစွာအသုံးချလာခဲ့သည်။ အတုယူအတတ်မြင်တတ်သော လူငယ်လူရွယ်များ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာများကို ချိုးဖျက်ခံရပြီး မိမိတို့အစဉ်အဆက် တန်ဖိုးထားခဲ့သော ရိုးရာယဉ်ကျေးမှုအစဉ်အလာများအား စောင့်ရှောက်လိုစိတ်များ လျော့ပါးလာခဲ့သည်။

လူငယ်လူရွယ်များသည် အနာဂတ်တာဝန်များကို ပခုံးပြောင်းယူကြရမည့်သူများဖြစ်သည်။ အချို့လူငယ်လူရွယ်များအနေဖြင့် ဘာသာသာသနာ၊ ယဉ်ကျေးမှုစရိုက်လက္ခဏာများကို တန်ဖိုးထားလိုစိတ် နည်းပါးကြပြီး ဖျက်ဆီးမှုများပင်ရှိလာကြသဖြင့် တိုင်းပြည်အနာဂတ်အတွက် ရင်လေးဖွယ်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် အစဉ်အလာကြီးမားခဲ့သော ယဉ်ကျေးမှုစရိုက်လက္ခဏာများနှင့် စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားများ မပျောက်ပျက်စေရန်အတွက် ဝိုင်းဝန်းမြှင့်တင်ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ မိဘအုပ်ထိန်းသူများအနေဖြင့် အရွယ်ရောက်ပြီးသည့် လူငယ်လူရွယ်များအား ကိုင်တွယ်ထိန်းသိမ်းရန် မလွယ်ကူသော်လည်း အရွယ်မရောက်သေးသည့် ကလေးသူငယ်များအား စိတ်ဓာတ်နှင့် အကျင့်စာရိတ္တကောင်းမွန်အောင် အလေးအနက်ထား၍ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်လိုအပ်ပေသည်။

မိဘများသည် မိမိတို့၏သားသမီးများအား "ဆင်စီး၍ မြင်းရံသည်" ကိုသာမြင်လိုကြသည်။ "ဆင်နင်း၍ မြင်းကန်သည်"ကို မလိုလားကြပေ။ ထို့ကြောင့် မိဘအုပ်ထိန်းသူများအနေဖြင့် မိမိတို့၏သားသမီးများ ဆင်ပေါ်ရောက်စေရန်အတွက် နုနယ်သည့်ငယ်စဉ်ဘဝကတည်းက စိတ်ဓာတ်နှင့်အကျင့်စာရိတ္တများ၊ ယဉ်ကျေးမှုစရိုက်လက္ခဏာများ အားကောင်းစေရန် ပျိုးထောင်ပေးကြရမည်ဖြစ်သည်။ မြန်မာတို့၏ ဘာသာသာသနာနှင့် ယဉ်ကျေးမှုစရိုက်လက္ခဏာတန်ဖိုးများကို ကိုယ်ချင်းစာတရား၊ မေတ္တာတရား၊ ဗြဟ္မစိုရ်တရား ခန်းခြောက်၍ ယဉ်ကျေးမှုဆိတ်သုဉ်းသော ရေခြားမြေခြားတွင်နေထိုင်ကြသော မြန်မာများအနေဖြင့် ပိုမိုသဘောပေါက်နားလည်နေကြပြီဖြစ်သည်။

သို့ဖြစ်ရာ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ၊ ယဉ်ကျေးမှုစရိုက်လက္ခဏာများသည် နိုင်ငံနှင့်လူမျိုးအတွက် အလွန်အရေးကြီး၊ အရေးပါသည့်ကဏ္ဍဖြစ်ရာ မြန်မာတို့၏ အစဉ်အလာကောင်းများ မပျက်ယွင်းစေဘဲ ဆက်လက်တည်တံ့ခိုင်မြဲစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ဇလွန်မြို့နယ် အထက (၁) ၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

ဇလွန် ဩဂုတ် ၅

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အထက (၁)ဇလွန် အခြေခံပညာအထက်တန်းကျောင်း၌ "အမှိုက်စွန့်ပစ်မှုအလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရေး"ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။



အသိပညာပေး ဟောပြောပွဲတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းထွန်းအောင်က ကျောင်းသား ကျောင်းသူများအား စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှု လျော့ကျစေရေးနှင့် အမှိုက်စွန့်ပစ်မှုအလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ အမှိုက်များ စနစ်တကျစွန့်ပစ်ကြရန်၊ ပလတ်စတစ်လျှော့ချစေရေး ပြုမူဆောင်ရွက်လိုက်နာရမည့်အချက်များကို အသိပညာပေးဟောပြောပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

မြို့နယ်(ပြန် / ဆက်)

## ကန်ကြီးထောင့်မြို့နယ်၌ အဏုဇီဝသဘာဝမြေဩဇာပြုလုပ်မှုသရုပ်ပြပွဲ ကျင်းပ

ကန်ကြီးထောင့် ဩဂုတ် ၅

ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် ကန်ကြီးထောင့်မြို့နယ် သမဝါယမအသင်းစုတို့ ပူးပေါင်းဆောင်ရွက်သော အဏုဇီဝသဘာဝမြေဩဇာပြုလုပ်မှု သရုပ်ပြသခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ဝါးဒူးကျေးရွာအုပ်စု အနောက်စုကြီးကျေးရွာ၌ ကျင်းပသည်။



အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးကျော်နိုင်ထွန်းက အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး အသင်းစုချုပ်လီမိတက်ဥက္ကဋ္ဌ ဦးစောအင်ဒရူးပန်းက အဏုဇီဝသဘာဝမြေဩဇာပြုလုပ်ပုံကို တောင်သူများအား ပြသရာမှ ရရှိမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြောင်းမြမြို့နယ် စိုက်ပျိုးရေးသုတေသနဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဖြူပြာလွင်က သဘာဝမြေဩဇာပြုလုပ်ပုံနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အဏုဇီဝသဘာဝမြေဩဇာ ပြုလုပ်ပုံအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြသည်။

အခမ်းအနားသို့ ဝါးဒူးကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင်ရှိကျေးရွာများမှ စိတ်ပါဝင်စားသူများ တက်ရောက်ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၅- ၈ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၁၀၀ | ၇,၁၀၀ | ၁၃၀ | ၉၂၃,၀၀၀ |
| MTSH | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၁၇ | ၆,၂၉၂,၅၀၀ |
| MCB | ၇,၀၀၀ | ၇,၀၀၀ | ၁၃ | ၉၁,၀၀၀ |
| FPB | ၁၈,၀၀၀ | ၁၈,၀၀၀ | ၄ | ၇၂,၀၀၀ |
| TMH | ၂,၃၅၀ | ၂,၃၅၀ | ၁၂၈ | ၃၀၀,၈၀၀ |
| EFR | ၂,၄၅၀ | ၂,၄၅၀ | ၁၄ | ၃၄,၃၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၂၀ | ၁၀၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၅

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၁၄၈.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၁၁.၁၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၉.၀၄၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၁.၂၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၆.၅၂၂ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၅၉.၅ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၂၆.၁ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၈၀.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၁.၈၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁) စဝ်ခေးတိုင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာနသို့ ရောက်ရှိစဉ်။

☆ နိုင်ငံတော်မှ

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁) စဝ်ခေးတိုင်း၊ ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်၊ ဗဟိုကော်မတီဝင် စဝ်နော်လိတ်တို့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၁) စဝ်ခေးတိုင်းတို့က နှုတ်ခွန်းဆက် အမှာစကား ပြောကြားကြပြီး တက်ရောက်လာကြသူများက ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးကြကာ ဆွေးနွေးပွဲပထမနေ့ကို ရပ်နားလိုက်သည်။

ဒုတိယနေ့ဆွေးနွေးပွဲကို ဩဂုတ် ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၄၄ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်
(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

## ပြည်ထောင်စုဝန်ကြီးခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးမျိုးမြင့်ဦး အား စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၁၈၅၀ မှ ၂၁၀၀ အဖြစ် ပြောင်းလဲသတ်မှတ်

နေပြည်တော် ဩဂုတ် ၅

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရည်ညွှန်းလဲလှယ်နှုန်းအား အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၁၈၅၀/- ကျပ်နှုန်း သတ်မှတ်ရာမှ ၂၁၀၀/- ကျပ်အဖြစ် ပြောင်းလဲသတ်မှတ်ကြောင်းနှင့် အဆိုပါ ရည်ညွှန်းငွေလဲလှယ်နှုန်းအား (၈-၈-၂၀၂၂) ရက်နေ့မှ စတင်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ ရှေ့ဖုံးမှ

(၅၅)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးဆိုင်ရာ ပူးတွဲထုတ်ပြန်ချက်ပါ "မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများ" ခေါင်းစဉ်အောက်တွင် မြန်မာနိုင်ငံက တူညီဆန္ဒ(၅)ရပ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုမရှိကြောင်း ဖော်ပြချက်သည် မြန်မာနိုင်ငံ၏ အမှန်တကယ် ကြိုးပမ်းဆောင်ရွက်နေမှုများကို မျက်ကွယ်ပြု၍ လျစ်လျူရှုရာရောက်သည့်အတွက် ကန့်ကွက်ပါသည်။

မြန်မာနိုင်ငံသည် နိုင်ငံတွင်း ငြိမ်းချမ်း၊ တည်ငြိမ်မှုရရှိရေးအတွက် ကြိုးပမ်းနေသကဲ့သို့ တစ်ချိန်တည်းမှာပင် တူညီဆန္ဒ(၅)ရပ် အကောင်အထည်ဖော်ခြင်းကို လက်ရှိအာဆီယံဥက္ကဋ္ဌ ကမ္ဘောဒီးယား၏ အထူးကိုယ်စားလှယ်နှင့် အပြုသဘော နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၌ ဒီမိုကရေစီ ပြန်လည်ဖော်ဆောင်ရေးအတွက် အစိုးရက ရှေ့လုပ်ငန်းစဉ်(၅)ရပ်ချမှတ်ကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်တိုင် ဦးဆောင်၍ ငြိမ်းချမ်းရေး ကြိုးပမ်းအားထုတ်မှုများ ဆောင်ရွက်နေခြင်းသည် သိသာထင်ရှားသည့် တိုးတက်မှုတစ်ရပ်ဖြစ်ပါသည်။ တစ်နိုင်ငံလုံးတွင် ထာဝရ ငြိမ်းချမ်းမှုရရှိရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် တိုင်းရင်းသားလက်နက်ကိုင်(၁၀)ဖွဲ့နှင့် တွေ့ဆုံခဲ့ပြီး ညှိနှိုင်းရေးကော်မတီသည်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေးကို လိုလားသည့် အခြားအဖွဲ့အစည်းများနှင့် (၇၅)ကြိမ် တွေ့ဆုံကာ တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရရှိရေးအတွက် ပွင့်လင်းစွာ ဆွေးနွေးလျက်ရှိပါသည်။

အစိုးရအနေဖြင့် ငြိမ်းချမ်းရေးရရှိရန်အတွက် အစွမ်းကုန်ကြိုးပမ်းနေသော်လည်း NUG နှင့် PDF များက အကြမ်းဖက်မှုများကို ဆက်လက်လုပ်ဆောင်နေပြီး ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူများစွာ သေဆုံးဒဏ်ရာရမှုများကိုလည်း အစိုးရမှ အချိန်နှင့်တစ်ပြေးညီ တရားဝင်သတင်းများ ထုတ်ပြန်အသိပေးခဲ့ပြီးဖြစ်သည်။

သို့ပါ၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပြင်ပနိုင်ငံများသည် မြန်မာနိုင်ငံကို ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိရေး ကူညီရန် အမှန်တကယ်ဆန္ဒရှိသည်ဆိုပါက အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG နှင့် PDF တို့နှင့် ထိတွေ့ဆက်ဆံရန် ပြောဆိုမှုများနှင့် အားပေးသည့်လုပ်ရပ်များကို ရှောင်ရှားသွားရမည်ဖြစ်သည်။

တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ရာတွင် သိသာထင်ရှားသည့် နောက်ထပ်ကိစ္စရပ်တစ်ခုမှာ AHA စင်တာမှတစ်ဆင့် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်နေခြင်းပင်ဖြစ်ပါသည်။ လူသားချင်းစာနာမှုအကူအညီများ လိုအပ်နေသူများထံသို့ မျှတမှုရှိပြီး ခွဲခြားဆက်ဆံမှုမရှိဘဲ ပေးပို့ဆောင်ရွက်ရာတွင် စေတနာ့ဝန်ထမ်းများ၏ ဘေးကင်းလုံခြုံမှုကို အထူးအလေးထား၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တူညီဆန္ဒ(၅)ရပ် အကောင်အထည်ဖော်မှု ပြန်လည်သုံးသပ်သည့်အခါတွင် မြန်မာနိုင်ငံက လက်တွေ့ဆောင်ရွက်နေသော ပကတိအခြေအနေများကို မှန်မှန်ကန်ကန် ထည့်သွင်းစဉ်းစားပြီး မျှတစွာသုံးသပ်ရန် လိုအပ်ပါသည်။ တစ်ဖက်သတ်သုံးသပ်ခြင်းမျိုး မဆောင်ရွက်သင့်ပါ။

(၅၅)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးဆိုင်ရာ ပူးတွဲထုတ်ပြန်ချက်တွင် အကြမ်းဖက်မှုနှင့် ရာဇဝတ်မှုကျူးလွန်သူ (၄)ဦးအား ပြစ်ဒဏ်ချမှတ်ခဲ့သည့်ကိစ္စအား စိုးရိမ်ကြောင်း ဖော်ပြခဲ့ခြင်းနှင့် မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် စင်ကာပူတို့မှ AICHR ကိုယ်စားလှယ်များက ဝေဖန်ပြစ်တင်သည့် ပူးတွဲထုတ်ပြန်ချက်တို့တွင် ယင်းပြစ်မှုကျူးလွန်သူများကို "နိုင်ငံရေးတက်ကြွသူများအဖြစ်" ဖော်ပြချက်သည် ပကတိအခြေအနေမှန်မဟုတ်ဘဲ မှန်ကန်မှုမရှိ လွဲမှားနေ၍ ကန့်ကွက်ပါသည်။

ရာဇဝတ်မှုကျူးလွန်သူ တရားခံ(၄)ဦးသည် ဒီမိုကရေစီတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများဖြစ်ခြင်းကြောင့် ၎င်းတို့အား သေဒဏ်အပြစ်ဒဏ် ချမှတ်ခံရခြင်းမဟုတ်ဘဲ နိုင်ငံတော်အတွင်း အပြစ်မဲ့ပြည်သူများအား ရက်စက်ပြီး လူမဆန်သည့် သတ်ဖြတ်ကျူးလွန်မှုများနှင့် အကြမ်းဖက်လုပ်ရပ်များကျူးလွန်ရာတွင် စီမံဆောင်ရွက်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ ကိုယ်တိုင်ပါဝင်ကျူးလွန်ခြင်းတို့ကြောင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ တရားဥပဒေအရ အရေးယူခဲ့ရကြောင်းကို အာဆီယံဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နိုင်ငံများထံ သက်သေအထောက်အထားများနှင့်တကွ ရှင်းလင်းသည့်စာများ မြန်မာနိုင်ငံက ပေးပို့ထားခဲ့သော်လည်း ယခုကဲ့သို့ "နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ" အဖြစ် ပူးတွဲထုတ်ပြန်ချက်တွင် သုံးနှုန်းဖော်ပြခြင်းသည် လျော်ကန်မှုမရှိပါ။

မြန်မာနိုင်ငံသည် မိမိတို့ချမှတ်ထားသော ဦးစားပေးရှေ့လုပ်ငန်းစဉ် (၅)ရပ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အာဆီယံနှင့်လည်း အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံ "မူ"များ၊ အလေ့အထများနှင့်အညီ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အာဆီယံတူညီဆန္ဒ(၅)ရပ်ကိုလည်း မြန်မာပိုင်၊ မြန်မာဦးဆောင်မှုဖြင့် လက်ရှိအာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်နှင့်အတူ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို မထိခိုက်စေဘဲ ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ရေရှည်ခိုင်မာသော အာဆီယံအဖွဲ့အစည်း ဖြစ်စေရန်အတွက် အာဆီယံပဋိညာဉ်စာတမ်းတွင်ပါရှိသည့် သာတူညီမျှရှိမှု၊ အားလုံးပါဝင်နိုင်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တစ်နိုင်ငံ၏ပြည်တွင်းရေးကို တစ်နိုင်ငံကဝင်ရောက်မစွက်ဖက်ရေးတို့ကို လေးစားလိုက်နာရေးစသည့် အခြေခံမူများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများကလည်း လိုက်နာပါမှသာလျှင် အာဆီယံ၏ အချက်အချာကျမှုနှင့် စုစည်းညီညွတ်မှုကို ထိန်းသိမ်းနိုင်မည်ဟု ယုံကြည်ပါသည်။

သို့ဖြစ်ပါ၍ (၅၅)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအပြီး ထုတ်ပြန်ခဲ့သည့် ကြေညာချက်ပါ မြန်မာနိုင်ငံရေးကိစ္စနှင့်ပတ်သက်သည့် စာပိုဒ်အပေါ် မြန်မာနိုင်ငံအနေဖြင့် လက်မခံ ပယ်ချပါကြောင်း ဖော်ပြအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၅ ရက်**

**မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်**

နေပြည်တော် ဩဂုတ် ၅

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မိုး/ဇလ

# ကွဲ၊ နွား မွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးရေးဆိုင်ရာဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၅**

ကွဲ၊ နွား မွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးရေးဆိုင်ရာ ဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပ သည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြား ရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မွေးမြူသူလုပ်ငန်းရှင် များ၊ မွေးမြူရေးကုန်သည်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်များမှ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ဆွေးနွေးကြသည်။



ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အစားအစာဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသော အသားထုတ်လုပ်မှု ဖွံ့ဖြိုးလာရေး၊ ပြည်တွင်းစားသုံးမှု ဖူလုံရေးနှင့် ပြည်ပတင်ပို့မှု တိုးတက်ရေးတို့အတွက် မွေးမြူထုတ်လုပ်ရောင်းချမှုဆိုင်ရာ မူဝါဒနှင့်အညီ ကွဲ၊ နွား ကုန်သွယ်မှုအကြံပေးအဖွဲ့နှင့် မွေးမြူ ထုတ်လုပ်ရောင်းချမှု ကြီးကြပ်ရေးအဖွဲ့တို့ကို ဖွဲ့စည်းထားရှိပြီး ကွဲ၊ နွား မွေးမြူထုတ်လုပ်မှုဖွံ့ဖြိုးရေး ကြိုးပမ်းလျက်ရှိကြောင်း၊ ယနေ့ ဆွေးနွေးပွဲတွင် မွေးမြူသူ၊ ကုန်သည်၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် ဦးစီးဌာနအကြား ကွဲ၊ နွား မွေးမြူထုတ်လုပ်ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားနည်းချက်၊ အားသာ ချက်များကိုအခြေခံ၍ ဝယ်ရောင်းစနစ်မှ မွေးမြူ ထုတ်လုပ်ရောင်းချသည့်စနစ် ကျင့်သုံးနိုင်ရေးအတွက် ဆွေးနွေးဖော်ထုတ်သွားကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက နွားမွေးမြူထုတ်လုပ်မှု မြင့်မားလာစေရေး ဆောင်ရွက် ရန်လိုအပ်ချက်များ၊ အစုအဖွဲ့ဖြင့် မွေးမြူထုတ်လုပ်မှု စနစ် ပေါ်ထွန်းလာစေရေး စီမံဆောင်ရွက်ရန်ကိစ္စရပ် များကိုလည်းကောင်း၊ ကန်ထရိုက်စနစ်၊ ကိုယ်တိုင်မွေး စနစ်တို့ဖြင့် မွေးမြူထုတ်လုပ်သော လုပ်ငန်းရှင်များ ပေါ်ထွန်းလာစေရေးအတွက် သက်ဆိုင်ရာကဏ္ဍများ အလိုက် ဆောင်ရွက်ရန် လုပ်ငန်းစဉ်များကို လည်းကောင်း၊ မွေးမြူထုတ်လုပ် ရောင်းချမှုဆိုင်ရာ တန်ဖိုးကွင်းဆက်တစ်လျှောက် ဟန်ချက်ညီညီ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ရေး နည်းလမ်းများကိုလည်းကောင်း ဆွေးနွေးကြသည်။

မြန်မာနိုင်ငံတွင် ကွဲ၊ နွားမွေးမြူရေးကို လယ်ယာ လုပ်ငန်းခွင်များ၌ အသုံးပြုရန် မိရိုးဖလာနည်းအရ တစ်ပိုင်တစ်နိုင် မွေးမြူခဲ့ကြပြီး ၂၀၁၉ ခုနှစ် စာရင်း အရ နိုင်ငံအတွင်း ကွဲ၊ နွားကောင်ရေ ၁၀ သန်းကျော် ရှိပြီး ကွဲကောင်ရေ နှစ်သန်းခန့်၊ ဒေသနွားကောင်ရေ ကိုးသန်းခန့်၊ နို့စားနွား ကောင်ရေ ငါးသောင်းကျော်၊ နွားနောက်ကောင်ရေ ငါးသောင်းကျော် မွေးမြူထားရှိ ကြောင်း၊ ရေမြေသဘာဝနှင့်ကိုက်ညီသည့် နွားမျိုးများ ရှိခြင်း၊ မွေးမြူမှုနည်းစနစ်များနှင့် အကျွမ်းတဝင်ရှိပြီး ဖြစ်ခြင်း၊ တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်သော စိုက်ပျိုးရေးထွက်ကုန်များရှိခြင်း၊ နိုင်ငံနှင့် အနီးဆုံး တွင် ကြီးမားသော ဈေးကွက်ကြီးများ ရှိနေခြင်းတို့ ကြောင့် နွားမွေးမြူရေးမှ အကျိုးအမြတ်များစွာရရှိနိုင် သဖြင့် ကွဲ၊ နွားအရှင် တင်ပို့ခြင်းသာမက ရေရှည်တွင် အေးခဲအသားနှင့် တန်ဖိုးမြင့်ကုန်ချောများ ထုတ်လုပ် တင်ပို့နိုင်ရေးကို မျှော်မှန်းဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။ **သတင်းစဉ်**

# ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၅**

သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမြင့်စိုးသည် ယမန်နေ့ နံနက်ပိုင်းက ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီး ဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်နေသော ခေတ်မီစံပြ ကျေးရွာလုပ်ငန်းများ၊ သမဝါယမ လုပ်ငန်းများ၊ အသေးစား စက်မှု လက်မှုလုပ်ငန်းများ၊ ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေး လုပ်ငန်းများ ပိုမိုအောင်မြင်စေရေး သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် အတူ ကွင်းဆင်းဆောင်ရွက်သည်။



ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မြစ်ကြီးနားမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး လုပ်ငန်းများ အောင်မြင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး ကာ လိုအပ်သည်များ ဖြည့်စွက် မှာကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ခေတ်မီစံပြကျေးရွာ စီမံကိန်း ဆောင်ရွက်နေသော မော်ဖောင်း(နယ်မြေ-၈) ကျေးရွာ သို့ရောက်ရှိကာ ဒေသခံပြည်သူ များနှင့် တွေ့ဆုံပြီး ဝန်ကြီးဌာန အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ခေတ်မီ စံပြကျေးရွာ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက် ပေးနေကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုကို အခြေခံ၍ခေတ်မီစံပြကျေးရွာများ ရွေးချယ်ကြောင်း၊ နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက် ပေးနေသော ခေတ်မီစံပြကျေးရွာ စီမံကိန်းများကို ဒေသခံပြည်သူ များကလည်း မိမိတို့ရပ်ရွာ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ပူးပေါင်း ပါဝင်ကာ အစိုးရနှင့် ပြည်သူ တက်ညီလက်ညီ ဆောင်ရွက် ပေးစေလိုကြောင်း ပြောကြား၍ ပြည်သူများ၏ ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များ တင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ သည်။ ဆက်လက်၍ အကောင် အထည်ဖော် ဆောင်ရွက်နေသော ခေတ်မီစံပြကျေးရွာ စီမံကိန်း လုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)နှင့် Cash For Work လုပ်ငန်းများကို ကြည့်ရှုစစ်ဆေး ကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်မည့် မော်ဖောင်း ကျေးရွာနှင့် ငါးအိုးကျေးရွာချင်း ဆက်လမ်းပေါ်ရှိ မော်ဖောင်း- ငါးအိုး တံတားသစ်ဆောက်လုပ်ရေး စီမံကိန်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မြစ်ကြီးနားမြို့ ဖြိုးဝေဝေ စက္ကူနှင့် စာအုပ်ထုတ်လုပ်ရေး သမဝါယမအသင်းသို့ ရောက်ရှိပြီး ထုတ်လုပ်ထားသည့် စက္ကူနှင့် စာအုပ်များကို ကြည့်ရှုစစ်ဆေး သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကျေးလက်လမ်းဖွံ့ဖြိုး ရေး ဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ် ငွေလုံး ငွေရင်းရန်ပုံငွေဖြင့် တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ကျေးရွာ နှစ်ရွာ၊ အိမ်ခြေ ၁၁၇၀ နှင့် လူဦးရေ ၇၀၂၆ ဦးအတွက် အကျိုးပြုမည့် အရှည် ၂ ဒသမ ၀၁ ကီလိုမီတာ၊ အကျယ် ၁၆ ပေ၊ ခုနစ်လက်မဒုရှိ မန်ခိန်- နောင်တောင်လမ်း ကွန်ကရစ်ခင်း ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေး ကာ ဒုတိယဝန်ကြီးက စီမံကိန်း လုပ်ငန်းများအား သတ်မှတ်ဘဏ္ဍာ နှစ်အတွင်း အရည်အသွေးပြည့်မီ စွာ အချိန်မီပြီးစီးရေး မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# ခနုဖြူမြို့နယ်၌ ငါးသယံဇာတတိုးပွားရေးအတွက် သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

**ခနုဖြူ ဩဂုတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ခနုဖြူ မြို့နယ်တွင် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ငါးသယံဇာတများ ရေရှည်တည်တံ့စေရေး နှင့် ကျေးလက်နေပြည်သူများ၏ အလုပ် အကိုင်အခွင့်အလမ်း တိုးတက်စေရေး အတွက် သဘာဝရေပြင်အတွင်း ငါးမျိုး စိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အကျော်ကျေးရွာရှိ အကျော်ချောင်း၌ ကျင်းပသည်။




အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုတင့်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးအောင်ချိုဦး၊ အဖွဲ့ဝင်(၂) ဦးစိန်မောင်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းအောင်၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးဆန်းဝင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနမှ မြို့နယ်ဦးစီးမှူးတို့က ရေလုပ်သား များအား ငါးမျိုးများ ပေးအပ်ခဲ့ပြီး ငါးမြစ်ချင်း ငါးသားပေါက် ကောင်ရေ ၄၀၀၀၀၀၊ ငါးခုံးမကြီး ငါးသားပေါက် ကောင်ရေ ၂၀၀၀၀၀၊ ရွှေဝါငါးကြင်း ငါးသားပေါက် ကောင်ရေ ၁၀၀၀၀၀ စုစုပေါင်း ငါးသားပေါက် ကောင်ရေ ၇၀၀၀၀၀ ကို အကျော်ချောင်း သဘာဝ ရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ထားဝယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန GIS သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**ထားဝယ် ဩဂုတ် ၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကကြီးမှူး၍ ဝန်ထမ်းစွမ်းဆောင်ရည်သင်တန်းဖြစ်သော GIS သင်တန်း ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ထားဝယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ခရိုင်ဦးစီးမှူး ဦးအောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး တစ်ဆက်တည်း သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းဖွင့်လှစ်ပေးခြင်းဖြင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အတွင်းရှိ ကျေးရွာများ၏ တည်နေရာပြမြေပုံရေးဆွဲပြီး လုပ်ငန်းများတည်နေရာပြ၍ ဆောင်ရွက် နိုင်မည်ဖြစ်ရာ ကျေးလက်ဒေသ အလုပ်အကိုင်အခွင့်အလမ်းများကို ပိုမိုမြင့်တင် ဆောင်ရွက်နိုင်မှာဖြစ်ပြီး ဝန်ထမ်းများ၏ စွမ်းဆောင်ရည်တိုးတက်လာမည်ဖြစ်သည်။ သင်တန်းကို ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်း ဖြစ်သည်။

# ရေဘေးသင့်ကျောင်းသား ကျောင်းသူများကို ကျောင်းသုံးပုံနှိပ်၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကျင်းပ



နေပြည်တော် ဩဂုတ် ၅

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရေဘေးသင့်ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြင်ဦးလွင်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရောဝတီခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များ ပြည့်စုံအောင် အတတ်နိုင်ဆုံး ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆရာ ဆရာမများအနေဖြင့် မိမိပြည်နယ်၊ မိမိဒေသတွင်ရှိသည့် မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများကို ပညာတတ် လူတော်လူကောင်းများ ဖြစ်ရန် မိမိတို့ကိုယ်တိုင် စေတနာ၊ ဝါသနာ၊ အနစ်နာဖြင့် အားစိုက်ပြီး ပြုစုပျိုးထောင် သင်ကြားပေးကြစေလိုကြောင်း၊ ပညာတတ်များပေါ်များမှသာ နိုင်ငံအဆင့် တိုးတက် မြင့်မားလာမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ အရည်အသွေး တိုးတက်ရေးအတွက် အမြဲလေ့လာ ဆည်းပူးနေကြရမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ အနေဖြင့် ကျောင်းစာများကို အလေးထားပြီး ကြိုးစားသင်ယူကြကာ ယဉ်ကျေးလိမ္မာသော ကျောင်းသား ကျောင်းသူများ ဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြင်ဦးလွင်မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းနွဲ့က ပြင်ဦးလွင်မြို့ ရေကြီးမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဇော်ဝင်းနှင့် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်တို့က ရေဘေးသင့် ကျောင်းသား ကျောင်းသူများကို ကျောင်းသုံးပုံနှိပ်၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ကြရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် အခြေခံပညာအထက်တန်း ကျောင်းခွဲ (အလက-၁)၊ အခြေခံပညာ အထက်တန်းကျောင်း (ဆင်လမ်း) နှင့် အခြေခံပညာ အလယ်တန်းကျောင်း (ပွေးတောင်) တို့သို့ သွားရောက်ခဲ့ပြီး ရေဘေးသင့်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အသိပေးကြေညာချက်

ပြည်တွင်း၊ ပြည်ပကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ရွှေနှင့် ငွေကြေးဈေးကွက်တည်ငြိမ်မှုသည် များစွာအရေးပါသည့်အတွက် ပြည်တွင်းရွှေနှင့် ငွေကြေးဈေးနှုန်းများ တည်ငြိမ်မှုရှိအောင် ထိန်းကျောင်းကြပ်မတ်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် **ရွှေနှင့်ငွေကြေးဈေးကွက်စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ**ကို ဖွဲ့စည်းခဲ့ပါသည်။ လုပ်ငန်းကော်မတီသည် ပြည်တွင်းငွေကြေးဈေးနှုန်းများ တည်ငြိမ်မှုရှိအောင် ထိန်းကျောင်းကြပ်မတ်ရာတွင် အထောက်အကူဖြစ်စေရန် တိုင်ကြားစာစိစစ်ရေးအဖွဲ့အား ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်၍ ငွေကြေးဈေးကွက်တည်ငြိမ်မှုကို ထိခိုက်စေနိုင်သော ဆောင်ရွက်မှုများဖြစ်သည့် နိုင်ငံခြားငွေကြေးများအား တရားမဝင်ကိုင်ဆောင်ခြင်း၊ ဥပဒေမဲ့အရောင်းအဝယ်ပြုလုပ်ခြင်း၊ ဈေးကစားခြင်းပြုလုပ်သူများ၊ အိမ်ခြံမြေနှင့် မော်တော်ယာဉ်ကဲ့သို့ အခြေပစ္စည်းများအား ရောင်းဝယ်ပြီး ပိုင်ဆိုင်မှုလွှဲပြောင်းရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေပေးချေမှုကန့်သတ်ချက်များအတိုင်း လိုက်နာမှုမရှိသူများ၊ ဘဏ်များတွင်အပ်နှံထားသည့် ငွေသားထုတ်ယူရာ၌ ရာခိုင်နှုန်းယူ၍ ငွေသားထုတ်ပေးခြင်း၊ ဘဏ်ပြင်ပတွင် ငွေသားလက်ဝယ်ထိန်းသိမ်းထားသူများက ဘဏ်အကောင့်တွင် အပ်နှံထားသည့် ကျပ်ငွေများကို ရာခိုင်နှုန်းယူ၍ ငွေသားဖြင့်လဲလှယ်ထုတ်ပေးခြင်းတွင် ပါဝင်ပတ်သက်သူများကို သိရှိပါက **ရွှေနှင့်ငွေကြေးဈေးကွက်စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ**၏ တိုင်ကြားစာစိစစ်ရေးအဖွဲ့ တယ်လီဖုန်းနံပါတ် ၀၆၇-၃၄၀၉၄၆၃၊ လက်ကိုင်ဖုန်းနံပါတ် ၀၉-၄၃၀၀၆၈၃၃ နှင့် Email လိပ်စာ gmm.complaint@cbm.gov.mm သို့ လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရွှေနှင့် ငွေကြေးဈေးကွက်စောင့်ကြည့်၊**
**ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ**

# အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ်(၈)၏ သင်တန်းဆင်းအခမ်းအနားကျင်းပ





ရန်ကုန် ဩဂုတ် ၅

ပြည်ထောင်စုရာထူးဝန်အဖွဲ့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ဖွင့်လှစ်ခဲ့သည့် အရာထမ်းလောင်း အခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ်(၈)၏ သင်တန်းဆင်းစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် တက္ကသိုလ်စစ်ရေးပြကွင်း(၁)၌ ကျင်းပသည်။

သင်တန်းသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) မှ ပါမောက္ခချုပ် ဦးဇော်ဇော်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ တက္ကသိုလ်သင်ကြားရေး/ စီမံဌာနများမှ ပါမောက္ခ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်အလံအား အလေးပြုခြင်း၊ တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်အား သင်တန်းဆင်းတပ်ခွဲက အလေးပြုခြင်းများ ဆောင်ရွက်ပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ခြင်းနှင့် အောင်လက်မှတ်ပေးအပ်ခြင်းတို့ကို ဆောင်ရွက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်က ယခုသင်တန်းသည် ဘွဲ့ရလူငယ်များအား ပြန်တမ်းဝင်အရာရှိများအဖြစ် တာဝန်များကို ထမ်းဆောင်နိုင်စေရန်၊ ပင်ကိုစွမ်းရည်ရှိသူများကို ပိုမိုထက်မြက်တော်တည့်မှန်ကန်သည့် ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရန် အခြေခံကျသည့် ဘာသာရပ်များကို သင်ကြားလေ့ကျင့်ပေးသည့် သင်တန်းဖြစ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းရည်မြင့်မားသည့် ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရန် အလေးထားမျှော်မှန်းပြီး နိုင်ငံတော်က ဖွင့်လှစ်ပေးသည့် သင်တန်းလည်း ဖြစ်ကြောင်း။

တက္ကသိုလ်က သင်ကြားပေးလိုက်သည့် ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှု၊ ဝန်ထမ်းများလိုက်နာရမည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းခွင်တွင် တိုက်ရိုက်အသုံးချရမည့် ရုံးလုပ်ငန်းဆိုင်ရာ ဘာသာရပ်၊ အင်္ဂလိပ်စာ၊ ICT ဘာသာရပ်များသည် အခြေခံကောင်းများဖြစ်၍ ဆက်လက်ဆည်းပူးလေ့လာသွားကြရန်လိုကြောင်း။

အခြေခံစစ်ပညာသည် စည်းကမ်းကောင်းမွန်ခြင်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်တတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်တတ်ခြင်း၊ စည်းလုံးညီညွတ်မှုရှိခြင်း၊ အဆင့်ဆင့်ကွပ်ကဲဆောင်ရွက်တတ်ခြင်း၊ မိမိကိုယ်ကိုယုံကြည်မှုရှိခြင်း၊ အချိန်ကိုစီမံခန့်ခွဲလုပ်ဆောင်နိုင်ခြင်း၊ အဖွဲ့အစည်းစိတ်ဓာတ် ရှင်သန်ထက်မြက်စေခြင်းစသည့် အလေ့အကျင့်ကောင်းများ ရရှိစေမည်ဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်သည့်အချိန်တွင် အထောက်အကူဖြစ်အောင် လေ့ကျင့်ပေးခဲ့ခြင်းဖြစ်ကြောင်း။

လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားကြရန်နှင့် ပြည်သူမှယုံကြည်လေးစားအားထားရသည့် အရာရှိကောင်းများဖြစ်အောင် ကျင့်ကြံအားထုတ်သွားကြရန်လိုကြောင်း မှာကြားသည်။

အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ်(၈)သို့ သင်တန်းသား ၁၁၁ ဦး၊ သင်တန်းသူ ၂၂၃ ဦး စုစုပေါင်း ၃၃၄ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဧပြီ ၂၀ ရက်မှ ဩဂုတ် ၅ ရက်အထိ ရက်သတ္တ ၁၆ပတ်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။**သတင်းစဉ်**

# ညောင်လေးပင်မြို့၌ အာဟာရဖွံ့ဖြိုးမှုရက်သတ္တပတ်လှုပ်ရှားမှုများဆောင်ရွက်



ညောင်လေးပင် ဩဂုတ် ၅

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ယနေ့နံနက် ၉ နာရီတွင် အာဟာရဖွံ့ဖြိုးမှုရက်သတ္တပတ်လှုပ်ရှားမှုအနေဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက နို့တိုက်မိခင်များအား မိခင်နို့စနစ်တကျတိုက်ကျွေးရေးပညာပေးဟောပြောခြင်းပြုလုပ်ခဲ့သည်။

အာဟာရဖွံ့ဖြိုးမှု ရက်သတ္တပတ်လှုပ်ရှားမှုများ ဆောင်ရွက်ရာတွင် ပထမပတ်တွင် မိခင်နို့တိုက်ကျွေးရေး၊ ဒုတိယပတ်တွင် ငါးနှစ်အောက်ကလေးများ အာဟာရဖွံ့ဖြိုးရေး၊ တတိယပတ်တွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး၊ စတုတ္ထပတ်တွင် အိုင်အိုဒင်းဓာတ်ချို့တဲ့မှုကြောင့် ဖြစ်ပွားသောရောဂါများ ပပျောက်ရေးနှင့် အစာတွင် အဏုအာဟာရဖြည့်စွက်ရေး စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာအသင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်လွင်(ညောင်လေးပင်)**

# ကိုယ်ကျိုးစီးပွားပြိုင်ဆိုင်မှုတွေ တုံ့ပြန်နိုင်ဖို့ဆိုရင် ...

မျိုးငြိမ်းငယ်

လတ်တလော ကမ္ဘာ့နိုင်ငံရေးမှာ အမေရိကန် အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပလိုစီ ထိုင်ဝမ်ကို သွားရောက်ခဲ့တာကြောင့် တရုတ်နိုင်ငံနဲ့ အမေရိကန် နိုင်ငံအကြား ဖြစ်လာတဲ့တင်းမာမှုတွေအပေါ် အားလုံးက စိုးရိမ်တကြီး စောင့်ကြည့်နေကြပါတယ်။




အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပလိုစီနှင့်အဖွဲ့ ထိုင်ဝမ်သို့ ဩဂုတ် ၂ ရက်က ရောက်ရှိကြစဉ်။

အမေရိကန် အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပလိုစီနဲ့ လွှတ်တော်အမတ်ခြောက်ဦးပါတဲ့ ကိုယ်စားလှယ်အဖွဲ့ဟာ အာရှခရီးစဉ်အဖြစ် စင်ကာပူ၊ မလေးရှား၊ တောင်ကိုရီးယားနဲ့ ဂျပန်နိုင်ငံတို့ကို သွားရောက်ခဲ့ပါတယ်။ အဲဒီခရီးစဉ်အစမှာ ထိုင်ဝမ်ကို နန်စီပလိုစီ သွားမယ်/ မသွားဘူး မဖော်ပြခဲ့ပါဘူး။ ဒါပေမယ့် နန်စီပလိုစီအနေနဲ့ ထိုင်ဝမ်ကို သွားရောက်နိုင်တယ်လို့ သတင်းတွေ ကျယ်ကျယ်ပြန့်ပြန့်ထွက်ပေါ်ခဲ့ပြီး တရုတ်နိုင်ငံကလည်း ခရီးစဉ်ကိုစောင့်ကြည့်နေခဲ့ပါတယ်။ နန်စီပလိုစီနဲ့ ကိုယ်စားလှယ်အဖွဲ့ဟာ မလေးရှားနိုင်ငံ ခရီးစဉ်ပြီးမှ ထိုင်ဝမ်ကို ဩဂုတ်လ ၂ ရက်နေ့က သွားရောက်ခဲ့ပါတယ်။

## ကြေညာချက်ထုတ်ပြန်

နန်စီပလိုစီ ထိုင်ဝမ်ကို ရောက်ပြီးတာနဲ့ ချက်ချင်းဆိုသလိုပဲ တရုတ်နိုင်ငံက အပြင်းအထန် ကန့်ကွက်တဲ့ ကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။ နန်စီပလိုစီရဲ့လုပ်ရပ်ကို ပြတ်ပြတ်သားသား ဆန့်ကျင်ရှုတ်ချကြောင်း၊ ကမ္ဘာပေါ်မှာ တရုတ်တစ်နိုင်ငံတည်းသာရှိပြီး ထိုင်ဝမ်ဟာ တရုတ်နိုင်ငံရဲ့ ခွဲမထွက်နိုင်တဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ တရုတ်အစိုးရဟာ တရုတ်နိုင်ငံတစ်ခုလုံးကို ကိုယ်စားပြုတဲ့ တစ်ခုတည်းသော တရားဝင်အစိုးရဖြစ်ကြောင်း ဖော်ပြထားပါတယ်။

နန်စီပလိုစီရဲ့ခရီးစဉ်ဟာ ၁၉၉၇ ခုနှစ်နောက်ပိုင်း ထိုင်ဝမ်ကိုလာတဲ့ အမေရိကန်ရဲ့ အဆင့်အမြင့်ဆုံး ကိုယ်စားလှယ်အဖွဲ့ခရီးစဉ်ပါ။ တရုတ်နိုင်ငံက ဒီလိုခရီးစဉ်ဖြစ်လာနိုင်တာကို မျှော်လင့်ထားပြီး ယခင်ကတည်းက အမြဲပဲကန့်ကွက်ခဲ့ပါတယ်။ ထိုင်ဝမ်အရေးကြောင့် တရုတ်နဲ့အမေရိကန်အကြား ပွတ်တိုက်မှုတွေဖြစ်ကြတာ အခုမှမဟုတ်ပါဘူး။ ခဏခဏဆိုသလိုပါပဲ။ ထိုင်ဝမ်ဟာ တရုတ်ပြည်ကနေ ခွဲထွက်နေတဲ့ ပြည်နယ်တစ်ခုအဖြစ် တရုတ်နိုင်ငံက သတ်မှတ်ထားပါတယ်။ ဒုတိယကမ္ဘာစစ်အပြီးနောက်ပိုင်းမှာ ဖြစ်ပွားတဲ့ ပြည်တွင်းစစ်မှာ ထိုင်ဝမ်က တရုတ်ပြည်ကနေ ခွဲထွက်သွားခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ထိုင်ဝမ်ဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတဲ့ကျွန်းဖြစ်ပေမယ့် တရုတ်ပြည်မကြီးနဲ့ကင်းကွာနေတဲ့ ပြည်နယ်တစ်ခုအဖြစ် တရုတ်က သတ်မှတ်ထားပါတယ်။

၂၀၀၀ ပြည့်နှစ်မှာ ထိုင်ဝမ်မှာ ချန်ရှွီဗြိန်း သမ္မတဖြစ်လာတဲ့အချိန်မှာ ထိုင်ဝမ်လွတ်လပ်ရေးကို ထောက်ခံတဲ့အပြင် ၂၀၀၄ ခုနှစ်မှာ ထပ်ပြီးအနိုင်ရခဲ့ပါတယ်။ ချန်ရှွီဗြိန်း ထပ်မံအရွေးချယ်ခံရတဲ့အခါ တရုတ်နိုင်ငံအနေနဲ့ စိုးရိမ်မှုမြင့်တက်လာပြီး ၂၀၀၅ ခုနှစ်မှာ ခွဲမထွက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီဥပဒေအရ ထိုင်ဝမ်အနေနဲ့တရုတ်ပြည်မကြီးကနေခွဲထွက်ရင် ငြိမ်းချမ်းရေးနည်းလမ်းမဟုတ်တဲ့ နည်းတွေအသုံးပြုပြီး တားဆီးခွင့်ရှိတယ်လို့ ပြဋ္ဌာန်းခဲ့ပါတယ်။

## တရုတ်နိုင်ငံအတွက် အရေးပါ

ဒီသမိုင်းကြောင်းကိုကြည့်ရင် တရုတ်ပြည်နဲ့ ထိုင်ဝမ်အကြား နောက်ခံအခြေအနေကို တွေ့မြင်နိုင်ပါတယ်။ သမိုင်းကြောင်းအရ ထိုင်ဝမ်ဟာ တရုတ်ပြည်မကြီးရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ခဲ့ပြီး တရုတ်ပြည်မကြီးနဲ့လည်း မိုင် ၁၀၀ ခန့်ပဲဝေးတဲ့ ကျွန်းတစ်ကျွန်းဖြစ်တာကြောင့် တရုတ်နိုင်ငံအတွက် အရေးပါတဲ့ နယ်မြေတစ်ခုဖြစ်ပါတယ်။ တရုတ်နိုင်ငံအတွက် ထိုင်ဝမ်ဟာ အချုပ်အခြာအာဏာ ပိုင်ဆိုင်တဲ့ နယ်မြေကိစ္စဖြစ်သလို လုံခြုံရေးနဲ့စီးပွားရေးအရလည်း အရေးပါပါတယ်။ ဒီအတွက် တရုတ်ပြည်မကြီးနဲ့ ထိုင်ဝမ်ပေါင်းစည်းဖို့အတွက် တရုတ်နိုင်ငံက အမြဲကြိုးပမ်းနေတာ ဖြစ်ပါတယ်။ တရုတ်နိုင်ငံတော် အမိမြေကြီး အပြည့်အဝပြန်လည်ပေါင်းစည်းရေး သမိုင်းပေးတာဝန်က မဖြစ်မနေ ဖြည့်ဆည်းလာနိုင်ဖို့ သေချာတဲ့ကိစ္စတစ်ခုလည်း ဖြစ်တယ်လို့ ရှီက ပြောကြားထားပါတယ်။

အမေရိကန်အနေနဲ့က ထိုင်ဝမ်နဲ့ တရားဝင်ဆက်ဆံရေးပုံစံမရှိပေမယ့် တရားဝင်မဟုတ်တဲ့ ဆက်ဆံရေးတွေရှိနေပါတယ်။ ထိုင်ဝမ်အနေနဲ့ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့အတွက် အမေရိကန်က ကူညီရမယ်ဆိုပြီး ပြဋ္ဌာန်းထားတဲ့ ထိုင်ဝမ်ဆက်ဆံရေးအက်ဥပဒေရဲ့ တစ်စိတ်တစ်ပိုင်းအရ အမေရိကန်က ထိုင်ဝမ်ကို စစ်လက်နက်ပစ္စည်းတွေ ရောင်းချနေပါတယ်။ ဒီလိုအခြေအနေမှာ ထိုင်ဝမ်ကို အမေရိကန်က ကိုယ်စားလှယ်တွေ စေလွှတ်နေတာ၊ လက်နက်တွေရောင်းချတာနဲ့ စီးပွားရေးဆိုင်ရာတွေမှာ ထိုင်ဝမ်ကို သွယ်ဝိုက်တဲ့နည်းနဲ့ အသိအမှတ်ပြုတဲ့ပုံစံတွေကို တရုတ်နိုင်ငံက ပြင်းပြင်းထန်ထန် ကန့်ကွက်နေခဲ့တာပဲဖြစ်ပါတယ်။ အဲဒီလို တရုတ်နိုင်ငံအတွက် အရေးကြီးတဲ့ထိုင်ဝမ်ကို အမေရိကန်နိုင်ငံရဲ့ တတိယရာထူး အမြင့်ဆုံးဖြစ်တဲ့ အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပလိုစီ သွားရောက်တဲ့ လုပ်ရပ်ဟာ သာမန်ဆက်ဆံရေးရုပ်ပြ ခရီးစဉ်ဆိုတာထက် နောက်ကွယ်က ရည်ရွယ်ချက်တွေရှိနေမှာပါ။

အခု ထိုင်ဝမ်ကိစ္စမတိုင်မီလေးက ဖြစ်ခဲ့တဲ့ ရုရှား-ယူကရိန်းပဋိပက္ခမှာလည်း ယူကရိန်းနိုင်ငံ နေတိုးအဖွဲ့ထဲပါဝင်ဖို့ ကြိုးပမ်းတာ၊ ယူကရိန်းကို အနောက်အုပ်စု လွှမ်းမိုးလာတာကြောင့် ရုရှားနိုင်ငံက ယူကရိန်းကို တိုက်ခိုက်နေတာ ဒီကနေ့အထိ မပြီးသေးပါဘူး။ အနောက်အုပ်စုက ရုရှားနဲ့ နယ်နိမိတ်ချင်းကပ်လျက် ယူကရိန်းနိုင်ငံရဲ့ နိုင်ငံရေးကို နောက်ကွယ်ကနေ ပံ့ပိုးကူညီနေပါတယ်။ ယူကရိန်းနိုင်ငံသာ နေတိုးအဖွဲ့ဝင် ဖြစ်သွားရင် ရုရှားနိုင်ငံအပေါ် တိုက်ရိုက်ခြိမ်းခြောက်လိုက်သလိုပါပဲ။ ဒါကြောင့် ယူကရိန်းကို နေတိုးအဖွဲ့ဝင်အဖြစ် ဝင်ခွင့်မပြုဖို့ ရုရှားက တောင်းဆိုပေမယ့် မအောင်မြင်ခဲ့ပါဘူး။ သံတမန်ရေးကြိုးပမ်းမှုတွေ မအောင်မြင်တဲ့အဆုံး ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလထဲမှာ ယူကရိန်းကို ရုရှားတို့ ဝင်ရောက်တိုက်ခိုက်ခဲ့ပါတယ်။

## ကမ္ဘာ့စီးပွားရေးကို ထိခိုက်နေ

ဒီဖြစ်စဉ်ကိုကြည့်ရင် ယူကရိန်းကို ဝင်ရောက်တိုက်ခိုက်တဲ့ ရုရှားနဲ့ ရုရှားကိုထိန်းချုပ်ဖို့ နောက်ကွယ်ကနေ ယူကရိန်းကို ကြားခံအသုံးချနေတဲ့ အနောက်အုပ်စုအကြား ဘယ်သူက ကိုယ်ကျိုးစီးပွားလုပ်ဆောင်နေတာလဲဆိုတာ ဆန်းစစ်ကြရမှာပါ။ ဒါ့အပြင် ရုရှား-ယူကရိန်းပဋိပက္ခကြောင့် ဖြစ်လာတဲ့ ဂယက်တွေကြောင့် ကမ္ဘာ့စီးပွားရေးကို ထိခိုက်နေပါတယ်။ ယူကရိန်းနိုင်ငံဟာလည်း စစ်ကြောင့် ထိခိုက်ဆုံးရှုံးမှုတွေ ခံစားနေရဆဲ ဖြစ်ပါတယ်။ အနောက်အုပ်စုကတော့ စစ်ပွဲထဲကို တိုက်ရိုက်ဝင်မပါဘဲ ငွေကြေးနဲ့စစ်လက်နက်ပစ္စည်းတွေပဲ ထောက်ပံ့နေပါတယ်။ ယူကရိန်းကို ကြားခံစစ်အဖြစ် အသုံးချနေတာလို့ ဆိုရမှာပါ။

ရုရှားက သူနဲ့နယ်နိမိတ်ချင်းကပ်လျက် ယူကရိန်းနိုင်ငံကို အနောက်အုပ်စုက လွှမ်းမိုးပြီး သူ့နိုင်ငံအပေါ် တိုက်ရိုက်ခြိမ်းခြောက်တာကို လက်မခံသလိုပဲ အမေရိကန်နိုင်ငံကလည်း လက်မခံပါဘူး။ ၁၉၆၂ ခုနှစ်က အမေရိကန်နိုင်ငံ ဖလော်ရီဒါနဲ့ မိုင် ၉၀ သာကွာဝေးတဲ့ ကျူးဘားနိုင်ငံမှာ ရုရှားဒုံးပျံတွေတပ်ဖြန့်လို့ ရုရှားနဲ့အမေရိကန်အကြား ကျူးဘားအရေးအခင်း ဖြစ်ခဲ့ပါတယ်။ အမေရိကန်နိုင်ငံက သူနဲ့နီးစပ်နေတဲ့ နိုင်ငံမှာ ရုရှားရဲ့ ဒုံးကျည်တွေ တပ်ဖြန့်ချထားတာကို လုံးဝလက်မခံပါဘူး။ စစ်ပွဲမဖြစ်ရုံတမယ်ပါပဲ။ အဲဒီ အရေးအခင်းဟာ ၁၃ ရက်သာ ကြာခဲ့ပေမယ့် ကမ္ဘာ့အင်အားကြီးနှစ်နိုင်ငံအကြား ပြင်းပြင်းထန်ထန် ထိပ်တိုက်တွေ့ဆုံမှုဖြစ်ခဲ့ပါတယ်။

အဲဒီဖြစ်စဉ်တွေကိုကြည့်ရင် ကမ္ဘာ့အင်အားကြီးနိုင်ငံတွေဟာ ပြိုင်ဘက်နိုင်ငံတွေကို လွှမ်းမိုးဖို့အတွက် နိုင်ငံရေး၊စီးပွားရေးနဲ့ စစ်ရေးနည်းလမ်းတွေကို သိသိသာသာရော၊ မသိမသာရော အသုံးပြုကြပါတယ်။ အဲဒီနည်းလမ်းတွေထဲမှာ ပြိုင်ဘက်နိုင်ငံကို ခြိမ်းခြောက်ဖို့၊ ပိတ်ဆို့ဖို့အတွက် ပြိုင်ဘက်နိုင်ငံနဲ့ နယ်နိမိတ်ချင်းကပ်လျက် နိုင်ငံငယ်တွေကို ယနေ့တိုင်အသုံးချနေတာ တွေ့ရပါတယ်။

## အကြိမ်ကြိမ် သတိပေးထား

ထိုင်ဝမ်ကိစ္စမှာလည်း အလားတူပါပဲ။ ထိုင်ဝမ်ကိစ္စမှာဆိုရင် လိုအပ်ရင်အင်အားသုံးမယ်လို့ တရုတ်နိုင်ငံက အကြိမ်ကြိမ် သတိပေးထားပေမယ့် အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပလိုစီက သွားရောက်မယ့်ခရီးစဉ် မဖော်ပြဘဲ ထိုင်ဝမ်ကို သွားရောက်ခဲ့ပါတယ်။ နန်စီပလိုစီရဲ့ ထိုင်ဝမ်ခရီးစဉ်ဟာ ကောင်းတဲ့ခရီးစဉ်မဟုတ်ဘူးလို့ အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ပြောတယ်ဆိုပေမယ့် ဒီခရီးစဉ်ဟာ နန်စီပလိုစီ တစ်ဦးတည်းရဲ့ သဘောထားနဲ့လုပ်ဆောင်မှုလို့ သတ်မှတ်လို့မရပါဘူး။

တရုတ်က ထိုင်ဝမ်ကိုကျူးကျော်ရင် အမေရိကန်က ထိုင်ဝမ်ကို ကူညီဖို့ ဝင်စွက်ဖက်နိုင်တယ်လို့ သမ္မတဂျိုးဘိုင်ဒင် ကိုယ်တိုင်က ပြောခဲ့ဖူးပါတယ်။ တစ်ဖက်မှာ ထိုင်ဝမ်နဲ့ ပတ်သက်တဲ့ အမေရိကန်နိုင်ငံရဲ့ မူဝါဒအပြောင်းအလဲမရှိတဲ့အကြောင်းပြောပေမယ့် လက်တွေ့မှာတော့ မကိုက်ညီပါဘူး။ နန်စီပလိုစီက ထိုင်ဝမ်သမ္မတနဲ့ တွေ့ဆုံရာမှာ ထိုင်ဝမ်ကို ပစ်ထားမှာမဟုတ်ဘူးဆိုတဲ့ ကတိကဝတ်ကို ရှင်းရှင်းလင်းလင်း ပြသတာဖြစ်ကြောင်းနဲ့ ခိုင်မာတဲ့ ချစ်ကြည်ရင်းနှီးမှုကိုလည်း ဂုဏ်ယူကြောင်း၊ အခုအချိန်မှာ အမေရိကန်ပြည်ထောင်စုက ထိုင်ဝမ်နဲ့တစ်သားတည်းရှိမှုဟာ အရေးကြီးကြောင်း ပြောဆိုခဲ့ပါတယ်။ တစ်နည်းအားဖြင့် နန်စီပလိုစီရဲ့ စကားဟာ အမေရိကန်ရဲ့သဘောထား မက်ဆေ့ပဲ ဖြစ်ပါတယ်။

ထိုင်ဝမ်ခရီးစဉ်ဟာ အမေရိကန်ရဲ့ ရည်ရွယ်ချက်ရှိတဲ့ ခရီးလို့လည်း ဆိုနိုင်ပါတယ်။ တရုတ်နိုင်ငံရဲ့ စီးပွားရေးနဲ့ စစ်ရေးအင်အားတွေ အမေရိကန်နဲ့ ပခုံးချင်းယှဉ်လာတာနဲ့အတူ အမေရိကန်ဘက်က တရုတ်နိုင်ငံကို ထိန်းချုပ်ဖို့လုပ်လာတာကြောင့် ကြားခံထိုင်ဝမ်ကိစ္စဟာ အရှိန်ပိုပြီးမြင့်တက်လာနေပါတယ်။ ဒါကြောင့်လည်း ထိုင်ဝမ်နဲ့ပတ်သက်လို့ အမေရိကန်ရဲ့ကတိကဝတ်တွေရှိပေမယ့် လက်တွေ့မှာ ထိုင်ဝမ်နဲ့ဆက်ဆံရေးတွေကို အဆက်မပြတ်မြှင့်တင်နေတဲ့အပြင် ဆန့်ကျင်ဘက်အင်အားစုတွေကို ထောက်ခံပေးပြီး တရုတ်ကို ထိန်းချုပ်ဖို့ ထိုင်ဝမ်ကိုအသုံးချနေတာလို့ တရုတ်က ဆိုပါတယ်။

> ❝အင်အားကြီးနိုင်ငံတွေရဲ့ အင်အားပြိုင်ဆိုင်မှုမှာ အသုံးချခံမဖြစ်ဖို့ဆိုရာမှာ မိမိတို့ကိုယ်တိုင်ရဲ့ အခြေအနေ၊ သဘောထားနဲ့ ရွေးချယ်မှုတွေနဲ့ သက်ဆိုင်ပါတယ်။ မြန်မာနိုင်ငံလို နိုင်ငံရေးပဋိပက္ခတွေနဲ့ ရုန်းကန်နေရတဲ့ နိုင်ငံအတွက်ဆို ပိုပြီးသတိပြုကြရမှာပါ။ ကမ္ဘာ့နိုင်ငံတိုင်းဟာ ဒီမိုကရေစီတွေ၊ လူ့အခွင့်အရေးတွေ ဟစ်ကြွေးနေကြပေမယ့် ကိုယ့်နိုင်ငံရဲ့ အကျိုးစီးပွားနဲ့ယှဉ်လာရင် ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေက အသုံးချခံ ဖြစ်သွားကြပါတယ်။ ဒီလိုပြောလို့ ဒီမိုကရေစီနဲ့လူ့အခွင့်အရေးကို မကောင်းတဲ့သဘောလို့ မဆိုလိုပါဘူး။ ဒီမိုကရေစီစနစ်ဟာ ကမ္ဘာမှာ အကောင်းဆုံးအုပ်ချုပ်ရေးစနစ်တစ်ခုဖြစ်ပါတယ်။ လူ့အခွင့်အရေးဆိုတာကလည်း လူသားတစ်ယောက်ရဲ့အခြေခံရပိုင်ခွင့်တွေဖြစ်လို့ လိုအပ်ပါတယ်။❞

စာမျက်နှာ ၇ သို့ ❍

# ရန်ကုန်တိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများ၊ အောင်ချက်အကောင်းဆုံးကျောင်းများနှင့် မြို့နယ်များအား ဂုဏ်ပြုချီးမြှင့်

**ရန်ကုန် ဩဂုတ် ၅**

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးကျောင်းများနှင့် မြို့နယ်များအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမတွင် ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားပြီး သိပ္ပံဘာသာတွဲ၊ ဝိဇ္ဇာဘာသာတွဲ၊ ဝိပ္ပံဘာသာတွဲများ၌ အမှတ်အများဆုံးရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ကိုးဦး၊ အောင်ချက်အကောင်းဆုံးရရှိသည့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မင်္ဂလာဒုံ၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စမ်းချောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း လသာ၊ အောင်ချက်အကောင်းဆုံးရရှိသည့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များဖြစ်သည့် ကျောက်တန်းမြို့နယ် အထက(ခွဲ)(ကျုံကန်)၊ မှော်ဘီမြို့နယ် အထက(ခွဲ) ရှမ်းကုန်း၊ ဗိုလ်တထောင်မြို့နယ် အထက(ခွဲ) လ (၂)၊ အောင်ချက်အကောင်းဆုံးရရှိသည့် မြို့နယ်များဖြစ်သည့် ကမာရွတ်၊ လသာ၊ ဗဟန်းတို့အား ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ ကျောင်းသား ကျောင်းသူများ၊ ကျောင်းအုပ်ကြီးများနှင့် မြို့နယ်ပညာရေးမှူးများက လက်ခံရယူကြသည်။



ဆက်လက်၍ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ခြောက်ဘာသာဂုဏ်ထူးရရှိသူ ၇၈ ဦး၊ ငါးဘာသာဂုဏ်ထူးရရှိသူ ၂၁၂ ဦးတို့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လေးဘာသာဂုဏ်ထူးရရှိသူ ၃၅၈ ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ ၅၅၃ ဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ ၉၈၃ ဦး၊ တစ်ဘာသာ ဂုဏ်ထူးရရှိသူ ၄၁၅၃ ဦးတို့အတွက် ခရိုင်အလိုက် ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားများ ဆက်လက်ကျင်းပပေးရန် ခရိုင်ပညာရေးမှူးများအား ဆုတံဆိပ်များနှင့် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# အောင်ပွဲရ ကရင်ပြည်နယ်ဘောလုံးအသင်းအား ဂုဏ်ပြုကြိုဆို

**ဘားအံ ဩဂုတ် ၅**

၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုကို ရယူဆွတ်ခူးခဲ့သော အောင်ပွဲရ ကရင်ပြည်နယ်ဘောလုံးအသင်းသည် ဩဂုတ် ၄ ရက် မွန်းလွဲပိုင်းက ကရင်ပြည်နယ် ဘားအံမြို့သို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ရောက်ရှိလာရာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ဇနီးဒေါ်နန်းဘောဘီမြင့်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဒေသခံ တိုင်းရင်းသားများ၊ ကရင်ရိုးရာယဉ်ကျေးမှု ဒုံးအဖွဲ့များက အတီး၊ အမှုတ်၊ အကအခုန်များဖြင့် ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ထို့နောက် အောင်ပွဲရ ကရင်ပြည်နယ် ဘောလုံးအသင်းအား ဂုဏ်ပြုချီးမြှင့်သည့်အခမ်းအနားကို ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ဆက်လက်ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ယူဝမ်းမြောက်စကား ပြောကြားသည်။

ယင်းနောက် ကရင်ပြည်နယ်ဘောလုံးအသင်း၏ အုပ်ချုပ်သူ၊ နည်းပြ၊ ကစားသမားများက ပြည်ထောင်စု တံခွန်စိုက်ဆုဖလားကို ပြည်နယ်ဝန်ကြီးချုပ်ထံ အပ်နှံကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အောင်ပွဲရ ကရင်ပြည်နယ် ဘောလုံးအသင်းအား ဂုဏ်ပြုဆုငွေကျပ် သိန်း ၅၀ နှင့် အုပ်ချုပ်မှုအဖွဲ့အား ငွေကျပ် ၁၀ သိန်းတို့ကို ဂုဏ်ပြုချီးမြှင့်ကာ ပြည်နယ်ဘောလုံးဆပ်ကော်မတီ၊ အောင်နိုင်ရေး ကော်မတီဝင်များနှင့် ဘောလုံးအားကစားဝါသနာရှင်များက စုစုပေါင်းငွေကျပ် ၁၂၉ သိန်း ဂုဏ်ပြုချီးမြှင့်ခဲ့ကြသည်။




ထို့နောက် ကရင်ပြည်နယ် ပြိုင်ပွဲ အသက် ၁၉ နှစ်အောက် အမျိုးသား ဘောလုံးအသင်း အုပ်ချုပ်သူက ပြိုင်ပွဲ အတွေ့အကြုံများကို ရှင်းလင်းပြောကြား၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

○ စာမျက်နှာ ၆ မှ

နန်စီပလိုစီရဲ့ ထိုင်ဝမ်ခရီးပြီးတဲ့နောက်မှာတော့ တရုတ်နိုင်ငံဘက်က တုံ့ပြန်မှုတွေ ရှိလာပါတယ်။ ထိုင်ဝမ်ရဲ့လေကြောင်းရန်ကာကွယ်ရေးဇုန်အထိ တရုတ်စစ်လေယာဉ်တွေ ဖြတ်သန်းတာကအစ စီးပွားရေးဆိုင်ရာပိတ်ဆို့မှုတွေကို တရုတ်က ထိုင်ဝမ်အပေါ် ချမှတ်လိုက်ပါတယ်။ တုံ့ပြန်မှုတွေ ထပ်ပြီး ဖြစ်လာနိုင်ပါသေးတယ်။ နန်စီပလိုစီ ခရီးစဉ်ကြောင့် တရုတ်နိုင်ငံရဲ့ စစ်ရေးဆိုင်ရာ တုံ့ပြန်မှုတွေရှိလာနိုင်တာကို အိမ်ဖြူတော်က သတိပေးပြောဆိုထားပြီး ဖြစ်ပါတယ်။ ဒီလိုတုံ့ပြန်မှုတွေရှိလာမှာကို သိလျက်နဲ့ ထိုင်ဝမ်ကိုသွားရောက်ခြင်းဟာ တရုတ်နဲ့ထိုင်ဝမ်ကို စစ်ထဲဆွဲသွင်းလိုတဲ့ ရည်ရွယ်ချက်လည်း ဖြစ်နိုင်ပါတယ်။

**အင်အားချည့်နဲ့သွားစေလိုတဲ့ ရည်ရွယ်ချက်**

တရုတ်က ထိုင်ဝမ်ကို စစ်ရေးအရ မတိုက်ခိုက်ရင်လည်း အမေရိကန်အတွက် အမြတ်ပါပဲ။ ထိုင်ဝမ်ကို တရုတ်နိုင်ငံကတိုက်ခိုက်ခဲ့ရင်လည်း အမေရိကန်က ဝင်မပါဘူးလို့ ပြောပြီးသားပါ။ နောက်ကွယ်ကနေ လက်နက်ရောင်းပေးရုံပဲ ဖြစ်ပါလိမ့်မယ်။ အခုဆိုရင် ရုရှားနိုင်ငံနဲ့ ယူကရိန်းအကြား စစ်ပွဲဖြစ်လာတဲ့အတွက် နောက်ဆက်တွဲ စီးပွားရေးဆိုင်ရာ၊ ငွေကြေးဆိုင်ရာအကျိုးဆက်တွေ အများကြီးရင်ဆိုင်နေရပါတယ်။ အဓိကတော့ ရုရှားနဲ့ ယူကရိန်းနိုင်ငံတို့ပဲဖြစ်ပါတယ်။ ရုရှားအပေါ်ကို စီးပွားရေး၊ ဘဏ္ဍာရေး၊ ကုန်သွယ်ရေးပိတ်ဆို့မှုတွေ ချမှတ်ထားပါတယ်။ ရုရှားကို အင်အားချည့်နဲ့သွားစေလိုတဲ့ ရည်ရွယ်ချက်လို့ ခန့်မှန်းရပါတယ်။

အမေရိကန်နိုင်ငံအနေနဲ့ သူနဲ့ပြိုင်ဘက်ဖြစ်နေတဲ့ ရုရှားနဲ့တရုတ်နိုင်ငံကို အင်အားချည့်နဲ့အောင် နောင်လည်းလုပ်နေဦးမှာပါ။ အဲဒီလိုလုပ်တဲ့အခါ အင်အားကြီးနိုင်ငံအချင်းချင်း စစ်ရေးအရ ထိပ်တိုက်ရင်ဆိုင်တာထက် ကြားခံနိုင်ငံငယ်တွေနဲ့ နယ်မြေတွေကို အသုံးချနေပါလိမ့်ဦးမယ်။ အခုဆိုရင် တရုတ်နိုင်ငံရဲ့ စီးပွားရေး၊ စစ်ရေးအင်အားဟာ အမေရိကန်နဲ့ ပခုံးချင်းယှဉ်နေပါပြီ။ နည်းပညာနဲ့အာကာသသိပ္ပံမှာလည်း အပြိုင်ဖြစ်နေပါတယ်။ တရုတ်နိုင်ငံအင်အားကြီးထွားလာတာကို အမေရိကန်အနေနဲ့ လက်ပိုက်ကြည့်နေမှာ မဟုတ်ပါဘူး။ တရုတ်နိုင်ငံကို ဝိုင်းပိတ်ဆို့တဲ့မူဝါဒလို တရုတ်နိုင်ငံကို ထိန်းချုပ်ဖို့ လုပ်ဆောင်ဦးမှာပါ။

အဲဒီလိုလုပ်ဆောင်ရင် တရုတ်နဲ့နယ်နိမိတ်ချင်းဆက်စပ်နေတဲ့ မြန်မာနိုင်ငံအတွက် သတိပြုစရာဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံရေးပဋိပက္ခတွေ ဖြစ်ပွားနေတဲ့ မြန်မာနိုင်ငံအတွက် အနောက်အုပ်စုတွေ စွက်ဖက်လွှမ်းမိုးဖို့ အကောင်းဆုံး ရေခံမြေခံဖြစ်နေပါတယ်။ နောက်ပြီး မြန်မာနိုင်ငံဟာ အင်အားကြီး တရုတ်နိုင်ငံနဲ့နယ်နိမိတ်ချင်း ဆက်စပ်နေတာမဟုတ်ဘဲတစ်ဖက်မှာနျူကလီးယားလက်နက်ပိုင်တဲ့ အိန္ဒိယနိုင်ငံလည်း ရှိနေတာကြောင့် ပထဝီနိုင်ငံရေးအရ အရေးပါတဲ့နေရာမှာ ရှိနေပါတယ်။ မြန်မာနိုင်ငံရဲ့ ပထဝီနိုင်ငံရေးအရ အရေးပါမှုဟာ အားသာချက်တွေရှိနေသလို တစ်ဖက်မှာအားနည်းချက်တွေရှိနေပါတယ်။ ကိုယ့်နိုင်ငံရဲ့ ပထဝီနိုင်ငံရေး အားသာချက်ကို ကိုယ်က အသုံးမချနိုင်ရင် အခြားသူတွေက အသုံးချသွားမှာပါ။ ဒီနေ့အင်အားကြီးနိုင်ငံတွေရဲ့ အသုံးချခံဖြစ်ခဲ့တဲ့ နိုင်ငံတွေမှာ နာလန်ထူဖို့ မလွယ်ပါဘူး။

အင်အားကြီးနိုင်ငံတွေရဲ့ အင်အားပြိုင်ဆိုင်မှုမှာ အသုံးချခံမဖြစ်ဖို့ဆိုရာမှာ မိမိတို့ကိုယ်တိုင်ရဲ့ အခြေအနေ၊ သဘောထားနဲ့ ရွေးချယ်မှုတွေနဲ့ သက်ဆိုင်ပါတယ်။ မြန်မာနိုင်ငံလို နိုင်ငံရေးပဋိပက္ခတွေနဲ့ ရုန်းကန်နေရတဲ့နိုင်ငံအတွက်ဆို ပိုပြီးသတိပြုကြရမှာပါ။ ကမ္ဘာ့နိုင်ငံတိုင်းဟာ ဒီမိုကရေစီတွေ၊ လူ့အခွင့်အရေးတွေ ဟစ်ကြွေးနေကြပေမယ့် ကိုယ့်နိုင်ငံရဲ့ အကျိုးစီးပွားနဲ့ယှဉ်လာရင် ဒီမိုကရေစီနဲ့လူ့အခွင့်အရေးတွေက အသုံးချခံ ဖြစ်သွားကြပါတယ်။ ဒီလိုပြောလို့ ဒီမိုကရေစီနဲ့လူ့အခွင့်အရေးကို မကောင်းတဲ့ သဘောလို့ မဆိုလိုပါဘူး။ ဒီမိုကရေစီစနစ်ဟာ ကမ္ဘာမှာ အကောင်းဆုံးအုပ်ချုပ်ရေးစနစ်တစ်ခုဖြစ်ပါတယ်။ လူ့အခွင့်အရေးဆိုတာကလည်း လူသားတစ်ယောက်ရဲ့အခြေခံရပိုင်ခွင့်တွေဖြစ်လို့ လိုအပ်ပါတယ်။

**ကိုယ်ကျိုးစီးပွားအတွက်**

စနစ်တွေ၊ အခြေခံရပိုင်ခွင့်တွေ ဘယ်လောက်ကောင်းကောင်း ကိုယ်ကျိုးစီးပွားအတွက်ဆို လိုချင်လိုသလို၊ မလိုချင်မလိုသလို လက်နက်တစ်ခုလို အသုံးချတာတွေရှိနေတော့ ကိုယ့်နိုင်ငံရဲ့အခြေအနေ၊ ပတ်ဝန်းကျင်ရဲ့အခြေအနေ၊ နိုင်ငံနဲ့ပြည်သူလူထုရဲ့ အကျိုးစီးပွားနဲ့ ဟန်ချက်ညီဖို့ လိုပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံမှာဖြစ်ပွားနေတဲ့ နိုင်ငံရေးပဋိပက္ခတွေဟာ အန္တရာယ်ကို လက်ယပ်ခေါ်သလိုဖြစ်မှာ စိုးရိမ်စရာဖြစ်ပါတယ်။ ကိုယ့်နိုင်ငံအတွင်း စည်းလုံးမှု၊ ညီညွတ်မှု၊ တည်ငြိမ်မှု၊ တိုးတက်မှုတွေ ရှိနေမယ်ဆိုရင် ကမ္ဘာ့နိုင်ငံရေး ဓာတ်ခုံပေါ်က အင်အားပြိုင်ဆိုင်မှုတွေကြောင့်ဖြစ်လာတဲ့ ဂယက်တွေနဲ့ ကိုယ့်နိုင်ငံအပေါ် တိုက်ရိုက်သက်ရောက်နိုင်တဲ့ အန္တရာယ်တွေကို ကာကွယ်နိုင်မှာပါ။

**မြန်မာ့ပင်လယ်ပြင်**

**နေပြည်တော် ဩဂုတ် ၅**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းဆင်းပွဲ ကျင်းပ

**မုံရွာ ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းအမှတ်စဉ်(၂/၂၀၂၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

**ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချရန်**

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က လူဦးရေတိုးပွားလာခြင်းနှင့်အတူ စွန့်ပစ်ပစ္စည်းများလည်း တိုးပွားလာသည့်အပေါ် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချရန် ဘက်ပေါင်းစုံမှ ကြိုးစားအဖြေရှာကြရန်လိုအပ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိစေရန် အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ သင်တန်းသားများအနေဖြင့် ပတ်ဝန်းကျင်နှင့်သက်ဆိုင်သော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို



နားလည်ပြီး ပတ်ဝန်းကျင်ဆိုင်ရာပြဿနာရပ်များကို ဖြေရှင်းရန်နှင့် လက်တွေ့နယ်ပယ်တွင် ပြန်လည်အသုံးချကာ နိုင်ငံ့တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးက သင်တန်းဖွင့်လှစ်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး သင်တန်းသား သင်တန်းသူများထံ သင်တန်းဆင်းလက်မှတ်များပေးအပ်ကာ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းက အဖွဲ့လိုက်စာတမ်းပြုစုခြင်းတွင် ပထမဆု၊ ဒုတိယဆုရရှိသည့် အဖွဲ့များအားဆုများချီးမြှင့်ခဲ့သည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းသားထူးချွန် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးခဲ့သည်။

အဆိုပါသင်တန်းကို ဇူလိုင် ၁၃ ရက်မှ စတင်၍ တစ်လကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ပြီး တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များတွင် တာဝန်ထမ်းဆောင်ကြမည့် ဒုတိယဦးစီးမှူးနှင့် ဒုတိယလက်ထောက်ဦးစီးမှူး ၃၂ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရန်ကုန်မြို့တော် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၅**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကမာရွတ်မြို့နယ် ဗဟိုလမ်းရှိ နာနတ်တော စည်ပင်သာယာ ရဲတပ်ဖွဲ့လိုင်းအတွင်း ရွှေ့လျား ဈေးကားစနစ်ဖြင့် ကုန်စိမ်း၊ ကုန်ခြောက်မျိုးစုံ၊ အသားမျိုးစုံနှင့် ငါး/ပုစွန်အမျိုးမျိုးတို့ကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုနှင့် လိုင်းခန်းအတွင်းရှိ တပ်တွင်းဆံသဆိုင်၊ ဆေးပေးခန်းနှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီအနေဖြင့် ပြည်သူများ လွယ်လင့်တကူ ဈေးဝယ်နိုင်ရန် ယနေ့တွင် အလုံမြို့နယ် ဌာနာရပ်ကွက်၊ ရန်ကင်းမြို့နယ် ပြည်သာယာအိမ်ရာနှင့် ရွှေအုန်းပင်အိမ်ရာ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ဗိုလ်ဗထူးအိမ်ရာနှင့် ဗိုလ်မင်းရောင်အိမ်ရာများတွင်လည်း ရွှေ့လျားဈေးကားစနစ်ဖြင့် ဈေးရောင်းချပေးခဲ့ကြောင်း သိရသည်။



ထို့နောက် မြို့တော်ဝန်သည် လှိုင်မြို့နယ် ၁၄ ရပ်ကွက် ဘုရင့်နောင်လမ်း အရှေ့ဘက်ခြမ်း အုတ်ကျင်း ဘူတာရုံလမ်းနှင့် ပိတောက်ချောင်း အကြား အုတ်ရေမြောင်း တည်ဆောက်နေမှု၊ ပိတောက်ချောင်း မြေထိန်းနံရံ တည်ဆောက်ထားရှိမှုနှင့် သီရိမင်္ဂလာဈေးအဝင် ကုန်တင်ယာဉ်ရပ်နားရာနေရာကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# စဉ့်ကူးမြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းချေးငွေများ ဆပ်/ထုတ်စနစ်ဖြင့် ထုတ်ပေး

**စဉ့်ကူး ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ဖြင့် ကျေးရွာ နှစ်ရွာကို တတိယအကြိမ်မြောက် ချေးငွေများ ဆပ်/ထုတ်စနစ်ဖြင့် ထုတ်ပေးခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်း၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်အောင်စိုးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးရွာများဖြစ်သည့် လက်ပန်ကုန်း၊ မြေနု၊ ကျွန်းတော်၊ ရွာတော်၊ ကျောင်းဆိပ်၊ အောင်ချမ်းသာကျေးရွာများအနက် မြေနုကျေးရွာနှင့် ကျွန်းတော်ကျေးရွာတို့မှ ကျေးရွာကော်မတီများကို ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှု၊ စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြေနုကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၅ ဦးထံသို့ ချေးငွေ ၂၂ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၇ ဦးထံသို့ ချေးငွေ ၁၀ ဒသမ ၂ သန်း၊ ကျွန်းတော်ကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၄ ဦးထံသို့ ချေးငွေ ၂၇ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၇ ဦးထံသို့ ချေးငွေ ၆၉ ဒသမ ၅ သန်း စုစုပေါင်း ကျေးရွာနှစ်ရွာမှ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄၆ ဦးအတွက် ချေးငွေ ၆၇ ဒသမ ၈၅ သန်းအား ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များထံသို့ ကျေးလက်ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံတို့က တတိယအကြိမ်မြောက် လွှဲပြောင်းပေးခဲ့ရာ ကျေးရွာကော်မတီများက အသင်းသားများလက်ဝယ်သို့ နေ့ချင်းပြီး ပြန်လည်ထုတ်ပေးခဲ့ကြောင်း သိရသည်။

**တင်ဇာလွင်(ပြန်/ဆက်)**

# မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၂ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ဆက်လက်ထုတ်ချေးရေးနှင့် ကြွေးကျန်များ ကောက်ခံရရှိရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၅**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အထွေထွေမန်နေဂျာ ဦးအောင်ဇော်မိုးသည် လက်ထောက်အထွေထွေမန်နေဂျာ ဦးခင်မောင်စိုးနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများနှင့်အတူ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်သူလယ်သမားများအား ၂၀၂၂ မိုးရာသီ ချေးငွေလျာထားချက် ပြည့်မီအောင် ထုတ်ချေးရေးနှင့် ယခင်နှစ်များက တောင်သူများရယူထားသည့် အချိန်စေ့လွန်စိုက်ပျိုးစရိတ်ချေးငွေကြွေးကျန်များ ပြန်လည်ပေးဆပ်ရေးကိစ္စရပ်များ ထိရောက်စွာဆောင်ရွက်ကြရန် နယ်မြေခံတောင်သူများအား ပြောကြားသည်။

**ဆွေးနွေးမှာကြား**

ထိုသို့ဆောင်ရွက်ရာတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူး၊ သနပ်ပင်၊ ကဝ၊ ဝေါ၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ဖြူး၊ အုတ်တွင်း၊ တောင်ငူမြို့နယ်များမှ မြို့နယ်တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျေးရွာအသီးသီးမှ စိုက်ပျိုးစရိတ်ချေးငွေစိစစ်ရေးဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တောင်သူကိုယ်စားလှယ်များနှင့် ဩဂုတ် ၁ ရက်မှ ၅ ရက်အထိ သွားရောက်တွေ့ဆုံကာ မိုးရာသီချေးငွေ ဆက်လက်ထုတ်ချေးရေးနှင့် စိုက်ပျိုးစရိတ်ချေးငွေများ၊ အမြန်ပြန်လည်ပေးဆပ်ရေးကိစ္စရပ်များ ဆွေးနွေးမှာကြား



ခဲ့သည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများသို့ ၂၀၂၂ မိုးရာသီချေးငွေ ကျပ်သိန်းပေါင်း ၉၄၉၀၀ ကျော် ထုတ်ချေးရန်လျာထားပြီးဖြစ်ကြောင်းနှင့် ဩဂုတ် ၁ ရက်အထိ ကျပ် ၅၈၉၂၉ သိန်းကျော် ထုတ်ချေးပြီးဖြစ်ကြောင်း၊ ၂၀၂၂ မိုးရာသီ ချေးငွေများအား စက်တင်ဘာ ၃၀ ရက်အထိ ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟိုင်းကြီးကျွန်းမြို့၌ ကဏန်းမျိုးစိုက်ထည့်ခြင်း အခမ်းအနား ကျင်းပ

ဟိုင်းကြီးကျွန်း ဩဂုတ် ၅

ဧရာဝတီတိုင်း ဒေသကြီး ဟိုင်းကြီးကျွန်းမြို့၌ ငါးလုပ်ငန်း ဦးစီးဌာနမှ ကဏန်းမျိုး စိုက်ထည့်ခြင်းအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ဟိုင်းကြီးကျွန်း ကျောက်တန်း(ကဏန်း ဘေးမဲ့ဇုန်)၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ပမ္မဝတီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် တင်မောင်သန်းနှင့်အဖွဲ့ဝင်များ၊ ဟိုင်းကြီးကျွန်းမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်း၊ ဟိုင်းကြီးကျွန်းမြို့ ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးသန်းထွန်းအောင်နှင့် မြို့အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ခဲ့ကြပြီး ကဏန်းအကောင်ရေ ၅၀၀၀ အား ဟိုင်းကြီးကျွန်း ကျောက်တန်း (ကဏန်းမဖမ်းရဘေးမဲ့ဇုန်)ကေ ၃၅၀ တွင် လွှတ်ပေးခဲ့ကြသည်။



ဟိုင်းကြီးကျွန်းမြို့ ငါးလုပ်ငန်း ဦးစီးဌာနမှ ဟိုင်းကြီးကျွန်းဒေသအတွင်း ကဏန်းမျိုး မပြုန်းတီးစေရေးအတွက် အလွန်အကျွံဖမ်းဆီးခြင်းနှင့် ကဏန်းသားပေါက်များကိုပါ ဖမ်းဆီးခြင်းတို့ကို မပြုလုပ်ရန် အသိပညာပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟိုင်းကြီးကျွန်း (ပြန်/ဆက်)

# တန့်ယန်း၌ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးသစ်ဖွင့်ပွဲ ကျင်းပ

တန့်ယန်း ဩဂုတ် ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းခရိုင် တန့်ယန်းမြို့နယ်တွင် ခရိုင်ရဲတပ်ဖွဲ့မှူးရုံး ရုံးသစ်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၅ ရက် နံနက် ၉ နာရီက ခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှေ့၌ ကျင်းပသည်။



**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝေလွင်ထွန်းက တန့်ယန်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမှတ်(၈) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ဇော်မြင့်ဦး၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြင့်နိုင်၊ နယ်မြေခံတပ်နယ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ကျော်သူဝင်း၊ တန့်ယန်းခရိုင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်၊ မြို့မိမြို့ဖ ဦးစိုင်းဆန်စိန်တို့က တန့်ယန်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက် လာကြသူများနှင့် ဧည့်သည်တော်များအား ရုံးသစ်ဖွင့်ပွဲ အထိမ်းအမှတ် အလံများအား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝေလွင်ထွန်းက ပေးအပ်ကာ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးကြသည်။

မင်းလွင်ဦး(ပြန်/ဆက်)

# ရွှေပိတောက်ငါးဈေးသို့ တစ်ရက်လျှင် ရေချိုကုန်ချိန် နှစ်သိန်းနှင့် ရေငန်ကုန်ချိန် ငါးသောင်းဖြင့် ရေထွက်ကုန်စီးဆင်းနေ

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်များသို့ ရေထွက်ကုန်ပစ္စည်း အဓိကတင်ပို့နေသော ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ ရွှေပိတောက်ငါးဈေးကြီး၌ တစ်ရက်လျှင်ရေချိုပစ္စည်းကုန်ချိန်နှစ်သိန်းနှင့် ရေငန်ပစ္စည်း ငါးသောင်းဖြင့် ကုန်စည်စီးဆင်းနေကြောင်း သိရသည်။

**လျော့ကျခဲ့**

ယခင်က တစ်ရက်လျှင် ရေထွက်ပစ္စည်းကုန်ချိန် သုံးသိန်းမှငါးသိန်းကြား အရောင်းအဝယ်ရှိခဲ့ပြီး ဇွန်လပိုင်းမှစ၍ ရေထွက်ကုန်ဝင်ရောက်မှုနှင့်တစ်ဆင့်ပြန်လည်ရောင်းချမှု လျော့ကျခဲ့ခြင်းဖြစ်ရာ ဩဂုတ်လ ပထမပတ်၌ တစ်ရက်လျှင် ကုန်ချိန်နှစ်သိန်းခွဲဖြင့် ရောင်းဝယ်လျက်ရှိသည်။ အစာဈေးမြင့်လာမှုကြောင့် ငါးမွေးကန်များ သားပေါက်ပြန်လည်မွေးမြူမှုနည်းလာခြင်း၊ ရေချိုမွေးမြူသူများအမြတ်ရရှိမှု အခွင့်အလမ်းနည်းလာခြင်းနှင့် အလတ်စားနှင့်အသေးစား မွေးမြူမှုလျော့နည်းလာခြင်းကြောင့်လည်းကောင်း၊ ပင်လယ်ငါးဝင်ရောက်မှုတွင် ငါးကြီးများကို ထိုင်းနိုင်ငံသို့တင်ပို့ပြီး ဈေးကွက်နည်းသော ငါးအသေးများကို ဈေးကွက်သို့တင်ပို့ခြင်း၊ ရန်ကုန်ငါးဈေးတွင်ရောင်းချနိုင်ရန် စစ်တွေနှင့် ထားဝယ်တွင်ဒိုင်ဖွင့်၍ ငါး/ပုစွန် တစ်ဆင့်ဝယ်ယူကာ ရန်ကုန်ဈေးကွက်သို့ တစ်ဆင့်ပြန်လည်တင်ပို့နေရခြင်းတို့ကြောင့်လည်းကောင်း ရန်ကုန်တွင် ငါး/ပုစွန်ဈေးနှုန်း မြင့်တက်လာခြင်းဖြစ်သည်။



"ကျွန်တော်တို့ဈေးမှာရေထွက်ကုန်ဈေးနှုန်း မတက်ဘူးမဟုတ်ဘူးတက်တယ်။ အကြောင်းရင်းက ပင်လယ်ပြင်မှာငါးအထိအမိရှိပေမယ့် ရန်ကုန်ဆိပ်ကမ်းကို ငါးလှေတွေဝင်လာရင် ငါးကောင်းတွေ မပါတော့ဘူး။ ငါးအသေးတွေပဲပါလာတယ်။ ရေငန်ငါးက သိသိသာသာကို အဝင်နည်းသွားတာ တစ်လနီးပါးရှိပြီ။ ရေချိုမွေးငါးဆိုရင်အစာဈေးနှုန်းမြင့်တဲ့အတွက် မွေးမြူမှုလျော့သွားပြီး လုပ်ငန်းရှင်ကြီးတွေဘဲ မွေးမြူနိုင်တော့တယ်။ ဝယ်လိုအားနဲ့ ရောင်းလိုအားမှာ အခက်အခဲရှိလာတာကြောင့် အရောင်းအဝယ်ဆက်ပြီး ယိုင်မသွားအောင် ဌာနဆိုင်ရာနဲ့ဈေးသာယာရေးကော်မတီအားလုံး ဝိုင်းဝန်းပြီးပူးပေါင်းဆောင်ရွက်နေကြပါတယ်။ အရှုံးများလာရင်တော့ ငါးဒိုင်တွေရပ်သွားနိုင်တယ်" ဟု ရွှေပိတောက်ငါးဈေးမှ ဈေးသာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးရှင်စောက ပြောသည်။

ရန်ကုန်မြို့မှ တောင်ပေါ်နှင့်မြေပြန့်ဒေသသို့ ရွှေပိတောက်ငါးဈေးနှင့် စံပြငါးဈေးမှ ရေထွက်ကုန်များ နေ့စဉ်တင်ပို့လျက်ရှိရာ ရေထွက်ပစ္စည်း ဝင်ရောက်မှု လျော့ကျလာခြင်း၊ မွေးမြူရေးသွင်းအားစုများ ဈေးနှုန်းမြင့်တက်ခြင်းနှင့် ဝယ်လိုအားလျော့ကျလာခြင်းတို့ကြောင့် အခြေခံလုပ်သားမှ လုပ်ငန်းရှင်အထိ ရေရှည်တွင် စီးပွားရေးနှင့်အလုပ်အကိုင် အခွင့်အလမ်းများ ဆက်လက်ရပ်တည်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ရွှေပိတောက်ငါးဈေးသို့ ရေချိုငါး/ပုစွန် ၁၅ မျိုးနှင့် ရေငန်ငါး/ပုစွန်ခုနစ်မျိုး ဝင်ရောက်လျက်ရှိပြီး လက်ရင်းဈေးတွင် ငါးသလောက် တစ်ပိဿာ ကျပ် ၄၀၀၀၀ မှ ၅၀၀၀၀၊ ပုစွန်အကြီးကျပ် ၃၀၀၀၀၊ ပုစွန်အသေး ကျပ် ၂၀၀၀၀၊ ငါးကြင်းအကြီး တစ်ပိဿာကျပ် ၈၀၀၀၊ အသေးကျပ် ၇၀၀၀၊ ငါးတန် ကျပ် ၄၅၀၀၊ ရေချိုငါးမုတ် ကျပ် ၃၀၀၀၊ ငါးခေါင်းပွ ကျပ် ၅၅၀၀၊ ငါးမြစ်ချင်း ကျပ် ၄၅၀၀၊ ပြည်ကြီးငါး ကျပ်၂၇၀၀၀၊ ကင်းမွန် ကျပ် ၁၉၀၀၀၊ ရေဘဝဲ ကျပ် ၁၈၀၀၀၊ ပလာတူး ကျပ် ၃၀၀၀၊ ရွှေငါး ကျပ် ၁၂၀၀၀ ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ – ကနူး

# ပေါက်ခေါင်းမြို့၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုများဆောင်ရွက်

ပေါက်ခေါင်း ဩဂုတ် ၅

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့တွင် ၂၀၂၂ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် ကျောင်းကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားဆောင်ရွက်မှုအဖြစ် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်ချဆေးတိုက်ကျွေး**

ထိုသို့ဆောင်ရွက်ရာတွင် ပေါက်ခေါင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီးဒေါက်တာအောင်မျိုးမြတ်၏ဦးဆောင်မှုဖြင့် ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများနှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များပူးပေါင်း၍ ယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း(အိုးဘိုကုန်း)တွင် ကျောင်းကျန်းမာရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကျောင်းသား ကျောင်းသူများအား သန်ချဆေးတိုက်ကျွေးပေးခြင်းနှင့် မူကြိုကလေးငယ်များအား အာဟာရကျွေးမွေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး ရပ်ကွက်အတွင်းရှိ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား စနစ်တကျမိခင်နို့တိုက်ကျွေးရေး အသိပညာပေးပြောကြားခြင်းနှင့် ဗီတာမင်ဆေးများ တိုက်ကျွေးခြင်း လုပ်ငန်းများကိုလည်းဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။



သန်းထွန်းအောင်(ပြန်/ဆက်)

■

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော် လှူဒါန်း

နေပြည်တော် ဩဂုတ် ၅

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိ မြို့နယ်ရှိ စိန်ရာဇာသာသနာလင်္ကာရ ကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်ရှိ အောင်မြေအရှေ့ကျောင်းတိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်ရှိ မြို့မပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိပုညဝတီမိုးကုတ်ဓမ္မရိပ်သာ ကျောင်းတိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ဒက္ခိဏာရာမပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်ရှိ ပဋ္ဌာနတာရုံပါဠိတက္ကသိုလ်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတကာတွင် လူပြောများနေသည့် အကြမ်းဖက်သမားလေးယောက်ကို ၎င်းတို့နှင့်ထိုက်သင့်သည့်အပြစ်ဒဏ် ဘာကြောင့်ပေးရသလဲ

မောင်မျိုးအောင်(ပန်းရော)
ဝဏ္ဏ(TGI)

**နိုင်ငံတကာနှင့် မြန်မာနိုင်ငံအတွင်း ဖြစ်ပျက်နေသည့် ဖုံးပေါက်ကွဲမှုသတင်းများ၊ အကြမ်းဖက်ခံရမှုသတင်းများကို တီဗွီ၊ သတင်းစာ၊ ဂျာနယ်၊ အင်တာနက်စာမျက်နှာများထက်တွင် နေ့စဉ်နှင့်အမျှ မြင်တွေ့နေရသည်။ ထိုကဲ့သို့သော အမင်္ဂလာသတင်းမျိုးကို နေ့စဉ်နှင့်အမျှ မြင်တွေ့နေရသောကြောင့် သတင်းဖတ်သူတို့အဖို့ မထူးဆန်းတော့သည့်သတင်းအားကြားရသည့်နှယ် ဖြစ်နေကောင်း ဖြစ်နေပေမည်။ သို့သော် လက်တွေ့မြေပြင်တွင် အမှန်တကယ်အကြမ်းဖက်ခံရသူများ၏ အသက်အန္တရာယ်နှင့် နောက်ကွယ်က မိသားစုဘဝတို့သည် များစွာပေးဆပ်နေကြရသည်။ ခြိမ်းခြောက်ခံနေရသည်။ စိုးရွံ့ထိတ်လန့်မှုတွေ ဖြစ်ပေါ်ခံစားနေရသည်။**

ကမ္ဘာပေါ်တွင်ရှိသည့် မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုးမဆို မည်သည့် အကြမ်းဖက်မှုကိုမျှ လိုလားမည်မဟုတ်ပေ။ မိမိနေထိုင်သည့် တိုင်းပြည်တွင် ငြိမ်းငြိမ်းချမ်းချမ်းသာ နေလိုကြ၏။ နိုင်ငံတစ်နိုင်ငံသည် မည်သည့်စနစ်ကို ကျင့်သုံးသည်ဖြစ်စေ တိုင်းပြည်အေးချမ်းမှုရှိမှသာ နိုင်ငံတိုးတက်မှုရှိမည်ဖြစ်ပေသည်။ တည်ငြိမ်အေးချမ်းမှုရှိမှသာ တရားဥပဒေစိုးမိုးမှုရှိပြီး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို နယ်စပ်ဒေသပါမကျန် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ယနေ့ မြန်မာနိုင်ငံအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ ပေါ်ပေါက်လာခဲ့ရသည့် အကြောင်းတရားကို မြန်မာနိုင်ငံသူ နိုင်ငံသားများသာမက ကမ္ဘာတစ်ဝန်းကလည်း သိပြီးဖြစ်ပါသည်။ မဲမသမာမှုကြောင့် ဖြစ်ပေါ်လာသည့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းခြင်းသည် အသင့်လျော်ဆုံးဖြစ်ပါသည်။ ထိုအကြောင်းအရာကို မျက်ကွယ်ပြု၍ နိုင်ငံရေးအစွန်းရောက်သူများက အကြမ်းဖက်နည်းဖြင့် ဖြေရှင်းပြီး နိုင်ငံတော်အလုံးစုံပျက်သုဉ်းရေး လမ်းကြောင်းပေါ်သို့ တွန်းပို့ခဲ့ကြသည်။

မူလက သာမန်ဆန္ဒဖော်ထုတ်ရုံမျှသာရှိခဲ့ရာမှ အစွန်းရောက်များ၏ သွေးထိုးလှုံ့ဆော်မှုကြောင့် နိုင်ငံအတွင်းရှိ မြို့ရွာများ၌ ဆန္ဒပြသူ(Protester) အဖြစ်မှ အကြမ်းဖက် (Terrorist)အဖြစ်သို့ ပြောင်းလဲသွားကြ၏။ “ဒီမိုကရေစီရရှိရေး”မှ “အာဏာရှင်စနစ်ကျဆုံးရေး” ဟူသော အကြောင်းအရာသို့ လည်းကောင်း၊ ၎င်းမှ “နိုင်ငံအလုံးစုံပျက်သုဉ်းရေး”ဟူသော ဦးတည်ချက်သို့လည်းကောင်း ဦးတည်လာကြသည်။ အဆိုပါ ဖြစ်စဉ်တို့သည် ပြည်သူလူထုအတွက် ရေးရှုချက်အဖြစ် ကြွေးကြော်သံများတွင်ပင် မပါဝင်ခဲ့ဘဲ လူတစ်စု၏ကိုယ်ကျိုးစီးပွားနှင့် တစ်ပါတီကောင်းစားရေးကို အခြေပြုသည့် နိုင်ငံရေးအန်တုမှုအပေါ်ကနေ ဖြစ်တည်လာခဲ့ခြင်းပင်ဖြစ်သည်။

**စတင်ပုံဖော်ခဲ့**


အကြမ်းဖက်မှုများ၏ အစအဖြစ် Social Punishment ခေါ် ၎င်းတို့နှင့် သဘောထားမတူသူ အပြစ်မဲ့ ပြည်သူလူထုအား လူကြားထဲတွင် လူမဆန်စွာ နှိပ်စက်ညှဉ်းပန်း အရှက်ခွဲကာ CDM လုပ်ဆောင်ချက်အား စတင်ပုံဖော်ခဲ့သည်။ CDM လုပ်ဆောင်မှုကို အားတစ်ခုအဖြစ်ရယူကာ ပြည်ပအင်အားစုတို့နှင့် ပြည်တွင်းပုဆိန်ရိုးတို့ ပူးပေါင်းလှုံ့ဆော်ကာ အစိုးရကို ဖြုတ်ချရန် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ခဲ့ကြသည်။ အစိုးရ၏ လုပ်ဆောင်ချက်အပေါ် စိတ်ဓာတ်ယိမ်းယိုင် သံသယဖြစ်အောင် လုပ်ဆောင်ရာမှ အစပြု၍ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားများအကြား ပြည်ထောင်စုပြိုကွဲပြီး သွေးချောင်းစီးတိုက်ပွဲများဖြစ်လာသည်အထိ ရည်ရွယ်ကာ နိုင်ငံအတွက် ဆိုးရွားသည့် လုပ်ငန်းစဉ်များအား လုပ်ဆောင်ခဲ့ကြသည်။ ထိုသို့သော လုပ်ငန်းစဉ် ဖန်တီးကြသူများမှာ NLD လွှတ်တော် ကိုယ်စားလှယ်ဟောင်းအချို့နှင့် နိုင်ငံရေးအစွန်းရောက်များ ပါဝင်ဖွဲ့စည်းထားသည့် မတရားအသင်းအဖြစ် ကြေညာထားခြင်း ခံရသော CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက် အဖွဲ့အစည်းအားလုံးပင်ဖြစ်သည်။

ထိုအဖွဲ့အစည်းတို့သည် မြန်မာနိုင်ငံရှိ အပြစ်မဲ့ပြည်သူများအပေါ် ရက်စက် ကြမ်းကြုတ်သည့် အကြမ်းဖက်မှုများအဖြစ် ပုဂ္ဂလိကနှင့် ပြည်သူပိုင်ပစ္စည်းများကို ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်စေရေးဆောင်ရွက်ခဲ့ကြသည်။ ထို့ကြောင့် ၎င်းတို့အဖွဲ့မှ ပါဝင်ကျူးလွန်ခဲ့သည့် လူပုဂ္ဂိုလ်အပေါ် တရားရုံးမှ ၎င်းတို့၏ လုပ်ရပ်နှင့်အညီ တရားဥပဒေကြောင်းအရ ရာဇဝတ်မှုတစ်ခုအတွက် သင့်လျော်ရာပြစ်ဒဏ်ကို စီရင်ချက်ချကာ ပြစ်ဒဏ်တစ်မျိုးမျိုးပေးကြရသည်။

မကြာသေးမီက မတရားအသင်းနှင့်ဆက်သွယ်၍ နိုင်ငံအတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးနှင့် တရားမဝင်လက်နက်ကိုင် လူသတ်မှုများ ကျူးလွန်ခဲ့သည့် လူပုဂ္ဂိုလ်တစ်စုအပေါ် တရားရုံးကထိုက်သင့်သည့်ပြစ်ဒဏ် စီရင်ချက်ချမှတ်ခဲ့မှုနှင့်ပတ်သက်ပြီး အနောက်နိုင်ငံအချို့နှင့် ကုလသမဂ္ဂတို့က တာဝန်မဲ့ ထုတ်ပြန်ချက်များ ထုတ်ပြန်ခဲ့ကြသည်။ လူ့အခွင့်အရေးအကြောင်းပြပြီး ရှုတ်ချခဲ့ကြ၏။ ပြစ်မှုကျူးလွန်သူများကို ဒီမိုကရေစီ သူရဲကောင်းဟု တံဆိပ်ကပ်၏။ ပြစ်ဒဏ်နှင့် ထိုက်သင့်သည့် ပြစ်ဒဏ်စီရင်မှုအပေါ် အမျိုးမျိုးဝေဖန်ကန့်ကွက်လာကြသည်။ လူ့အသက်ကို တန်ဖိုးမထားသော လုပ်ရပ်များကို မျက်ကွယ်ပြုချင်ကြ၏။ ၎င်းတို့ကိုယ်တိုင်နှင့် ၎င်းတို့၏ မိသားစုဝင်များသာ ထိုကဲ့သို့သော အကြမ်းဖက်မှုမျိုးနှင့် ကြုံတွေ့ခဲ့ရလျှင် အဆိုပါ ထုတ်ပြန်ချက်များ ထုတ်ပြန်နေဦးမည်လားဟု မေးမြန်းရမည်သာဖြစ်၏။ အခြားတစ်ဖက်တွင် ဒီမိုကရေစီအရေးလှုပ်ရှားပါသည်၊ တပ်မတော်က နိုင်ငံ၏ အာဏာကိုရယူသဖြင့် တွန်းလှန်ရပါသည်ဟု ဆိုရုံမျှဖြင့် လူသတ်ဖြတ်ခြင်း၊ မိုင်းဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်းတို့ကို တရားလက်လွှတ် လုပ်ခွင့်ရှိသည်လားဟု မေးရမည်ဖြစ်သည်။

**စာမျက်နှာ ၁၁ သို့ ✻**

**မောင်ကျော်(ခ)ဖြိုးဇေယျာသော် နေအိမ်မှ သိမ်းဆည်းရမိခဲ့သည့် ပြည်သူလူထုကို သတ်ဖြတ်မည့် လက်နက်/ခဲယမ်းများ**




* စာမျက်နှာ ၁၀ မှ

မြန်မာနိုင်ငံသည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် အားလျော်စွာ လက်ရှိအစိုးရအနေဖြင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှ အပ်နှင်းထားသည့် အခွင့်အာဏာများကို အပြည့်အဝကျင့်သုံးပိုင်ခွင့်ရှိပါသည်။ မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားတိုင်းသည် လူမျိုး၊ ကိုးကွယ်သည့် ဘာသာနှင့် ကျား/မ မခွဲခြားဘဲ တန်းတူညီမျှ အခွင့်အရေး ရရှိခံစားနိုင်မည်ဖြစ်ပြီး နိုင်ငံတော်၏ တရားဥပဒေများအား လေးစားလိုက်နာရမည်ဖြစ်သကဲ့သို့ တည်ဆဲဥပဒေများအရ နိုင်ငံသားတိုင်း၏ အခြေခံလူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးထားကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

နိုင်ငံအတွင်း အကြမ်းဖက်မှုမျိုးစုံ ကျူးလွန်ထားသော ပြစ်ဒဏ်သင့် အကြမ်းဖက်သမားများသည် မြန်မာနိုင်ငံ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ အပိုဒ် ၄၉ (က)၊ ၅၀(ဈ)နှင့် ၅၀(ည)တို့အား ဖောက်ဖျက်ကျူးလွန်ခဲ့ကြောင်း ပြစ်မှုထင်ရှားစွာ စစ်ဆေးတွေ့ရှိရသည့်အတွက် တရားရုံးက ၎င်းတို့နှင့်ထိုက်တန်သည့် စီရင်ချက် ချမှတ်ခဲ့ခြင်းသာဖြစ်ပါသည်။ ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုတို့အတွက် ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ ပြစ်ဒဏ် ချမှတ်ခဲ့ခြင်းဖြစ်၍ မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်မှာ လွတ်လပ်၍ နိုင်ငံသားတိုင်းအတွက် သာတူညီမျှဖြစ်ပါသည်။ ခေတ်စကားအရဆိုရလျှင် အစိမ်း၊ အနီ၊ အပြာ၊ အဝါ မခွဲခြားထား။ လူမျိုးစုကိုသော်လည်းကောင်း၊ ကိုးကွယ်ယုံကြည်မှုကိုသော်လည်းကောင်း ခွဲခြားကန့်သတ်ခြင်း၊ အခွင့်အရေးပေးခြင်း မရှိသည်ကို သတိချပ်သင့်ပါသည်။

အကြမ်းဖက်မှု ကျူးလွန်၍ ပြစ်ဒဏ်ကျခံရသူများဖြစ်သည့် မောင်ကျော်(ခ)ဖြိုးဇေယျာသော်နှင့် ဂျင်မီ(ခ)ကျော်မင်းယုတို့သည် အစိုးရဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် သဘောထားမတိုက်ဆိုင်သည့် နိုင်ငံရေးပါတီများ အပါအဝင် အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်ရန်နှင့် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ရန်အတွက် ပေါက်ကွဲအား မြင့်မားသည့် ဖောက်ခွဲရေး ပစ္စည်းများနှင့် သေစေနိုင်သည့် လက်နက်များကို နောက်ကွယ်မှ ပံ့ပိုးပေးခဲ့သည့် ကြိုးကိုင်စီစဉ်ညွှန်ကြားသူများ ဖြစ်ပါသည်။

ထိုသို့နှယ် အကြမ်းဖက် သတ်ဖြတ်မှု၊ ဖောက်ခွဲတိုက်ခိုက်မှုများအတွက် လက်နက်/ခဲယမ်းများ သယ်ယူမှုစနစ်တွင်ပင် ၎င်းတို့၏ စိတ်စေတနာအား သိသာနိုင်ပါသည်။ ကိုဗစ် တတိယလှိုင်း ကာလဆိုလျှင် အများမြင်သာမည်ထင်သည်။ မမျှော်မှန်းနိုင်သည့် အခြေအနေတွင် အောက်ဆီဂျင်အခက်အခဲကြီးမားလာသည်။ လိုအပ်သည့် အောက်ဆီဂျင်အတွက် နိုင်ငံတော်မှ နည်းမျိုးစုံ ကြိုးစားမှုများအပြင် အရပ်သား ပြည်သူများကိုပါ အောက်ဆီဂျင် ဝယ်ယူတင်သွင်းခွင့်ကို ခွင့်ပြုခဲ့သည်။ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန် ကြိုးစားနေသည်ဟူသော သတင်းများရထားသည့်တိုင် ပြည်သူများ အဆင်ပြေပါစေတော့ ဟူသော စေတနာစိတ်ဖြင့် အောက်ဆီဂျင်နှင့် ဆေးပစ္စည်းများ တင်သွင်းပါက စစ်ဆေးမှုကို ကင်းလွတ်ခွင့်ပြုပေးခဲ့သည်။ နိုင်ငံတော်မှ စေတနာမှန်ခဲ့သည့်တိုင် အကြမ်းဖက်သမားများ အတွက်တော့ ခွင်ဖြစ်ခဲ့သည်မှာ ပြည်သူတို့အတွက် ဒုက္ခများစွာဖြစ်ခဲ့သည်။ ပြည်သူများ အသက်ရှည်စွာ အနာမဲ့စေရေး နိုင်ငံတော်အစိုးရ၏ စေတနာကို အကြမ်းဖက်သမားများက အရောင်ဆိုးသည်။ ဆေးနှင့် ဆေးပစ္စည်းများ၊ အောက်ဆီဂျင်အိုးများအတွင်း လက်နက်/ခဲယမ်း များကို ကွယ်ဝှက်သယ်ဆောင်ကြသည်။ ပြည်သူ မသေစေလိုသော စေတနာကို ပြည်သူသေစေမည့် ဝေဒနာများ ဖြစ်လာမည့် လက်နက်/ ခဲယမ်းများဖြင့် တိုင်းပြည်နှင့် ပြည်သူကို ဒုက္ခဝေစေခဲ့သည်။ ဤသို့ပြုမူမှုကို မည်သည့်နိုင်ငံ၊ မည်သည့်ဒေသတွင် လူ့ကျင့်ဝတ်အရ၊ ဥပဒေအရ ခွင့်လွှတ်သင့်သည်ဟု ပြဆိုထားပါသနည်းဟုမေးပါက အဖြေရှိမည် မဟုတ်ပေ။




အကြမ်းဖက်မှု ပြစ်ဒဏ်ကျူးလွန်ခဲ့သည့် ကျော်မင်းယု(ခ)ဂျင်မီ၏ ပြစ်ဒဏ်ကျူးလွန်ခဲ့မှုနှင့် ပတ်သက်၍ ၎င်းသည် ၈၈ မျိုးဆက်၊ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း၏ လူထုဆက်ဆံရေးတာဝန်ခံ၊ အကြမ်းဖက် အဖွဲ့အစည်းဖြစ်သော CRPH/NUG ၏ နိုင်ငံရေးနှင့် လုံခြုံရေးအကြံပေးသူဖြစ်သည်။ ၎င်း၏ လူသိများသည့် အခွင့်အရေးအား အသုံးချ၍ နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေရန် အကြောင်းရှိသည့် ရေးသားချက်၊ ပြောဆိုချက်များကို Social မီဒီယာများ၊ လူမှုကွန်ရက်များကို အသုံးပြု လုပ်ဆောင်ခဲ့မှုများကြောင့် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် တရားရုံးမှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ရာကြီးအမှတ်(၂၆)၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ) ဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်အညီ လူဖမ်းဝရမ်း ထုတ်ဆင့်ခဲ့ပြီးဖြစ်သည့် တရားခံပြေးတစ်ဦး ဖြစ်ပါသည်။

ကျော်မင်းယု(ခ)ဂျင်မီသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလနှင့် မတ်လအတွင်း ဆူပူဆန္ဒပြ လှုပ်ရှားမှုများနှင့် အစိုးရဝန်ထမ်းများ CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရေး သတင်းမီဒီယာများနှင့် ချိတ်ဆက်ကာ ဝါဒဖြန့်လှုံ့ဆော်မှုများ ပြုလုပ်ခဲ့သည်။ ဧပြီလ ၂ ရက်တွင် ဇနီးဖြစ်သူ နီလာသိန်းနှင့်အတူ ထိုင်းနိုင်ငံ မဲဆောက်သို့ သွားရောက်တိမ်းရှောင်ခဲ့ပြီး ဖောက်ခွဲဖျက်ဆီးရန်၊ လက်နက်ကိုင်တိုက်ခိုက်ရန်နှင့် လုပ်ကြံသတ်ဖြတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် Moon Light Operation အဖွဲ့အား စတင်ဖွဲ့စည်းခဲ့ပါသည်။ ၎င်းအဖွဲ့တွင် ဖြိုးဇေယျာသော် Yangon Urban Guerilla-YUG အဖွဲ့နှင့် ရန်ကုန်တိုင်း PDF အဖွဲ့များ ပူးပေါင်းပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ စာသင်ကျောင်းစသည့် စစ်ရေးနှင့်မဆိုင်သည့် ပစ်မှတ်များအား ပစ်မှတ်ထားတိုက်ခိုက်မည့် အကြမ်းဖက်စစ်ဆင်ရေးတစ်ရပ်အား ၂၀၂၁ ခုနှစ်၊ မေလတွင် စတင်အကောင်အထည်ဖော် လုပ်ဆောင်ခဲ့သည်။ သူတို့၏ စတင်ဖွဲ့စည်းစဉ် ရည်ရွယ်ချက်၊ ဦးတည်ပစ်မှတ်ထားတိုက်ခိုက်မည့် ပစ်မှတ်များကိုသတိပြုမိပါသလော။စောကြောမိပါသလော။အမေးလွယ်သကဲ့သို့ အဖြေလည်း ခက်မည်မဟုတ်ပါ။

ထိုသို့သော မဟာအကြမ်းဖက်လုပ်ရပ်များအတွက် အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG မှ D-Day သတ်မှတ်ပေးသည့် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့ နောက်ပိုင်းတွင် အကြမ်းဖက် လုပ်ငန်းကြီး – Mission ၈ ခုကို ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ဆောင်ရန် အစီအစဉ်ရေးဆွဲခဲ့ပြီး Mission-1၊ Mission-2 နှင့် Mission-3 တို့အား အောင်မြင်စွာ လုပ်ဆောင်နိုင်ရန် အနီးကပ်ကြပ်မတ်လုပ်ဆောင်ခဲ့သည်။ ဆက်လက် လုပ်ဆောင်မည့် Mission-4၊ Mission-5၊ Mission-6၊ Mission-7၊ Mission-8 တို့အား မြို့နယ် ၆ မြို့နယ်တွင် ကြီးမားသည့် ဖောက်ခွဲ ဖျက်ဆီးမှုများနှင့် ပစ်ခတ် တိုက်ခိုက်မှုအဖြစ် ပေါင်းစပ်ဆောင်ရွက်ရန် ရည်မှန်းထားပြီးလုပ်ဆောင်စဉ် ၎င်း၏ နေအိမ်၌ အကြမ်းဖက်တိုက်ခိုက်မှုနှင့် လုပ်ကြံသတ်ဖြတ်မှုများတွင် အသုံးပြုလျက်ရှိသည့် သေနတ် ၁၇ လက်အပါအဝင် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

**ဂျင်မီ အား ဖမ်းဆီးရမိစဉ် ပြည်သူလူထုအား ပစ်မှတ်ထား သတ်ဖြတ်ရန် စုဆောင်းထားသည့် လက်နက်/ခဲယမ်းများနှင့်အတူ တွေ့မြင်ရပုံ**




ထိုသို့ အပြစ်မဲ့ပြည်သူများအား ရက်စက်စွာ သတ်ဖြတ်ခဲ့ခြင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများအား အနီးကပ်စီစဉ်ညွှန်ကြားခဲ့ခြင်း၊ အကြမ်းဖက် အဖွဲ့အစည်းဖြစ်သော NUG/CRPH တို့နှင့် အဆိုပါ အကြမ်းဖက် တိုက်ခိုက်မှုများအတွက် ပူးပေါင်းကြံစည်ခဲ့ခြင်းတို့ကို ပြစ်မှုထင်ရှား ကျူးလွန်ခဲ့သည့် တရားခံ ကျော်မင်းယု(ခ)ဂျင်မီအား တရားရုံးက ၎င်းနှင့် ထိုက်သင့်သည့် ပြစ်ဒဏ်ကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။

သေဒဏ် ထိုက်သင့်သည့် ပြစ်ဒဏ်များအတွက် မထိုက်သင့်ဟုယူဆသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းနှင့် ကြေညာချက်ထုတ်ပြန်သည့် ရုံးအဖွဲ့အစည်းများကို ထုတ်လိုသည့်မေးခွန်းမှာ ထိုကဲ့သို့ အကြမ်းဖက်၍ သတ်ဖြတ်ခံရသူများထဲတွင် သင့်မိဘ၊ ဆွေမျိုးအသိုင်းအဝိုင်းများ ပါဝင်ပါက မည်သို့သဘောဆောင်၍ ကန့်ကွက်လိုပါသနည်း။ ၎င်းအကြမ်းဖက်သမားများက အကြမ်းဖက်မှုနှင့် လူသတ်မှုများ ထပ်မံလုပ်ဆောင်ရန် အကြံအစည်များလည်း ရှိသေးသည်ဆိုလျှင် ဒီမိုကရေစီအတွက် လုပ်တာပဲ။ လက်ခံရမည်လို့ ခံယူထားပါသလား...............၊ သူ့နေရာမှာ ကိုယ်သာဆိုလျှင်ဆိုသော ကိုယ်ချင်းစာစိတ်အပြည့်နှင့် ဖြေကြည့်စေလိုပါသည်။

၎င်းအပြင် NUG အမည်ခံ အကြမ်းဖက် အဖွဲ့အစည်း၏ စေခိုင်းချက်အရ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် NLD လွှတ်တော်အမတ်ဟောင်း မောင်ကျော်(ခ)ဖြိုးဇေယျာသော်သည် ၂၀၀၈ ခုနှစ်တွင် နိုင်ငံခြားငွေကိုင်ဆောင်မှု၊ တရားမဝင်အသင်းအဖွဲ့ ပုဒ်မ ၆/၈၈ တို့ဖြင့် စုစုပေါင်းထောင်ဒဏ် ၆ နှစ်ချမှတ်ခံခဲ့ရသူဖြစ်ပြီး ၂၀၁၁ ခုနှစ်တွင် လွတ်ငြိမ်းချမ်းသာခွင့်ကြောင့် ပြန်လည်လွတ်မြောက်လာခဲ့သူတစ်ဦး ဖြစ်ပါသည်။

စာမျက်နှာ ၁၂ သို့ *

* စာမျက်နှာ ၁၁ မှ


ဖြိုးဇေယျာသော်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယအပတ်မှစပြီး ဆန္ဒပြမှုများတွင် ဦးဆောင်ပါဝင်ခဲ့သည်။ ဖေဖော်ဝါရီလ နောက်ဆုံးပတ်ရောက်ချိန်တွင် အစိုးရကို လုံးဝအုပ်ချုပ်၍ မရအောင်၊ နည်းလမ်းပေါင်းစုံနှင့်တိုက်ခိုက်ရန်၊ အနှောင့်အယှက်ပေးရန်၊ ရန်ကုန်မြို့အတွင်း အကြမ်းဖက်ဆူပူဆန္ဒပြမှုများဖြစ်စေရန် ဦးစီးဆောင်ရွက်ခဲ့သည်။ စစ်ရေးရည်မှန်းချက်နှင့် နိုင်ငံရေးရည်မှန်းချက်များ ချိတ်ဆက်ရေး NUG အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းနှင့် ချိတ်ဆက်လုပ်ဆောင်ခဲ့သည်။ CRPH အမည်ခံအကြမ်းဖက်အဖွဲ့အစည်း ရေရှည်ရပ်တည်နိုင်ရေး အကောင်အထည်ဖော်ရန် ကွန်ရက်များ အားကောင်းလာအောင်ဆောင်ရွက်ရန် Plan ပေါင်းများစွာအား ချမှတ်ဆောင်ရွက်ခဲ့သည်။ နယ်မြေထိန်းတိုက်ပွဲများဆင်နွှဲသည့်အခါ EAO များမှ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအနေနှင့် တိုက်ပေးမည်ဆိုသည့် Plan များလည်း ပါရှိသည်။

ဖြိုးဇေယျာသော်သည် Teams များ အများအပြားဖွဲ့စည်းပြီး Phase များ တဖြည်းဖြည်း အဆင့်မြှင့်တင် လုပ်ဆောင်ခဲ့သည်။ Mission များ အောင်မြင်စွာ လုပ်ဆောင်နိုင်ရန် လက်နက်တိုက်၊ Save House၊ Withouts Cars ၊ Operation Cost စသည်များအား ချိတ်ဆက်ဆောင်ရွက်ခဲ့သည်။ Mission တစ်ခုလုပ်ပြီး ခိုအောင်းရန် နေရာအထိပင် အသေးစိတ် ဆောင်ရွက်ခဲ့ပြီး စစ်ရေးစီမံချက်များ ချခဲ့သည်။ နိုဝင်ဘာလ ၄ ရက်တွင် Zoom Meeting လုပ်၍ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး ပစ်မှတ်များအား အလုံးစုံ ပစ်ခတ်တိုက်ခိုက်ရန် စီစဉ်လုပ်ဆောင် လာခဲ့သည်။ Mission များလုပ်သည့် နေရာ၌ ဖြိုးဇေယျာသော်သည် ကိုယ်တိုင်ပါဝင်စီစဉ်ခြင်းနှင့် လမ်းညွှန်ချမှတ်ပေးခြင်းများကိုပါ လုပ်ဆောင်ခဲ့သည်။

ဖြိုးဇေယျာသော် ဦးစီးသည့် အကြမ်းဖက်အဖွဲ့ ၂၀ သည် ပြည်သူပိုင် အဆောက်အအုံများကို ဗုံးထောင်ဖောက်ခွဲမှု အကြိမ်ရေ ၃၀ ခန့်၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အစိုးရရုံးများအား ဗုံးထောင်ဖောက်ခွဲမှု ၃၂ကြိမ်ခန့်၊ လျှပ်စစ်နှင့် ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့၌ ကိုးကြိမ်ခန့်နှင့် CCTV ထိန်းချုပ်ရေးစနစ်များကို ငါးကြိမ်၊ အများပြည်သူပိုင်နေရာများ၌ ဗုံးဖောက်ခွဲမှုအကြိမ်ပေါင်း ၆၀ ခန့် ကျူးလွန်လုပ်ဆောင်ခဲ့ပြီး အပြစ်မဲ့ပြည်သူအများအပြား သေကျေထိခိုက်ဒဏ်ရာရရှိစေခဲ့သည်။ ထို့အပြင် သာသနိက အဆောက်အအုံများအနီးတွင် နှစ်ကြိမ်ခန့်နှင့် စာသင်ကျောင်းများ၌ သုံးကြိမ် စုစုပေါင်း ၁၆၂ ကြိမ်၊ လက်နက်/ခဲယမ်းများ ထုတ်ပေး၍ အပြစ်မဲ့ပြည်သူများအား အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှု ၂၈ ကြိမ် ကျူးလွန်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်ကိုးဦး၊ အပြစ်မဲ့ပြည်သူ ၁၂ ဦး စုစုပေါင်း ၂၁ ဦးသေဆုံးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ အပါအဝင် အပြစ်မဲ့ပြည်သူ ၁၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

(ဆက်လက်ဖော်ပြပါမည်)

လူ့အသက်ကယ်တင်ရန် ဆေးပညာသင်ကြားခဲ့ပြီး လူတစ်စုကောင်းစားရေးအတွက် လူသတ်ရန် လက်နက်များပေးပို့ခဲ့သူ၏ ပြောဆိုမှုမှတ်တမ်းဓာတ်ပုံများ




# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၆၁၅ | ၁၆၆၀ | ၁၆၅၅ | ၁၆၂၀ | ၁၆၆၀ | ၁၆၈၀ | ၁၆၆၅ | ၁၆၄၅ | ၁၇၄၀ | ၁၇၅၅ | ၁၆၅၀ | ၁၆၆၀ | ၁၆၉၅ | ၁၆၉၅ | ၁၇၀၀ | ၁၉၁၅ | ၂၆၉၅ |
| 95 Ron | ၁၆၆၅ | ၁၇၁၅ | ၁၇၁၀ | ၁၆၇၅ | ၁၇၁၀ | ၁၇၃၅ | ၁၇၂၀ | ၁၇၀၀ | ၁၇၉၅ | ၁၈၁၀ | ၁၇၀၅ | ၁၇၂၀ | ၁၇၅၀ | ၁၇၅၀ | ၁၇၅၀ | ၁၉၇၀ | ၂၇၅၀ |
| HSD (500 ppm) | ၁၉၇၀ | ၂၀၁၅ | ၂၀၁၀ | ၁၉၇၅ | ၂၀၁၅ | ၂၀၃၅ | ၂၀၃၀ | ၂၀၀၀ | ၂၁၁၅ | ၂၁၁၀ | ၂၀၀၅ | ၂၀၁၅ | ၂၀၅၀ | ၂၀၅၀ | ၂၀၅၀ | ၂၂၇၀ | ၃၀၄၅ |
| HSD (50 ppm) | ၂၀၂၅ | ၂၀၇၀ | ၂၀၇၀ | ၂၀၃၅ | ၂၀၇၀ | ၂၀၉၀ | ၂၀၉၀ | ၂၀၅၅ | ၂၁၇၀ | ၂၁၆၅ | ၂၀၆၀ | ၂၀၇၅ | ၂၁၀၅ | ၂၁၀၅ | ၂၁၁၀ | ၂၃၃၀ | ၃၀၇၅ |
| HSD (10 ppm) | ၂၀၂၅ | ၂၀၇၀ | ၂၀၇၀ | ၂၀၃၅ | ၂၀၇၀ | ၂၀၉၀ | ၂၀၉၀ | ၂၀၅၅ | ၂၁၇၀ | ၂၁၆၅ | ၂၀၆၀ | ၂၀၇၅ | ၂၁၀၅ | ၂၁၀၅ | ၂၁၁၀ | ၂၃၃၀ | ၃၀၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၅၂၆ | ၁၅၉၀ |
| 95 Ron | ၁၅၇၉ | ၁၆၄၄ |
| HSD (500 ppm) | ၁၈၇၀ | ၁၉၃၇ |
| HSD (50 ppm) | ၁၉၂၅ | ၁၉၉၃ |
| HSD (10 ppm) | ၁၉၂၅ | ၁၉၉၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ဩစတြေးလျနိုင်ငံ၌ မျောက်ကျောက်ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ် စတင်မည်

**ဆစ်ဒနီ ဩဂုတ် ၅**

ဩစတြေးလျနိုင်ငံအတွင်း မျောက်ကျောက်ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ဩဂုတ် ၈ ရက်တွင် စတင်မည်ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံ ကျန်းမာရေးအာဏာပိုင်များက ယနေ့ပြောကြားသည်။

နိုင်ငံအတွင်း မျောက်ကျောက်ရောဂါကူးစက်ခံရသူအရေအတွက် မြင့်တက်လျက်ရှိစဉ် အဆိုပါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

လက်ရှိတွင် ဩစတြေးလျနိုင်ငံအတွင်း မျောက်ကျောက်ရောဂါကူးစက်ခံရသူ ၅၈ ဦးရှိပြီး ယင်းတို့အနက် ၅၆ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။ ထို့ပြင် နယူးဆောက်ဝေးလ်ပြည်နယ်မှ နောက်ထပ် ၃၃ ဦးမှာ ရောဂါလက္ခဏာများ တွေ့ရှိသည့်အတွက် ဆေးစစ်မှုခံယူထားဆဲဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောသည်။

ကာကွယ်ဆေးထိုးနှံမှု စတင်သည့်ပထမရက်သတ္တပတ်တွင် မျောက်ကျောက်ရောဂါကူးစက်နိုင်မှုမြင့်မားသည့် အုပ်စုများကို ကာကွယ်ဆေးဦးစားပေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း နယူးဆောက်ဝေးလ်ပြည်နယ် ကျန်းမာရေးတာဝန်ရှိသူများက ပြောသည်။

မျောက်ကျောက်ရောဂါကာကွယ်ဆေး အလုံးရေ ၂၀၀၀၀ ခန့်သည် လာမည့်ရက်အနည်းငယ်အတွင်း ရောက်ရှိမည်ဖြစ်ပြီး ကာကွယ်ဆေးအလုံးရေ ၃၀၀၀၀၀ သည် လာမည့်လအတွင်း ရောက်ရှိမည်ဖြစ်သည်။

နောက်ထပ်မှာယူထားသည့် ကာကွယ်ဆေးအလုံးရေ ထောင်ပေါင်းများစွာသည် လာမည့်နှစ်အတွင်း ရောက်ရှိမည်ဖြစ်သည်။




ကျောက်ရောဂါကာကွယ်ဆေးပေါ်တွင် အခြေခံထုတ်လုပ်ထားသည့် ဒိန်းမတ်ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီ၏ Bavarian Nordic မျောက်ကျောက်ရောဂါကာကွယ်ဆေးများကို မှာယူထားကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# ထိုင်းနိုင်ငံ ချုံဘူရီပြည်နယ်ရှိ နိုက်ကလပ်တစ်ခု မီးလောင်ကျွမ်းမှုဖြစ်ပွား၊ အနည်းဆုံး ၁၃ ဦး သေဆုံး




**ဗန်ကောက် ဩဂုတ် ၅**

ထိုင်းနိုင်ငံအရှေ့ပိုင်း ချုံဘူရီပြည်နယ်ရှိ နိုက်ကလပ်တစ်ခု၌ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၃ ဦး သေဆုံးပြီး အများအပြားထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဩဂုတ် ၅ ရက် ဒေသစံတော်ချိန် နံနက် ၁ နာရီတွင် ချုံဘူရီပြည်နယ်ရှိ မောင်တိန်းဘီ နိုက်ကလပ်၌ မီးလောင်မှုစတင်ဖြစ်ပေါ်ခဲ့ပြီး ဒေသန္တရမီးသတ်သမားများက နှစ်နာရီအကြာတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

သေဆုံးသူများတွင် နိုက်ကလပ်သို့ လာရောက်သည့်ဧည့်သည် ၁၃ ဦးအပါအဝင် အလုပ်သမားများပါဝင်ခဲ့ပြီး ၄၀ ကို နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ထားကြောင်း ရဲအရာရှိများက ဆိုသည်။

ယင်းနိုက်ကလပ်သည် မြို့တော်ဗန်ကောက်မှ မော်တော်ယာဉ်ဖြင့် နှစ်နာရီခန့်သာ မောင်းနှင်ရသည့်အတွက် လူစည်ကားသောကလပ်တစ်ခုဖြစ်သည်။

နိုက်ကလပ်အတွင်း မီးစတင်လောင်ကျွမ်းမှု၏ အကြောင်းရင်းခံကို လိုက်လံစုံစမ်းလျက်ရှိကြောင်း ရဲအရာရှိများကဆိုသည်။

အလားတူ ၂၀၀၉ ခုနှစ် နှစ်သစ်ကူးအခါသမယတွင် မြို့တော်ဗန်ကောက်ရှိ နိုက်ကလပ်တစ်ခု မီးလောင်ကျွမ်းခဲ့ရာ ၆၀ ကျော်သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# အန်ကောဝပ်ဘုရားကျောင်းသို့ ယခုပထမနှစ်ဝက်အတွင်း ခရီးသည် ၈၃၈၅၄ ဦး ဝင်ရောက်ခဲ့

**ဖနောင်ပင် ဩဂုတ် ၅**

ကမ္ဘောဒီးယားနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသည်များလာရောက်ရာနေရာဖြစ်သည့် အန်ကောဝပ်ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ယခုပထမနှစ်ဝက်အတွင်း ခရီးသည် ၈၃၈၅၄ ဦး လာရောက်ခဲ့ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၃ ဒသမ ၃၇ သန်းရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ဇူလိုင်လအတွင်း၌ပင် ခရီးသည် ၂၃၈၇၁ ဦး ဝင်ရောက်ခဲ့ကြောင်း သိရသည်။ ကမ္ဘောဒီးယားနိုင်ငံ အနောက်မြောက်ပိုင်း ဆီရမ်ရိပြည်နယ်တွင်တည်ရှိသည့် အဆိုပါ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ရှေးဟောင်းအမွေအနှစ်စာရင်းဝင်နေရာအဖြစ် ယူနက်စကိုအဖွဲ့က ၁၉၉၂ ခုနှစ်တွင် သတ်မှတ်ခဲ့သည်။ ယခုအချိန်တွင် ကိုဗစ်-၁၉ရောဂါကူးစက်မှုများ ကျဆင်းနေပြီဖြစ်သည့်အတွက် လာမည့်လများအတွင်း ပြည်ပမှခရီးသည်များကို အဆိုပါရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့လာရောက်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း တာဝန်ရှိသူ လောင်ကိုဆိုင်းက ပြောကြားသည်။ နိုင်ငံအတွင်းရှိနယ်စပ်ဒေသများကို ယခုအခါပြန်လည်ဖွင့်လှစ်နိုင်ပြီဖြစ်သည့်အတွက် မကြာမီအချိန်တွင် ခရီးသည် အများအပြားလာရောက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။အဆိုပါရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ၂၀၁၉ ခုနှစ်တွင် ခရီးသည် ၂ ဒသမ ၂ သန်းလာရောက်ခဲ့ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၉၉ သန်းရရှိခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရသူ ၁၁၂၉၀၁ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် ဩဂုတ် ၅**

တောင်ကိုရီးယားနိုင်ငံတွင် ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၁၁၂၉၀၁ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၂၇၃၀၁၁ ဦး ရှိကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။

နေ့စဉ် ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ အရေအတွက်သည်မြင့်တက်နေကြောင်း တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်း နေ့စဉ်ပျမ်းမျှ ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူအရေအတွက်သည် ၉၃၂၃၆ ဦး ရှိသည်။

နိုင်ငံအတွင်း ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ ၄၆၈၁၈ ဦးတွင် ကိုဗစ်-၁၉ရောဂါကူးစက်ခံရကြောင်း တွေ့ရှိခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါကြောင့် သေဆုံးသူ ၂၅၁၉၁ ဦး ရှိသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၀၇၅ ဦး ထပ်မံတွေ့ရှိ

**ဟနွိုင်း ဩဂုတ် ၅**

ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၇၅ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၁၁၁၉၂၀၄၃ ဦး ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ နိုင်ငံအတွင်း ယခုအချိန်တွင် ကိုဗစ်-၁၉ရောဂါကြောင့် သေဆုံးသူ ၄၃၀၉၄ ဦး ရှိပြီး ကိုဗစ်-၁၉ရောဂါမှ ပြန်လည်သက်သာလာသူ ၉၉၅၇၆၅၅ ဦး ရှိသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ကာကွယ်ဆေး အလုံးရေ ၂၄၇ ဒသမ ၇ သန်းကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။ နိုင်ငံအတွင်း အိုမီခရွန် BA.2.12.1 BA.5 BA.4 ဗီဇပြောင်းမျိုးကွဲများကို တွေ့ရှိရသောကြောင့် လေးကြိမ်မြောက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို အရှိန်မြှင့်ဆောင်ရွက်နေကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၄၁၃ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ ဩဂုတ် ၅**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၄၁၃ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၆၉၇၂၁၃ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါကူးစက်ခံရသူများအနက် ခြောက်ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည် ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၄၄၀၇ ဦးသည် ဒေသတွင်း ကူးစက်ခံရသူများဖြစ်သည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ရှစ်ဦးထပ်မံသေဆုံးသည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၃၆၀၀၃ ဦးရှိကြောင်း သိရသည်။

သို့သော် လူနာ ၃၃၉၄ ဦး ရောဂါမှ ပြန်လည်ကျန်းမာလာခဲ့သည့်အတွက် ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသူပေါင်း ၄၆၁၃၆၇၆ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၄၇၅၃၄ ဦးရှိပြီး ယင်းတို့အနက် ၅၂ ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရပြီး ၃၂ ဦးသည် အသက်ရှူအထောက်အကူပြု ကိရိယာများ တပ်ဆင်ထားရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၆ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံပေးပြီးဖြစ်သည်။ ၈၄ ဒသမ ၁ ရာခိုင်နှုန်းသည် ကာကွယ်ဆေး အပြည့်အဝထိုးနှံမှုခံယူပြီးဖြစ်ပြီး ၄၉ ဒသမ ၆ ရာခိုင်နှုန်းသည် ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၅

ဘုတ်ပြင်းမြို့နယ်၊ ဗဟန်းမြို့နယ်၊ ကွမ်းလုံမြို့နယ်နှင့် လှိုင်လင်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သိမ်းဆည်းရမိ**

ဖြစ်စဉ်မှာ တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ဘုတ်ပြင်းမြို့နယ် ရေငံကြီးကျေးရွာအုပ်စု ရေငံကြီးကျေးရွာနေ မငွေးမြင့်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မောင်ဇော်(ခ) သန်းဇော်၊ သန်းမျိုးဦးတို့အား တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၄၃၀၀ ကိုလည်းကောင်း၊ ဩဂုတ် ၄ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဗဟန်းမြို့နယ် ရေတာရှည် ရပ်ကွက်တွင် ကောင်းထက်ဇော်(ခ) ပြောင်ကြီးကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် လှစိုးအား ဗဟန်းမြို့နယ် ရွှေနံ့သာရပ်ကွက်ရှိ ၎င်း၏နေအိမ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၆၈၀၀ နှင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချပေးသူ မနီနီအုန်းအား ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက်ရှိ ၎င်း၏နေအိမ်၌လည်းကောင်း၊ အလားတူ ယင်းနေ့ ည ၉ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွမ်းလုံမြို့နယ် တုံကျက်ကျေးရွာအုပ်စု တာပန်ချောက်ကျေးရွာနေ မအီးဆွေ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၃ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်လင်မြို့နယ် ပန်ပိုးကျေးရွာအုပ်စု ဟိုတင့်ကျေးရွာအနီး လှိုင်လင်-တောင်ကြီးသွားကားလမ်းတွင် ဝင်းနိုင်(ခ)ဟူစိန် မောင်းနှင်ပြီး ထင်ပေါ်(ခ)စိုင်ဖော်လာ လိုက်ပါလာသည့် Nissan AD VAN ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



ထင်ပေါ်(ခ)စိုင်ဖော်လာနှင့် ဝင်းနိုင်(ခ)ဟူစိန်တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ မော်တော်ယာဉ်အပိုပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်း၊ လုပ်ငန်းသုံးစက်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၅

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂ ရက်တွင် အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန် အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်နှင့် ကိုက်ညီမှုမရှိသည့် လုပ်ငန်းသုံး စက်ပစ္စည်းများ **(ခန့်မှန်းတန်ဖိုးငွေကျပ်၈၀၀၀၀၀၀)**ကိုသိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၃ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဂွမြို့နယ် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံတွဲခရိုင် ဂွမြို့နယ် တောင်ညို ကြိုးပြင်ကာကွယ်တောအတွင်း တရားမဝင် သစ်ပုတ်ခွဲသား ၁၁ ဒသမ ၈၅၃၆ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၉၇၅၂)**ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၄ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်း စစ်ဆေးရေးစခန်း၌ တာဝန်ကျ စစ်ဆေးရေးအဖွဲ့က မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်များအား စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်နှင့် ကိုက်ညီမှုမရှိသော ကားတာယာများ၊ ကြွေပြားချပ်များ၊ သန့်စင်ခန်းသုံးပစ္စည်းများ၊ ကလေးစီးစက်ဘီးများ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၄၀၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ကိုင်းမြို့ တကောင်းရပ်ကွက် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ပူးပေါင်း စစ်ဆေးရေးဂိတ်၌ ယာဉ်ထိန်းရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀)** ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




မန္တလေးတိုင်းဒေသကြီး (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် (၁၆) မိုင် ကျောက်ချော စစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့် Speaker မျိုးစုံ၊ မိုဘိုင်းဖုန်း ဆက်စပ်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၉၈၆၄၀)**နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso ၁၂ ဘီးကုန်တင်ယာဉ်တစ်စီး **(ခန့်မှန်း တန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)** စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၉၈၆၄၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ရေတာရှည်မြို့နယ် သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ရေတာရှည်မြို့နယ် ရိုးမကြိုးပြင်ကာကွယ်တောအတွင်း တရားမဝင်သစ်မာခွဲသား ၂ ဒသမ ၀၇၃၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၆၅၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်ပါ၍ ဩဂုတ် ၂ ရက်၊ ၃ ရက်၊ ၄ ရက်နှင့် ၅ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု (ခန့်မှန်း တန်ဖိုးငွေကျပ် ၆၈၉၀၄၈၉၂ ) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၆-၈-၂၀၂၂ စနေနေ့

**MRTV HD**

**၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ ေတာဇ္ဈင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** လူငယ်ရေးရာအစီအစဉ်
**၁၁:၄၅** တိုင်းရင်းသားရိုးရာအစားအစာ ချက်ပြုတ်နည်းများ
**၁၂:၃၀** မြန်မာဇာတ်လမ်းတွဲ **'အချစ်ရဲ့အိပ်မက်တန်ဖိုး'**(အပိုင်း-၆)
**၁၃:၃၀** MRTV National News
**၁၄:၂၅** Weekly MNL Review
**၁၆:၃၅** ပုံပြင်ကမ္ဘာအစီအစဉ် **'တူသောအကျိုး'**
**၁၆:၄၅** ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
**၁၇:၁၅** ရှုလေမြင်လေ ကမ္ဘာမြေ
**၁၇:၄၀** ပြည်သူကြားမှပြည်သူ့ စကား ခေတ်စပ်မြေဖြူရင်း ဆောင်ရွက်ခြင်း၏အကျိုးကျေးဇူးများ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတဝေဖြာ သီရိဂေဟာ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့လျှို့ဝှက်ချက်'** (အပိုင်း-၁၁၂)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** **(၃၀)ကြာပဝါလာ** (ဦးနန်းဝင်းရေးသားပူဇော်တင်ဆက်သည်) **'သိပ္ပံ' နှင့် 'သောဝစ္စသတ'**
**၂၁:၄၅** ဟိုးတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်း

**mitv**

**07:00** Evergreen Classic: Myat Hsu Mon (Hnin Yee Thant, Hnin Hnin Htoo, Shwe Yee Win, Sein Lei Lei, Nan Sandy)
**07:09** Weekly Review
**07:20** From Bamboo Strip to Sublime Buddha
**07:42** Myanmar Designer Studio: Khit Min
**08:00** Quiz Time (Ep-20)
**09:01** News
**09:26** Global Partnership for Brighter Future: Slovenia Pavilion at Expo 2020 Dubai
**09:32** Attractive New Destinations of Bagan
**10:02** Mote Pel Sote from Intaing Village
**10:09** The Ornithologist: Dr. Thein Aung

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
မုလအိ(အပိုင်း-၁)
**ချင်း ( လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ချင်းတောင်တွင် စီးပွားဖြစ်လာသည့် စတော်ဘယ်ရီစိုက်ပျိုးရေး
**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
နွားနောက်သားဆန်ပြုတ်
**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၀)
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ထိန်းသိမ်းစို့လေ ရိုးရာအမွေ(အပိုင်း-၂) (တက်ညီလက်ညီအပြိုင်လှော် ရခိုင်ရိုးရာပြိုင်လောင်းပွဲတော်)
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ထင်းရှူးတန်းကရှိုက်ခံပန်း
**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ဝရိုးရာခေါ်ပုတ်ထောင်းနည်း
**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
မာတာဖိုင်မပေမ့်ချေ(ဇာတ်လမ်းတို)
**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
တစ်နယ်တစ်ကျေးက ကယားတို့ရွာ
**စကောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ရဲသောင်ချောင်း
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
မြန်မာ့လက်မှုပညာ ပုသိမ်ထီးလုပ်ငန်း

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၇:၄၅** ပျော်မြေထဲက ပအိုဝ်းဒေသ
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'တံစိုးလက်ဆောင်ရယူခြင်း'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၇)
**၁၁:၀၀** ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၂)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၇)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၅၀** ဆွေးနွေးကြမယ်၊ စိုက်ပျိုးမွေးမြူနည်းအသွယ်သွယ်
**၀၇:၀၀** ဆေးပက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
**၀၇:၅၀** ရွှေညာမြေမှပဲတီစိမ်း
**၀၇:၅၀** သဘော်သီးနံ့အကြောင်း သိလိုပါလျှင်
**၀၈:၃၀** အာလူးစိုက်ပျိုးရေး
**၀၉:၅၀** စွမ်းစွမ်းတမံမြစ်သားငြိ

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

**✻ CDM မှ**

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**■ မြန်မာအမျိုးသမီးများမှ**

လိင်အသားပေးဓာတ်ပုံနှင့် ဗီဒီယိုများအား အခကြေးငွေရယူ၍ Post တင်ခဲ့ကြောင်း၊ ရရှိသည့်အခကြေးငွေများအား Website မှ ၂၅ ရာခိုင်နှုန်းနှင့် Post တင်သူမှ ၇၅ ရာခိုင်နှုန်း ခွဲဝေရရှိခဲ့ကြောင်း ဖော်ထုတ်သိရသည်။

**ဖော်ထုတ်သိရှိရ**

အလားတူ နန်းမွေစံသည် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလခန့်တွင် အိန္ဒိယနိုင်ငံထုတ် အလှကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်နေသူ Mrs. Kumar ၏ ချိတ်ဆက်ပေးမှုအရ Exantria Website ပိုင်ရှင် Mr. Rafal နှင့် ရင်းနှီးခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလမှစ၍ Mr. Rafal ဦးစီးလုပ်ကိုင်ဖွင့်လှစ်ပေးသည့် Onlyfans Website တွင် လိင်အသားပေးဓာတ်ပုံနှင့် ဗီဒီယိုများအား အခကြေးငွေရယူ၍ Post တင်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှစ၍ Mr. Rafal နှင့် ထပ်မံချိတ်ဆက်ခဲ့ပြီး Exantria Website သို့ လိင်အသားပေးဓာတ်ပုံနှင့် ဗီဒီယိုဖိုင်များ ထပ်မံပေးပို့၍ Post တင်ခဲ့ကြောင်း၊ အဆိုပါ Website မှ ရရှိသည့် အခကြေးငွေများအား Post တင်သူမှ ၇၀ ရာခိုင်နှုန်းနှင့် Website မှ ၃၀ ရာခိုင်နှုန်းခွဲဝေရရှိခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

စိစစ်ချက်များအရ Exantria Website သို့ လိင်အသားပေးဓာတ်ပုံနှင့် ဗီဒီယိုဖိုင်များ အခကြေးငွေရယူကာ လူမှုကွန်ရက်၌ ဖော်ပြနေသူများတွင် သင်ဇာဝင့်ကျော်နှင့် နန်းမွေစံတို့အပြင် အချို့သော လိင်အသားပေးမော်ဒယ်များလည်း ပါဝင်လုပ်ကိုင်လျက်ရှိကြောင်း စိစစ်တွေ့ရှိရသည်။

သို့ဖြစ်၍ မြန်မာအမျိုးသမီးများ စောင့်ထိန်းလိုက်နာအပ်သော ဟီရိဩတ္တပ္ပတရားကင်းမဲ့စွာဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် ဂုဏ်သိက္ခာကို ထိခိုက်စေပြီး မြန်မာအမျိုးသမီးများအား ကမ္ဘာ့အလယ်တွင် အထင်အမြင်သေးစေနိုင်သည့် လိင်အသားပေးဓာတ်ပုံနှင့် ဗီဒီယိုဖိုင်များအား အခကြေးငွေရယူ၍ ဖြန့်ဝေခဲ့သူ သင်ဇာဝင့်ကျော်နှင့် နန်းမွေစံတို့နှစ်ဦးကို အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ-၃၃(က) အရ အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်ထားရှိကြောင်းနှင့် အလားတူ မြန်မာ့ယဉ်ကျေးမှုကို ထိခိုက်စေပြီး မြန်မာအမျိုးသမီးများ၏ အရှက်နှင့် ဂုဏ်သိက္ခာကို ညှိုးနွမ်းစေမည့်ကိစ္စရပ်မျိုး လုပ်ဆောင်လျက်ရှိသူများအား စိစစ်ဖော်ထုတ်၍ ဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သဘာဝဘေးအန္တရာယ်များကျရောက်ပါက ထိခိုက်ပျက်စီးဆုံးရှုံးမှု လျော့နည်းသက်သာစေရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မန္တလေး ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်မှုများဖြစ်ပွားပါက ထိခိုက်ပျက်စီးဆုံးရှုံးမှု လျော့နည်းသက်သာစေရန် အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအေးမင်းသူက ပြောသည်။

အဆိုပါ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်ပြီး စီမံခန့်ခွဲရာတွင် မဖြစ်ပွားခင်ကာလ၊ ဖြစ်ပွားနေစဉ်ကာလနှင့် ဖြစ်ပွားပြီးကာလဟူ၍ အပိုင်းသုံးပိုင်းရှိကြောင်း၊ ယင်းအပိုင်းသုံးပိုင်းသည် အရေးကြီးသည့်အပိုင်းများ ဖြစ်ကြောင်း၊ အထူးသဖြင့် မဖြစ်ခင်အခြေအနေတွင် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများ ကောင်းကောင်းလုပ်နိုင်ပါက တုံ့ပြန်ရေးအပိုင်းတွင်လည်း ကောင်းလာနိုင်ပြီး တုံ့ပြန်ရေး ကောင်းလာသည်နှင့်အမျှ ကျရောက်သည့် ပြင်းအားအတိုင်းမရှိဘဲ လျော့ပါးသက်သာစွာ ခံစားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းအခြေအနေကို တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

"သဘာဝဘေးနဲ့ ပတ်သက်ပြီး စီမံခန့်ခွဲမှုက အပိုင်းသုံးပိုင်းရှိပါတယ်။ အဲဒီသုံးပိုင်းအပေါ်ကြည့်တဲ့အခါ မဖြစ်ခင်အခြေအနေမှာ ကြိုတင်ပြင်ဆင်မှု ကောင်းကောင်းလုပ်နိုင်သလား၊ ပြည်သူတွေ သိရှိသလား၊ ပူးပေါင်းပါဝင်မှုတွေရှိသလားဆိုတာတွေဟာ ပြန်လည်ထူထောင်ရေးအပိုင်းတွေမှာ သက်ရောက်မှုတွေရှိပါတယ်။ ကြိုတင်ပြင်ဆင်မှု အားကောင်းနေရင် တုံ့ပြန်ရေးကောင်းလာပါတယ်။ နိုင်ငံတကာမှာဆိုရင်လည်း သဘာဝဘေးနဲ့ပတ်သက်ပြီး စီမံခန့်ခွဲမှုလုပ်ငန်းတွေကို တကယ်အလေးထားလုပ်တယ်။ ဖြစ်ပွားပြီးမှ ဆောင်ရွက်တာနဲ့စာရင် မဖြစ်ခင်က ဆောင်ရွက်တဲ့အတွက် ထိခိုက်ပျက်စီးမှု နည်းတယ်။ နည်းတဲ့အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ အသုံးပြုရတဲ့ ဘတ်ဂျက်တွေ၊ ငွေတွေ၊ ဆက်စပ်ကဏ္ဍအလိုက် ဆုံးရှုံးမှုတွေ တအားလျော့သွားပါတယ်။ ကြိုတင်ပြင်ဆင်မှုကောင်းရင် အန္တရာယ်တစ်ခုခုကျရောက်ခဲ့ပေမယ့် ဘေးအန္တရာယ်ဖြစ်လောက်တဲ့အထိ မခံစားရတော့ပါဘူး။ အဲဒါကြောင့် ဘေးဒဏ်ကို ကြံ့ကြံ့ခံတုံ့ပြန်ရင်ဆိုင်နိုင်တဲ့ အနေအထားကို တည်ဆောက်နေတာ ဖြစ်ပါတယ်" ဟု ၎င်းကဆက်လက်ရှင်းပြသည်။

အဆိုပါ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်ပြီး ဆောင်ရွက်သည့်အချိန်တွင် သက်ဆိုင်ရာဌာနများ၊ အုပ်ချုပ်မှုဆောင်ရွက်နေသည့် အဖွဲ့များနှင့်သာ ဆောင်ရွက်၍ရသည့် လုပ်ငန်းမျိုးမဟုတ်ခြင်းကြောင့် ပြည်သူများကလည်း အဓိကပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထိုသို့ ပြည်သူများ ပူးပေါင်းပါဝင်ပြီး လိုက်ပါဆောင်ရွက်မှသာ ဘေးဒဏ်ခံနိုင်သည့် လူမှုအသိုင်းအဝိုင်းတစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် သဲဖြူကျေးရွာနေ အောင်ရဲလွင်သည် ၎င်းအသုံးပြုသည့် "Aung Yair Lwin" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက်နေ ခင်သက်မော်သည် ၎င်းအသုံးပြုသည့် "Khin Thet Maw" Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် (၈) ရပ်ကွက်နေ သူရဝင်းနှင့် အမှတ်(၁၄) ရပ်ကွက်နေ နေမျိုးအောင်(ခ) ကရင်တို့နှစ်ဦးသည် ၎င်းတို့အသုံးပြုသည့် "Thura Win" Facebook အကောင့်နှင့် "Nay Myo Aung" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဓာတ်ခွဲနမူနာစုစုပေါင်း ၆၁၇၄ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၅-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၄-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၆,၁၇၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၆၅,၈၁၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၄,၁၇၀) ဦးရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၉၇၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါ ဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိသေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား ကျောင်းသူများ၊ ကျောင်းနေပြင်ပကလေးများနှင့် ပြည်သူများအားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လအတွင်းရောက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၅-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၇၈) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၈) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁၇၄) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၀၇) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၄၅) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၈၆၂) ခု | (၆) ဦး |
| စုစုပေါင်း | (၆,၁၇၄) ခု | (၁၂) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၃၇၃၉၆၆၆ | ၈၈၇၀၀၉၆၉ | ၁၀၅၇၈၁၁ |
| ၂။ | အိန္ဒိယ | ၄၄၁၀၇၅၈၈ | ၄၃၄၄၅၆၂၄ | ၅၂၆၆၀၀ |
| ၃။ | ပြင်သစ် | ၃၃၉၉၃၉၃၀ | ၃၂၆၆၆၄၄၄ | ၁၅၂၄၅၇ |
| ၄။ | ဘရာဇီး | ၃၃၉၆၄၄၉၄ | ၃၂၆၄၃၁၅၇ | ၆၇၉၅၉၄ |
| ၅။ | ဂျာမနီ | ၃၁၁၇၈၇၀၅ | ၂၉၄၅၅၄၀၀ | ၁၄၄၇၁၇ |
| ၆။ | ဗြိတိန် | ၂၃၃၆၈၈၉၉ | ၂၂၈၀၇၆၅၆ | ၁၈၅၀၅၂ |
| ၇။ | အီတလီ | ၂၁၂၁၃၅၅၉ | ၁၉၈၆၅၅၃၆ | ၁၇၂၇၂၉ |
| ၈။ | တောင်ကိုရီးယား | ၂၀၂၇၃၀၁၁ | ၁၈၇၆၂၉၁၂ | ၂၅၁၉၁ |
| ၉။ | ရုရှား | ၁၈၆၇၂၄၂၂ | ၁၈၀၁၉၈၈၃ | ၃၈၂၆၅၁ |
| ၁၀။ | တူကီယဲ | ၁၅၈၈၉၄၉၅ | ၁၅၄၈၇၄၆၈ | ၉၉၃၄၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၁၉၂၀၄၃ | ၉၉၅၇၆၅၅ | ၄၃၀၉၄ |
| ၂။ | အင်ဒိုနီးရှား | ၆၂၃၅၂၄၄ | ၆၀၂၇၈၇၂ | ၁၅၇၀၇၂ |
| ၃။ | မလေးရှား | ၄၆၉၇၂၁၃ | ၄၆၁၃၆၇၆ | ၃၆၀၀၃ |
| ၄။ | ထိုင်း | ၄၆၀၀၉၇၈ | ၄၅၄၈၃၃၉ | ၃၁၅၂၉ |
| ၅။ | ဖိလစ်ပိုင် | ၃၇၉၅၀၀၈ | ၃၆၉၇၀၄၅ | ၆၀၇၇၄ |
| ၆။ | စင်ကာပူ | ၁၇၄၂၈၇၄ | ၁၆၄၅၃၇၈ | ၁၅၃၁ |
| ၇။ | မြန်မာ | ၆၁၄၁၇၀ | ၅၉၂၉၇၀ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၁၆၄၃ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၂၁၁၁၅၇ | ၂၀၅၇၇၃ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၉၅၉ | ၁၃၃၆၄၀ | ၃၀၅၆ |

## အသက် ၁၈ နှစ်အောက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံ

ညောင်လေးပင် ဩဂုတ် ၅

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ယနေ့နံနက် ၉ နာရီက အထက(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော အသက် ၁၈ နှစ်အောက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံပေးရာတွင် သတ်မှတ်အသက်နှင့်ကိုက်ညီ၍ မိဘအုပ်ထိန်းသူသဘောတူညီသောကျောင်းသားကျောင်းသူများကိုသာ ထိုးနှံပေးခြင်းဖြစ်ပြီး ညောင်လေးပင်မြို့နယ်တွင် ကျောင်းသား ကျောင်းသူများအား မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ အရောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးလိုက်လံထိုးနှံပေးလျက်ရှိပြီး ကျန်ရှိနေသော ကျောင်းများသို့လည်း သတ်မှတ်ရက်များအတိုင်း ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ စေတနာ့ဝန်ထမ်းများနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဟိန်းသူနိုင်(ပြန်/ဆက်)



# စားနပ်ရိက္ခာဖူလုံဖို့ သီးနှံသစ်တောရောနှောစိုက်ပျိုးစို့

**သစ်တောမောင်**




**စားနပ်ရိက္ခာဖူလုံရေး**

စားနပ်ရိက္ခာဖူလုံရေးသည် မိသားစုတိုင်းအတွက် အခြေခံအကျဆုံး လိုအပ်ချက်တစ်ရပ်ဖြစ်သကဲ့သို့ နိုင်ငံတည်ငြိမ်ရေး၊ အေးချမ်းသာယာဝပြောရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးဆုံးလိုအပ်ချက်တစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည် စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စားနပ်ရိက္ခာအမျိုးမျိုး ထုတ်လုပ်ရေးအတွက် နေ့စဉ်ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

ယနေ့အချိန်အခါတွင် ကမ္ဘာတစ်ဝန်း ရာသီဥတု ပြောင်းလဲခြင်း၊ သစ်တောများ ပြုန်းတီးခြင်း၊ မြေဆီလွှာအာဟာရလျော့နည်းလာခြင်း၊ မြေအဆင့်အတန်းလျော့ကျခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ ရေခန်းခြောက်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းလာခြင်း၊ ပိုးမွှားများကျရောက်ခြင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်း စသည့်ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ ဖြစ်ပေါ်လျက်ရှိပြီး စားနပ်ရိက္ခာထုတ်လုပ်မှုပမာဏ လျော့နည်းကျဆင်းခြင်း၊ အရည်အသွေးများ ကျဆင်းခြင်း၊ စားနပ်ရိက္ခာရှားပါးခြင်းတို့ ဖြစ်ပေါ်လျက်ရှိသည်။ အကျိုးဆက်အားဖြင့် စားနပ်ရိက္ခာဈေးနှုန်း ကြီးမြင့်ခြင်းများလည်း ဖြစ်ပေါ်လျက်ရှိသည်။

ယခုအခါတွင် ကမ္ဘာ့နိုင်ငံများ တွေ့ကြုံနေရသည့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ၊ စိန်ခေါ်မှုများ၊ စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းရန် သဘာဝကိုအခြေခံသောဖြေရှင်းခြင်းနည်းလမ်းများ (Nature-based solutions) ကို အသုံးပြုရန် အလေးပေးဆောင်ရွက်လာကြပါသည်။ ဥပမာအားဖြင့် စားနပ်ရိက္ခာဖူလုံရေးအတွက် သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် ရာသီဥတုသာယာမျှတစေရန် ထိန်းညှိပေးနိုင်ပြီး မြေဆီဩဇာကြွယ်ဝစေသည့်သစ်ပင်များ ရောနှောစိုက်ပျိုးခြင်း၊ ရေဝေရေလဲဒေသသစ်တောများ ထိန်းသိမ်းခြင်း၊ မြေအသုံးချမှု စနစ်တကျထိရောက်မှန်ကန်စွာ ဆောင်ရွက်ခြင်း၊ ရာသီဥတုပြောင်းလဲမှုကို လျှော့ချနိုင်မည့် စိုက်ပျိုးရေးနည်းစနစ်များ အသုံးပြုခြင်း (Climate Smart Agriculture-CSA)၊ ကောင်းမွန်သောစိုက်ပျိုးနည်းနှင့် မွေးမြူရေးစနစ်များ အသုံးပြုခြင်း စသည့်နည်းလမ်းများသည် ရိက္ခာဖူလုံရေးအတွက် အလွန်အထောက်အကူပြုနိုင်သည့် သဘာဝအခြေခံသောနည်းလမ်းများဖြစ်ပါသည်။ တစ်နည်းအားဖြင့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း (Agroforestry) နည်းစနစ်များကို အသုံးပြုခြင်းဖြင့် စားနပ်ရိက္ခာဖူလုံခြင်း၊ ဂေဟစနစ်ထိန်းသိမ်းနိုင်ခြင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ခြင်း စသည့်အကျိုးကျေးဇူးများ ရနိုင်မည်ဖြစ်ပါသည်။

စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေး၊ သစ်တောသယံဇာတများ ထာဝစဉ်တည်တံ့ရေး၊ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့သည် ဆက်စပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စိုက်ပျိုးရေးထုတ်ကုန်များနှင့် သားငါးမွေးမြူရေးထုတ်ကုန်ထုတ်လုပ်သူအများစုမှာ တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူသူများ၊ အသေးစားထုတ်လုပ်သူများ၊ အစုအဖွဲ့ဖြင့် ထုတ်လုပ်သူများ ဖြစ်ပါသည်။ စားနပ်ရိက္ခာထုတ်လုပ်နိုင်မှုပမာဏနှင့် အရည်အသွေးသည် ရေ၊ မြေ၊ ရာသီဥတုကောင်းမွန်မှုနှင့် ထုတ်လုပ်သူများ၏ စွမ်းဆောင်ရည်အပေါ်တွင် များစွာမူတည်နေပါသည်။ စိုက်ပျိုးခြင်း၊ သားငါးမွေးမြူခြင်း၊ ငါးဖမ်းခြင်းနှင့် ရေထွက်ပစ္စည်းများထုတ်လုပ်ခြင်း စသည့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသေးစားလုပ်ငန်းများ၏ သဘောသဘာဝမှာ နေရာဒေသကိုလိုက်၍သော်လည်းကောင်း၊ ဓလေ့ထုံးတမ်းများ၊ ရိုးရာယဉ်ကျေးမှုများ၊ တန်ဖိုးထားစံနှုန်းများနှင့်သော်လည်းကောင်း ဆက်စပ်နေပြီး စားနပ်ရိက္ခာဖူလုံရေးအတွက် အကျိုးပြုလျက်ရှိပါသည်။

**သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း (Agroforestry)**

သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်းသည် မြေအသုံးချမှုနည်းစနစ်တစ်မျိုးဖြစ်၍ ၎င်းအသုံးချခံမြေဧရိယာပေါ်မှ ရေရှည်အကျိုးအမြတ်အများဆုံး ရရှိရန်နှင့် သစ်တောထွက်ပစ္စည်း၊ စိုက်ပျိုးသီးနှံနှင့် မွေးမြူရေးထုတ်ကုန် သုံးမျိုးအနက် ထုတ်ကုန်တစ်မျိုးထက် ပိုမိုထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ လုပ်ကိုင်သော မြေယာအသုံးချမှုစနစ်တစ်ခုဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။

အခြေခံအားဖြင့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းစနစ်တွင် သစ်တောသစ်ပင်များနှင့် ဆေးဖက်ဝင်အပင်များ၊ နွယ်ပင်များအပါအဝင် ရာသီသီးနှံအပင်များ၊ စားပင်သီးပင်များ၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများကို ဒေသနှင့်ကိုက်ညီသော အဖိုးတန်သစ်တောသစ်ပင်များ၊ ကြီးမြန်ပင်များ စုစည်းပူးပေါင်းစိုက်ပျိုးကာ မြေဧရိယာတစ်ခုတည်းမှ အထွက်နှုန်းကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ မြေအသုံးချနည်းစနစ် အမှန်ကန်ဆုံးနှင့် မြေစွမ်းအားအပြည့်အဝအသုံးချရေးအတွက် စုစည်းဆောင်ရွက်ခြင်းဖြစ်ပါသည်။ သဘာဝအရင်းအမြစ်များကို ရေရှည်အပြည့်အဝအသုံးချရေးအတွက် စီမံအုပ်ချုပ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဂေဟစနစ်ကို တည်ငြိမ်စေပြီး ရာသီဥတုကို ထိန်းညှိပေးနိုင်သည့် သစ်တောသစ်ပင်များနှင့်တွဲဖက်ပြီး စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ခြင်းဖြင့် ကျေးရွာအဆင့်၊ ဒေသအဆင့် ရာသီဥတုမျှတပြီးစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အကျိုးကျေးဇူးများစေနိုင်ပါသည်။

သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းစနစ်တွင် သစ်တောသစ်ပင်များကို နှစ်ရှည် သို့မဟုတ် နှစ်ချင်းစားသုံးသီးနှံများနှင့်သော်လည်းကောင်း၊ တိရစ္ဆာန်အစားအစာဖြစ်သည့် အပင်များ၊ မြက်၊ ပဲမျိုးများ စသည်တို့နှင့်သော်လည်းကောင်း ရောနှောစိုက်ပျိုးလေ့ရှိပါသည်။ ငါး၊ ပုစွန်၊ ကဏန်းများနှင့် ဒီရေတောအပင်များ ရောနှောစိုက်ပျိုးမွေးမြူခြင်း၊ ကြက်၊ ဝက်၊ ဘဲ၊ ဆိတ်၊ ကျွဲ၊ နွားများနှင့် သစ်တောသစ်ပင်များ ရောနှောစိုက်ပျိုး၊ မွေးမြူခြင်းတို့သည်လည်း သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းလုပ်ငန်းများ ဖြစ်ပါသည်။

သီးနှံသစ်တောစိုက်ပျိုးနည်းစနစ် အမျိုးမျိုးရှိပါသည်။ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းတွင် ပါဝင်သည့် အစိတ်အပိုင်းများအပေါ်မူတည်၍လည်းကောင်း၊ မတူကွဲပြားသောဒေသများနှင့် ဂေဟစနစ်များ၊ မြေမျက်နှာသွင်ပြင်၊ ရာသီဥတု၊ မိရိုးဖလာစိုက်ပျိုးမှုပုံစံများအပေါ်တွင် မူတည်၍လည်းကောင်း သီးနှံသစ်တောစိုက်ပျိုးနည်းစနစ် အမျိုးမျိုးကွဲပြားပါသည်။ သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းတွင် အခြေခံအားဖြင့် အောက်ဖော်ပြပါ မတူညီသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတို့ ပါဝင်သည်-

(က) ရာသီသီးနှံနှင့် သစ်တောသစ်ပင်များ ရောနှောစိုက်ပျိုးသောစနစ်၊

(ခ) သစ်တောသစ်ပင်များနှင့် ကျွဲ၊ နွား၊ ဆိတ်၊ ကြက်၊ ဝက် စသည်တို့ ရောနှောစိုက်ပျိုးဆောင်ရွက်သောစနစ်၊

(ဂ) ရာသီသီးနှံနှင့် သစ်တောသစ်ပင်များ၊ ကျွဲ၊ နွား၊ ဆိတ်၊ ကြက်၊ ဝက် စသည့် တိရစ္ဆာန်များ ရောနှောစိုက်ပျိုးမွေးမြူသောစနစ်နှင့်

(ဃ) သစ်တောသစ်ပင်များနှင့် ပျားတွဲဖက်မွေးမြူခြင်း၊ သစ်တောသစ်ပင်များ၊ ဒီရေတောအပင်များနှင့် ငါး၊ ပုစွန်၊ ကဏန်းတွဲဖက်မွေးမြူခြင်း အပါအဝင် ဘက်စုံစိုက်ပျိုးမွေးမြူစနစ်တို့ ဖြစ်ပါသည်။

ထို့ပြင် ဒေသအလိုက် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းနည်းစနစ်များ ကွဲပြားကြပြီး အပူပိုင်းဒေသများတွင် အောက်ဖော်ပြပါ သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းနည်းစနစ်များ၊ ပုံစံများကိုလည်း တွေ့နိုင်ပါသည်-

- ❖ တောင်ယာစိုက်ပျိုးခြင်း၊
- ❖ အပင်အလွှာစုံပါသည့် အိမ်ခြံဥယျာဉ် (Home Garden) တည်ထောင်စိုက်ပျိုးခြင်း၊
- ❖ သစ်တောစိုက်ခင်းနှင့် ရာသီသီးနှံ ရောနှောစိုက်ပျိုးခြင်း၊
- ❖ ပုံစံမျိုးစုံဖြင့် သစ်တောသစ်ပင်၊ ရာသီသီးနှံ၊ နှစ်ရှည်-နှစ်လတ်စားသီးနှံများ ရောနှောစိုက်ပျိုးခြင်း၊
- ❖ လေကာတန်းများနှင့် အရိပ်ပင်တန်း စိုက်ပျိုးခြင်း၊

**စာမျက်နှာ ၁၈ သို့** ■

**“ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်သော အစုအဖွဲ့များ၊ တစ်နိုင်တစ်ပိုင် သစ်တောစိုက်ခင်းတည်ထောင်သူများအနေဖြင့်လည်း မိမိတို့၏ သစ်တောထိန်းသိမ်းရေး၊ သစ်တောစိုက်ခင်းလုပ်ငန်းများတွင် ဒေသအလိုက် စပါး၊ ပဲ၊ ပြောင်း၊ နှမ်း အပါအဝင် ရာသီအလိုက် ဟင်းသီးဟင်းရွက်နှင့် သီးနှံများ ထည့်သွင်းစိုက်ပျိုးခြင်း၊ နှစ်ရှည်သီးပင်စားပင်များ ထည့်သွင်းစိုက်ပျိုးခြင်း၊ ဒေသနှင့်ကိုက်ညီသော မွေးမြူရေးလုပ်ငန်းများ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် သစ်တောထွက်ပစ္စည်းများရရှိရုံသာမက စားနပ်ရိက္ခာများဖူလုံပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်”**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG နှင့်ဆက်သွယ်၍ Online စနစ်ဖြင့် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရန် ဖိတ်ခေါ်

**နေပြည်တော် ဩဂုတ် ၅**

အစိုးရ၏ပညာရေးစနစ် ပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG မှ အဖွဲ့ဝင် တရားခံပြေး ဇော်ဝေစိုးနှင့် ဂျာထွယ်ပန်တို့သည် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်အား Online စနစ်ဖြင့် သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

ယင်းအစီအစဉ်တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူထားသူ ကောင်းသိုက်စိုး (CDM၊ လက်ထောက်မြို့နယ်ပညာရေးမှူး) အပါအဝင် ဝင်းမိုလ်(ခ) ဘိုဘို(CDM၊ မူလတန်းပြ)နှင့် သန့်စင်ထိုက်(CDM၊ မူလတန်းပြ) တို့ သုံးဦးအား တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့နယ် လှည်းရိုးရပ်ကွက်ရှိ ပြည့်တန်ဆာအခန်း၌ အမျိုးသမီးများနှင့်အတူ သောက်စားပျော်ပါးနေချိန် ဖမ်းဆီးရမိခဲ့သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်ကို ဦးစီးဦးဆောင်ခဲ့သူများ၊ လူငယ်များကို လမ်းမှားရောက်စေရန် တွန်းပို့ခဲ့သူများမှအပ ၎င်းတို့၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုများကြောင့် ပါဝင်ခဲ့ရသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများအား တစ်စုံတစ်ရာအရေးယူမှု ပြုလုပ်သွားမည်မဟုတ်ကြောင်းကိုလည်း သတင်းများ၊ ဆက်သွယ်မေးမြန်းမှုများကို ဖြေကြားခြင်းများဖြင့် အသိပေးပြောကြားပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များမှ စစ်ဆေးပေါ်ပေါက်ချက်များအပေါ်အခြေခံ၍ Kaung For You Federal Private School တရားမဝင်စာသင်ကြားမှု အစီအစဉ်တွင် ပါဝင်သည့် ဆရာ ဆရာမများ၊ ငွေကြေးထောက်ပံ့မှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏စာရင်းကို အသေးစိတ်ရရှိပြီးဖြစ်သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများအနက် အချို့သော ဆရာ ဆရာမများသည် မိမိတို့လုပ်ဆောင်ခဲ့သည့် မှားယွင်းသည့်လုပ်ရပ်များအပေါ် အသိတရားရရှိခဲ့ပြီး အေးချမ်းစွာနေထိုင်လိုသည့်အတွက် ကိုယ်တိုင်အသိတရားဖြင့် ပြန်လည်ဆက်သွယ်လာမှုများရှိရာ ထိုကဲ့သို့ သတင်းပို့ဆက်သွယ်လာသူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ် ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့ရသည့် ဆရာ ဆရာမများအနေဖြင့် ဥပဒေဘောင်အတွင်း၌ အေးချမ်းစွာနေထိုင်ဖြတ်သန်းနိုင်ရေးနှင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် နိုင်ငံတော်မှ သဘောထားကြီးစွာဖြင့် ပြန်လည်လက်ခံပေးသွားမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဩဂုတ် ၇ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာ မြို့နယ်များရှိ စီမံအုပ်ချုပ်ရေးကောင်စီရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---

■ **စာမျက်နှာ ၁၇ မှ**

- ❖ အဓိက သီးနှံ/ နှစ်ရှည်-နှစ်လတ်စားသီးနှံများကို အခြေပြုပြီး သစ်တောသစ်ပင်များနှင့် ရောနှောစိုက်ပျိုးခြင်း၊
- ❖ ဥယျာဉ်သီးနှံစိုက်ခင်းများကြား လိုင်းအလိုက် စိုက်ပျိုးခြင်း၊
- ❖ မြစ်များ၊ စမ်းချောင်းများတစ်လျှောက် စိုက်ပျိုးခြင်း၊
- ❖ လယ်၊ ယာများ၏ ဘေးပတ်လည်တွင် သစ်တောသစ်ပင်များ စိုက်ပျိုးခြင်း၊

ဥပမာအားဖြင့် မြန်မာနိုင်ငံအနှံ့အပြားတွင် တွေ့ရသော တောင်ယာစနစ်ဖြင့် ကျွန်းစိုက်ခင်းများ ထူထောင်ခြင်း၊ ဥယျာဉ်ခြံစိုက်ပျိုးလုပ်ကိုင်ခြင်း၊ သစ်တောမြေများအတွင်း စားကျက်ချထားခြင်း၊ သီးနှံတစ်ကန့်၊ သစ်တောတစ်ကန့် စိုက်ပျိုးခြင်း၊ လေကာပင်တန်း စိုက်ပျိုးခြင်း၊ ဥယျာဉ်ခြံများတွင် ခြံစည်းရိုးပင်များ စိုက်ပျိုးခြင်း၊ တောတောင်စိုက်ခင်းများကို အမှီပြု၍ ပျားမွေးမြူခြင်း၊ ဒီရေတောဒေသများကို အမှီပြု၍ ငါး၊ ပုစွန်မွေးမြူခြင်း စသောစိုက်ပျိုးမွေးမြူမှု လုပ်ငန်းများသည် သီးနှံသစ်တောစိုက်ပျိုးမှုစနစ်၏ အနီးစပ်ဆုံးသော ဥပမာများ ဖြစ်ပါသည်။

**သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း အကျိုးကျေးဇူးများ**

သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်-

(က) မြေဧရိယာကို ထိရောက်စွာ အပြည့်အဝ အသုံးပြုနိုင်ခြင်း၊
(ခ) မြေတစ်ယူနစ်ဧရိယာမှ ကုန်ထုတ်လုပ်မှု ပမာဏတိုးတက်လာစေခြင်း၊
(ဂ) မြေဆီဩဇာ ပိုမိုကောင်းမွန်လာစေခြင်း၊
(ဃ) မြေတိုက်စားမှုကို လျော့နည်းစေပြီး မြေဆီလွှာထိန်းသိမ်းခြင်း ပိုမိုကောင်းမွန်လာစေခြင်း၊
(င) ကျေးရွာ၊ ဒေသအဆင့် ရာသီဥတုမျှတစေရန် ထိန်းညှိပေးခြင်း၊
(စ) သီးနှံလုံးဝပျက်စီးယိုယွင်းမှုကဲ့သို့သော အန္တရာယ်လျော့နည်းစေခြင်း၊
(ဆ) ဇီဝဒြပ်ထုလောင်စာစွမ်းအင် ရရှိစေခြင်း၊
(ဇ) လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် လယ်ယာဝင်ငွေတို့ကို ပို၍တိုးပွားလာအောင် တိုးချဲ့ဆောင်ရွက်လာနိုင်ခြင်း၊
(ဈ) သီးနှံစုံစိုက်ပျိုးရေးနှင့် မွေးမြူရေး တွဲဖက်ဆောင်ရွက်သဖြင့် အာဟာရပြည့် အစားအစာများ လုံလောက်စွာရရှိခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

**သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းနည်းစနစ်ကို ပေါင်းစပ်ဆောင်ရွက်သင့်သော လုပ်ငန်းများ**

ရေ၊ မြေ၊ ရာသီဥတု၊ မြေမျက်နှာသွင်ပြင်၊ ထုတ်ကုန်ဈေးကွက်တို့ကို ထည့်သွင်းစဉ်းစားပြီး အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်းလုပ်ငန်းကို ပူးတွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါသည်-

(က) သစ်တောစိုက်ခင်းများ ပြန်လည်တည်ထောင်ခြင်း၊
(ခ) ရွှေ့ပြောင်းတောင်ယာမှ အမြဲတမ်းအခြေတကျ စိုက်ပျိုးလုပ်ကိုင်ခြင်းစနစ်ပြောင်းလဲခြင်း၊
(ဂ) ရေဝေရေလဲထိန်းသိမ်းခြင်း၊ မြေဆီလွှာထိန်းသိမ်းခြင်းနှင့် လူမှုစီးပွားရေး၊ သစ်တောလုပ်ငန်းများ ဆောင်ရွက်ရာတွင် နည်းလမ်းတစ်ခုအဖြစ် ဆောင်ရွက်နိုင်ခြင်း၊
(ဃ) မတ်စောက်သော တောင်တန်းများတွင် ရေမြေထိန်းသိမ်းမှု လုပ်ငန်းများအဖြစ် ကျင့်သုံးဆောင်ရွက်ခြင်း၊
(င) သစ်ထွက်ပစ္စည်းနှင့် သစ်ထွက်မဟုတ်သော အခြားပစ္စည်းများ၊ လယ်ယာထွက်ကုန်ပစ္စည်းများ၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုထုတ်လုပ်ရေးအတွက် ဆောင်ရွက်ခြင်း၊
(စ) မြေအကန့်အသတ်ရှိသော အခြေအနေတွင် ထုတ်ကုန်တစ်မျိုးထက်ပိုမိုသော ထုတ်လုပ်နိုင်ရေးနှင့် မြေအသုံးချမှု မှန်ကန်စေရေး ဆောင်ရွက်ခြင်း၊
(ဆ) ဘက်စုံပါဝင်သော စိုက်ပျိုးရေး၊ မွေးမြူရေးနည်းစနစ်အဖြစ် အကောင်အထည်ဖော်ခြင်း၊
(ဇ) အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊
(ဈ) ကမ်းရိုးတန်းဒေသများတွင် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကို ဒီရေတောအပင်များ ထည့်သွင်းစိုက်ပျိုးမွေးမြူခြင်း။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောလုပ်ငန်းများ ပေါင်းစပ်ဆောင်ရွက်ခြင်း**

သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း နည်းစနစ်များသည် မိသားစုအလိုက် တစ်နိုင်တစ်ပိုင်ဆောင်ရွက်သော မိရိုးဖလာလုပ်ငန်းများဖြစ်သကဲ့သို့ အစုအဖွဲ့ဖြင့်ဆောင်ရွက်နိုင်သော လုပ်ငန်းလည်း ဖြစ်ပါသည်။ မိမိ၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များနှင့်အညီ စီးပွားဖြစ်ဆောင်ရွက်နိုင်သော လုပ်ငန်းများ ဖြစ်ပါသည်။ နေရာဒေသ၊ ရာသီဥတု၊ ဈေးကွက်နှင့် ဒေသခံပြည်သူများ၏ စိတ်ဝင်စားမှုအပေါ်အခြေခံပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောလုပ်ငန်းများကို စနစ်တကျ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံရေးနှင့် ကျေးလက်ပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုမည်ဖြစ်ပါသည်။

သစ်တောဦးစီးဌာနအနေဖြင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို အထောက်အကူပြုနိုင်ရန်၊ ကျေးလက်ဒေသနေ ပြည်သူများအတွက် သစ်တောထွက်ပစ္စည်းများ ဖြည့်ဆည်းနိုင်ရန်နှင့် လူမှုစီးပွားဖွံ့ဖြိုးစေရန်အတွက် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ (Community Forestry) ကို ၁၉၉၅ ခုနှစ်တွင် စတင်ခွင့်ပြုခဲ့ပါသည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များကို ၁၉၉၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပါသည်။ ဒေသခံပြည်သူများ သစ်တောထွက်ပစ္စည်းများကို မိမိသုံးစွဲရုံသာမက စီးပွားဖြစ်ထုတ်လုပ်ရောင်းချနိုင်ရေးအတွက် ၂၀၁၉ ခုနှစ်တွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ (Community Forestry Instructions) ကို ပြန်လည်ပြင်ဆင်ထုတ်ဝေခဲ့ပြီး ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများကို စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုပေးလျက်ရှိပါသည်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်သော ဒေသခံပြည်သူများသည် ညွှန်ကြားချက်များနှင့်အညီ ခွင့်ပြုထားသည့် သစ်တောမြေများတွင် စီမံချက်များရေးဆွဲပြီး သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ပါသည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများမှ သစ်တောထွက်ပစ္စည်းများသာမက စားနပ်ရိက္ခာဖူလုံရေးအတွက်သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သစ်တောဦးစီးဌာနအနေဖြင့် အားပေးကူညီဆောင်ရွက်လျက်ရှိပါသည်။

ယနေ့အချိန်အထိ နိုင်ငံတစ်ဝန်း ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော ၉၈၃၄၉၆ ဧက တည်ထောင်နိုင်ခဲ့ပြီး အစုအဖွဲ့ပေါင်း ၇၀၇၈ က လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများတွင် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း ၅၆၉၆၇၃ ဧကနှင့် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းတွင် ၈၇၆၁ ဧက၊ သီးနှံသစ်တောရောနှောစိုက်ခင်း စုစုပေါင်း ၅၇၈၄၃၄ ကို တည်ထောင်ခဲ့ပြီးဖြစ်သည်။ သစ်နှင့်သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်လုပ်ရေး၊ ရာသီဥတုပြောင်းလဲမှုလျော့ချရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ကျေးလက်ပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်သော သီးနှံသစ်တောရောနှောစိုက်ခင်းများကို တည်ထောင်စိုက်ပျိုးခဲ့ခြင်း ဖြစ်ပါသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ကိုင်ဆောင်ရွက်သော ကျေးလက်ပြည်သူများအနေဖြင့် မိမိကိုယ်ပိုင် လယ်၊ ယာများတွင်ဖြစ်စေ၊ မိမိနေအိမ်ခြံဝင်းများတွင်ဖြစ်စေ တစ်နိုင်တစ်ပိုင်စိုက်ပျိုးခြင်း၊ မွေးမြူခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် သစ်တောသစ်ပင်များ၊ စားပင်သီးပင်များကို ထည့်သွင်းပေါင်းစပ်စိုက်ပျိုးခြင်းဖြင့် မိမိရပ်ရွာဒေသတွင် ရာသီဥတုကောင်းမွန်မျှတပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုအောင်မြင်ဖြစ်ထွန်းနိုင်ပါသည်။ စားနပ်ရိက္ခာဖူလုံပြီး လူမှုစီးပွားဖွံ့ဖြိုးနိုင်မည်ဖြစ်ပါသည်။

အလားတူဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်သော အစုအဖွဲ့များ၊ တစ်နိုင်တစ်ပိုင် သစ်တောစိုက်ခင်း တည်ထောင်သူများအနေဖြင့်လည်း မိမိတို့၏ သစ်တောထိန်းသိမ်းရေး၊ သစ်တောစိုက်ခင်းလုပ်ငန်းများတွင် ဒေသအလိုက် စပါး၊ ပဲ၊ ပြောင်း၊ နှမ်း အပါအဝင် ရာသီအလိုက် ဟင်းသီးဟင်းရွက်နှင့် သီးနှံများ ထည့်သွင်းစိုက်ပျိုးခြင်း၊ နှစ်ရှည်သီးပင်စားပင်များ ထည့်သွင်းစိုက်ပျိုးခြင်း၊ ဒေသနှင့်ကိုက်ညီသော မွေးမြူရေးလုပ်ငန်းများ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် သစ်တောထွက်ပစ္စည်းများရရှိရုံသာမက စားနပ်ရိက္ခာများ ဖူလုံပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းဖြင့် ရာသီဥတုမျှတပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများပိုမိုအောင်မြင်ဖြစ်ထွန်းကာ စားနပ်ရိက္ခာဖူလုံရေးကို အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝနှင့် စာရေးဆရာ ဆင်ဖြူကျွန်းအောင်သိန်းတို့၏ ဝတ္ထုတိုကို အပတ်စဉ်စနေနေ့တိုင်းတွင် တစ်လှည့်စီဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# ဒဏ်

## ဆင်ဖြူကျွန်းအောင်သိန်း

**(ယခင်အပတ်မှအဆက်)**

မြောင်းနှင့်ကပ်လျက်ရှိသော လယ်ကွက်ထဲမှ မြေစာခပ်များများကိုကော်ပြီး မြောင်းပေါင်ကို ထပ်မံဆင့်တားခြင်းဖြင့် နာရီဝက်ခန့် အချိန်ကုန်သွားပြီးနောက် အိမ်ပြန်ရန် ခြေဦးလှည့်လိုက်သည်နှင့် တစ်ပြိုင်နက် အောက်ဘက်မှတက်လာသော လူတစ်ယောက်ကို မြင်သဖြင့် ချုံရိပ်ခိုကာ ရပ်တန့်နေလိုက်မိသည်။ မိုးထဲလေထဲ၌ မသဲမကွဲမြင်ရသောထိုလူမှာ ငန်းပြားကြီး ပခုံးမှာထမ်းထား၏။ ရေရှားပါးသည့်ကာလမဟုတ်ပါဘဲ ထိုသူသည် ငန်းပြားထမ်းပြီး ဘာကြောင့် မြောင်းရိုးတစ်လျှောက် လျှောက်လာရသနည်း။ အချို့သူများသည် မိမိလယ်ဘေးရှိ မြောင်းပေါင်များ ခိုင်ခံ့အောင် ပြုပြင်ရန် ပျင်းရိကြ၏။ ပုစွန်ပေါက်၊ ကြွက်ပေါက်နှင့် မြွေလက်ပတ်ပေါက်ကိုမျှ မဖာချင်။ နိမ့်နေသောပေါင်ကို ဆင့်ဖို့မြှင့်ဖို့ကားဝေးစွ။ သို့ရာတွင် သူတို့လယ်ထဲသို့ မြောင်းကျိုးကျမှာကိုကား အများနည်းတူ စိုးရိမ်ရကား ယခုလို မိုးကြီးသောကာလ၌ မိမိလယ်ထဲသို့ မြောင်းကျိုးမကျမီ အထက်ဘက်ရှိ လယ်များထဲသို့ မိမိက သွားရောက်ချိုးချလိုက်ခြင်းဖြင့် ကာကွယ်ကြလေသည်။ ဒီလို လူစားလားဟူသော ရန့်မကင်းစိတ်ဖြင့် ကိုဆေးရိုးက ချုံခိုနေစဉ်တွင် ထိုသူက ကိုဆေးရိုးလယ်ထိပ်သို့ ရောက်လာ၏။

"မစိုက်သေးဘူးလားဗျ"

ထိုသူက ကိုဆေးရိုးကို မြင်မြင်ချင်း လှမ်း၍မေးလေသည်။ သူကား ဤမြောင်းအောက်ဖျားရှိရေမြုပ်ကွင်းမှ ဘသောင်းဆိုသူဖြစ်၏။ ရေမြုပ်ကွင်းဆိုသည်မှာ ဧရာဝတီမြစ်ရေတက်လျှင် မြစ်ရေ အမြုပ်ခံရသောလယ်များကို ခေါ်လေသည်။

"မစိုက်နိုင်ပါဘူးကွာ၊ ဒုက္ခရောက်နေလို့"

"ဘာဖြစ်လို့လဲ၊ ကောက်စိုက်မ မရလို့လား"

ဘသောင်းက လိုလိုလားလားပင် ထပ်မံမေးပြန်သဖြင့် ကိုဆေးရိုးက မဖြေချင့်ဖြေချင်နှင့်ဖြေရ၏။

"အတတ်ဆန်းပြီး အခြောက်ပျိုးထောင်လိုက်တာ ပုရွက်ဆိတ်ကိုက်လို့ ပျိုးခင်းထဲတောင် မဆင်းဝံ့ဘူး"

"ဟုတ်ပေ့ဗျာ၊ ပုရွက်ဆိတ်က သိပ်ဆိုးတယ်။ အခုလို မိုးကြီးတော့လည်း ဖောင်ဖွဲ့နေတယ်။ မိုးလည်း တိတ်သွားရော ပျိုးပင်ပေါ်ပြန်တက်တာပဲဗျ။ မနှစ်တုန်းက ကျုပ်တို့ရေမြုပ်ကွင်းမှာ အခြောက်ပျိုးတော်တော်နှိပ်စက်သွားတယ်"

ရေမြုပ်ကွင်းဆိုသည်မှာ ဟိုနားကလေးတင် ရှိသည်။ သို့ပေမင့် ကိုဆေးရိုးက ရေမြုပ်ကွင်းမှသတင်းကို မကြားပေ။ အခြောက်ပျိုးနှင့် ပတ်သက်သော သတင်းပလင်းကိုနားထောင်ရန်၊ စနည်းနာရန်ကိုပင် ငြင်းဆန်ခဲ့၏။ မယားနှင့် သားသမီးတို့ပေးသောအကြံကို လုံးဝဖယ်ရှားခဲ့၏။ ကိုးကွယ်ဖို့ မဟုတ်တော့ဘဲ ပြတိုက်ထဲမှာ သိမ်းဆည်းထားဖို့ ကောင်းတော့သည်။ လူစွမ်းကောင်းဆန်ခဲ့မိသော ကိုဆေးရိုးက ခပ်မဆိတ်နေစဉ် ဘသောင်းက သတင်းတစ်ခုပေးသွားသည်။

"တောတွင်ဘက်မှာတော့ ပျိုးဝယ်လို့ရနိုင်တယ်လို့ မနေ့တုန်းက မိုးဝင်းက ကြားခဲ့တယ်၊ သွားစုံစမ်းပါလား"

ဖြစ်နိုင်၏။ ရေမြုပ်ကွင်းဆိုသည်မှာ ပျိုးဝယ်လို့ ရမည့်နေရာကို အမြဲစုံစမ်းနေရသည် မဟုတ်ပါလား။

x x x

"စောင်ခြုံပေးပါအမေရဲ့၊ ဟင်း.. ဟင်း"

တစ်အိမ်လုံးတွင်ရှိသမျှ စောင်တွေသည် ဘညိန်း၏ကိုယ်ပေါ်မှာ ချည်းရှိနေသည်။ ဘညိန်း၏ စိတ်ထင်နှင့် ခံစားရချက်မှု သူ့ကိုလေတိုက်သည့်နေရာတွင် ကိုယ်တုံးလုံးထားသည် ထင်နေ၏။

"စောင်တွေ ခြုံထားပါတယ် သားရဲ့"

"ချမ်းတယ်အမေ ... ဖိထားပါ၊ အမယ်လေး ချမ်းတယ်ဗျ"

ဘညိန်းမှာ တဟင်းဟင်း ညည်းညူလျက် တဆတ်ဆတ်တုန်နေသည်။ မကျီးဒန်တစ်ကိုယ်လုံး တက်ဖိသော်လည်း ဘညိန်းမှာ ခိုက်ခိုက်တုန်လျက် ဖိထားပါရန် အော်ဟစ်နေလေ၏။ ဘညိန်းမှာ မနေ့မနက်ကတည်းက မြောင်းရေထဲတွင် ရေစိမ်ကျွဲကို တုပကာ ည ၁၂ နာရီအထိ ပျိုးသယ်ခဲ့သည့်ဒဏ်ကို ခံနေရခြင်းဖြစ်သည်။

သူက တောတွင်ရွာသို့ ပျိုးစည်းများကို မြောင်းမကြီးထဲသို့ မျှောရန်အတွက် အရဏ်တက်ကပင် သွားခဲ့၏။ ပျိုးစတင်မျှောရမည့်နေရာနှင့် ဆယ်ယူရမည့်နေရာမှာ သုံးမိုင်ခန့်ဝေးသည်။ အပြောနှင့် နားကြားအားဖြင့် ပျိုးမျှောသည်မှာ အလွယ်ကလေး။

ကိုယ်တိုင်မျှောသောအခါကျမှ မလွယ်ကြောင်း ဘညိန်း သိရသည်။ ပျိုးစည်းများကို မြောင်းထဲသို့ ပစ်ရစဉ်မှာပင် ဘွားခနဲ ဘွားခနဲ နီးချက်ပြေထွက်သော ပျိုးများနှင့် နီးချက်ပျက်ထွက်သော ပျိုးစည်းများကို မြင်ရလေသည်။ ပိုက်ဆံပေးဝယ်ရသည်မို့ နှမြောသော်ငြားလည်း လေး၊ ငါးဆယ် ဆုပ်လောက်သာ ကြက်ကောက်သလို လိုက်လံကောက်ယူပြီး စည်းနှောင်နိုင်၏။ များလာသောအခါတွင် လက်လျှော့လိုက်ရသည်။ လူက ပန်းလာပြီကိုး။

ပျိုးစည်းအားလုံး မြောင်းမကြီးထဲသို့ ပစ်ချလိုက်ပြီးနောက် ရွှံ့များကို ဆေးပစ်ကာ အဝတ်ခြောက်လေးဝတ်လျက် ကုန်းပေါ်က လိုက်လာနိုင်သည်မဟုတ်။ ပျိုးစည်းတွေမျှောသလို လူကလည်း ပျိုးစည်းတွေနောက်က တရွေ့ရွေ့ ကပ်မျှောလိုက်ရသည်။ ကမ်းဘေးရှိ မြက်ပင်၊ ဆူးပင်များတွင် ကပ်ငြိနေလျှင် ဖြုတ်ပေးရသည်။ ရေပွန်ကျဉ်းကျဉ်းရှေ့တွင် ဝဲလှည့်နေသော ပျိုးစည်းများကို တွန်းလွှတ်၏။ ရေပွန်ကြီးကြီးထဲသို့ စုတ်ခနဲဝင်သွားသော ပျိုးစည်းကိုမြင်လျှင် နှမြောစိတ်ဖြင့် မြောင်းပေါင်ကို ကျော်တက်ပြီး တစ်ဖက်မြောင်းလက်တက်ကြီးထဲသို့ ပြေးသွားရလျှင် မောသွားရသည်။ မြောင်းလက်တက်ကြီးထဲတွင် ဘညိန်း၏ ပျိုးဆုပ်များသည် စီတန်းပြီး မျောနေသည်ကို တွေ့ရသောကြောင့်ပင်။

ရေမြုပ်ကွင်းဆိုသည်မှာ ဟိုနားကလေးတင်ရှိသည်။ သို့ပေမင့် ကိုဆေးရိုးက ရေမြုပ်ကွင်းမှသတင်းကို မကြားပေ။ အခြောက်ပျိုးနှင့်ပတ်သက်သော သတင်းပလင်းကိုနားထောင်ရန်၊ စနည်းနာရန်ကိုပင် ငြင်းဆန်ခဲ့၏။ မယားနှင့် သားသမီးတို့ပေးသောအကြံကို လုံးဝဖယ်ရှားခဲ့၏။ ကိုးကွယ်ဖို့ မဟုတ်တော့ဘဲ ပြတိုက်ထဲမှာ သိမ်းဆည်းထားဖို့ ကောင်းတော့သည်

"ငါ ဒီနေရာကိုမရောက်ခင် ပျိုးဆုပ်တွေ ဘယ်လောက်များ မြောင်းလက်တက်တွေထဲကို ဝင်ကုန်ပြီလဲ၊ ရှေ့မှာကော ဘယ်လောက်တောင် ဝင်ကုန်ပြီလဲ"

နှမြောစိတ်ကို မဖိနှိပ်လျှင် မဖြစ်တော့ချေ။ လူတို့လုပ်စာ မြေမှာ တစ်ဝက်ဟူသော စကားဖြင့်သာ ဖြေရတော့သည်။ အချို့နေရာများ၌ ရေတံခါးဝ၊ ရေပွန်ဝသို့ ဦးစွာရောက်သော ပျိုးက ကန့်လန့်ခံနေလျှင် နောက်မှရောက်လာပြီး ဘေးဖွဲ့လာသော ပျိုးစည်းများဖြင့် ပွန်ဝ၊ ရေတံခါးဝတွင် ပိတ်ဆို့နေသည်ကို တွေ့ရ၏။ ဟိုပွန်ဝင်၊ သည်ကမ်းကပ်ဖြင့် ဖောက်ပြန်နေသော ပျိုးဆုပ်များက ဖောက်ပြန်နေစဉ်တွင် ကောင်းကောင်းမွန်မွန်မျောနေသော ပျိုးဆုပ်များက မျောနေသောကြောင့်သာ တော်တော့သည်။

နေဝင်ခါနီးမှ ပျိုးဆုပ်များ သယ်ယူသောနေရာသို့ ဘညိန်းရောက်သွားသည်တွင် မျှောလိုက်သော ပျိုးဆုပ်နှစ်ထောင်အနက် ရှစ်ရာသာ ရောက်သည်ဟု ကိုဆေးရိုးက ဆီးကြိုပြောရုံသာမက ပေါ့လျော့ရမည်လားဟု မာန်မဲလိုက်သေး၏။ ဆယ်ယူပြီးသောအခါတွင် နှစ်မိုင်ခန့်ဝေးသော မိမိတို့လယ်သို့ မြောင်းလက်တက်ကြီးအတိုင်း တစ်ဆင့်မျှောရပြန်သေးသည်။ ကိုဆေးရိုးက အောက်မှစောင့်ဆယ်စဉ် ပျိုးဆုပ်များနောက်မှလိုက်ရသော ဘညိန်းမှာ ရင်းတားလုပ်သော ငုတ်၊ ကလိမ်ချုံ၊ ကင်ပွန်းချုံတို့နှင့် ကြိတ်မိသဖြင့် သွေးစက်စက်ယိုခဲ့ရ၏။ ကိုယ်လုံးအနှံ့ နာကျင်ခဲ့ရသော်လည်း မြောင်းလက်တက်ထဲတွင် မျှောသည့်အတွက် ပျိုးနှစ်ရာသာ ပျောက်ဆုံးသောကြောင့် တော်သေးသည်ဟု ဆိုရပေမည်။

"ရေငတ်တယ် အမေ၊ ရေ... ရေ"

ဘညိန်းမှာ နေထန်းတစ်ဖျားလောက်ကစပြီး အဖျားတက်ခဲ့ရာ ဆွမ်းခံပြန်ချိန်လောက်ကျမှ အဖျားကျပြီး ရေတောင်းနိုင်လေသည်။ ရေသောက်ပြီးနောက် အပူပြန်ကာ ခန်းလုံးပြည့်အောင် လူးလိမ့်နေပြန်လေ၏။ အကယ်၍ ဘညိန်းသာ မဖျားလျှင် ယခုအချိန်၌ လျော့နည်းနေသောပျိုးများ သယ်ယူရန်အတွက် တောတွင်ရွာသို့ လှည်းဖြင့် ရောက်ရှိနေရော့မည်။ မကျီးဒန်သည်လည်း ကိုဆေးရိုးကို ကူညီလျက် လယ်ထဲတွင် အလုပ်များနေရပေမည်။ ယခုမူကောက်စိုက်သမများကို ချောစိန်တစ်ယောက်တည်းသာ ပျိုးရွေးပေးရန်၊ ဆေးကွမ်း လက်ဖက်တည်ရန် စသောဗာဟီရများ လုပ်ကိုင်ပေးနေရပြီး ကိုဆေးရိုးက ရေမျှောလျှင် ပျောက်ဦးမည်စိုးသည့်အတွက် တောတွင်မှပျိုးများကို လှည်းဖြင့် သွားရောက်တင်ဆောင်နေရလေသည်။

ဘညိန်း အပူပြန်ကျသွားချိန်၌ မှောင်နေပေပြီ။ ဘညိန်းအနား၌ ချောစိန်တစ်ယောက်သာရှိ၏။ မကျီးဒန်မှာ ကိုဆေးရိုးထမင်းစားပြန်လာလျှင်စားရန် ထမင်းပြင်ထားခဲ့ပြီး နွားကျွေးရန်အတွက် နွားတင်းကုပ်တွင်း၌ အလုပ်များနေသည်။

"ဗျို့... မကျီးဒန်"

အိမ်ရှေ့မှ ခေါ်သံကြားသောကြောင့် ဘညိန်းက ခေါင်းထောင်ကြည့်မိ၏။ တောင်ပိုင်း ဆယ်အိမ်မှူး ကိုဘမော်၏ အသံတည်း။

"တော်"

"မီးခွက်ထွန်းခဲ့ဦး၊ ကိုဆေးရိုး ရှားပင်ပေါင်းနားမှာ လှည်းမှောက်ပြီး မေ့နေတာကို အုန်းတောကလူတွေက တွေ့လို့လာပို့တယ်"

"ဟင်"

ကိုဆေးရိုးမှာ လှည်းမှောက်ရုံသာမက လက်ဝဲဘက်လက်လည်း ကျိုးသွားသေးသည်။ ယမန်နေ့ညက တစ်နာရီမျှသာ အိပ်ခဲ့ရသည့်အတွက် ပျိုးဆုပ်များကိုတင်ပြီး ပြန်အလာတွင် အိပ်ငိုက်မိခဲ့၏။ လယ်ထဲဆင်းလာကတည်းက ပစ်ထားခဲ့ရသောလှည်းက စတင်သုံးလျှင်သုံးချင်း လှည်းနားစောင့် ပြုတ်ထွက်သည်ကို ကိုဆေးရိုးက မသိသည်သာမက လှည်းပုံတောင်း (ပတောင်း)ထဲမှ လှည်းဝင်ရိုးကျွတ်ပြီး လှည်းကြီးမှောက်သွားခါမှ လန့်နိုးခဲ့၏။ ကိုဆေးရိုးမှာ အသိနောက်ကျခဲ့သည်။ လျှပ်တစ်ပြက်အတွင်းမှာပင် သူ့ခေါင်းမှာ မြေပြင်နှင့်ရိုက်မိပြီး ကိုဆေးရိုးမှာ မေ့မြောသွားခဲ့ရခြင်း ဖြစ်ပေ၏။ ။

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြု လေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် စာမျက်နှာအချပ်ပို လေးမျက်နှာဖြင့် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 6 (စနစ်သစ်)

ယခင်အပတ်က Unit:3 Lesson:1 Talking about your city အကြောင်း ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာ Unit:3 Lesson:2 At the market အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

### Unit 3 Lesson 2: At the market (ဈေးမှာ)

- shops in a market
- different kinds of food
- going shopping

#### Shops in a market

(1) Look at the pictures. Write down what the shop is and what thing we can buy there.

ရုပ်ပုံများကိုကြည့်ပြီး ဘာဈေးဆိုင်ဖြစ်သလဲနှင့် ဘာဝယ်ယူနိုင်သလဲ ဆိုတာ ချရေးပြပါ။

| | | |
|---|---|---|
| meat | fish and prawns | dolls and toys |
| food and household items | fruits and vegetables | flowers |

(1)  This is a butcher's.
We can buy meat.

(2)  This is a _____.
We can buy _____.

(3)  This is a _____.
We can buy _____.

(4)  This is a _____.
We can buy _____.

(5)  This is a _____.
We can buy _____.

(6)  This is a _____.
We can buy _____.

(2) Make a shopping list of at least five things.
ဈေးဝယ်စာရင်းပြုစုပါ။ အနည်းဆုံးပစ္စည်းငါးမျိုးပါရမည်။

(a) My shopping list is
- chicken ကြက်သား
- fish ______
- potatoes ______
- flowers ______
- garlic ______

(b) My shopping list is
- _____ ဝက်သား
- _____ ပုစွန်
- _____ ကြက်သွန်နီ
- _____ ကစားစရာအရုပ်ကား
- _____ ဆီ

(c) My shopping list is
- _____ အမဲသား
- _____ ဆိတ်သား
- _____ ပဲ
- _____ ပန်းသီး
- _____ ကြက်ဥ

(3) ဈေးဝယ်စာရင်းတွင်ပါသည့် ပစ္စည်းများကို မည်သည့်နေရာတွင် ဝယ်ရမလဲဆိုသည်ကို Student A နဲ့ Student B အပြန်အလှန် အမေး၊ အဖြေ လေ့ကျင့်ပါ။ အောက်ဖော်ပြပါဝါကျများကို လိုအပ်သလို အသုံးပြုပါ။

Excuse me, where can I buy ...? (တစ်ဆိတ်လောက်...ဘယ်နေရာမှာ ဝယ်နိုင်သလဲ။)
Where can I buy ...? (... ဘယ်နေရာမှာ ဝယ်နိုင်သလဲ။)
Where can I get ..? (... ဘယ်နေရာမှာ ဝယ်နိုင်သလဲ)
(get = buy အတူတူပါပဲ။)
I need to buy .... (... ငါဝယ်ချင်တယ်။)
What about ...? (... လည်းလိုချင်တယ်။)
Thank you. (ကျေးဇူးတင်ပါတယ်။)
You can buy it/ them at the .... (... မှာ ဝယ်နိုင်ပါတယ်။)
At the.... (...မှာဝယ်နိုင်ပါတယ်။)
I'm sorry. I don't know. (ဝမ်းနည်းပါတယ်။ ကျွန်တော် မသိလို့ပါ။)
You're welcome. (ရပါတယ်။)
It's my pleasure. (ကူညီရတာ ပျော်စရာပါပဲ။)

1. A: Excuse me, where can I buy chicken?
   B: At the butcher's.
2. A: Excuse me, where can I buy fish?
   B: ______________.
3. A: Excuse me, where __________?
   B: _______________.
4. A: Excuse me, _____________?
   B: _________________?
5. A: Excuse me, _______?
   B: ____________.

(လာမည့်အပတ်တွင် Lesson 3: Where is it? သင်ခန်းစာအကြောင်း ဖော်ပြပါမည်)

## Grade 7 (စနစ်သစ်)

ယခင်အပတ်က Unit:2 Lesson 3: What an annoying habit! တွင် ဖော်ပြထားသည့် Present Simple နှင့် Present Continuous Tense တို့ကို ရှင်းပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ adverbs of frequency (ကြိမ်နှုန်းပြကြိယာဝိသေသန)နဲ့ always with Present Continuous Tense အကြောင်းကို ရှင်းပြသွားမှာ ဖြစ်ပါတယ်။

### Adverbs of frequency (ကြိမ်နှုန်းပြကြိယာဝိသေသန)

ကြိမ်နှုန်းပြကြိယာဝိသေသနဆိုတာ လုပ်ရပ်တစ်ခုကို ဘယ်နှကြိမ်၊ ဘယ်နှခါ လုပ်ဆောင်သလဲဆိုတာကို ဖော်ပြပါတယ်။

ဥပမာ။ ။ He always gets up early morning.
(သူ နံနက်တိုင်း အိပ်ရာ အမြဲတမ်း စောစောထသည်။)
They sometimes go to the library.
(သူတို့ တစ်ခါတစ်ရံ စာကြည့်တိုက်သွားတယ်။)
She goes shopping twice a month.
(သူ တစ်လနှစ်ခါ ဈေးဝယ်ထွက်တယ်။)

အထက်ပါ ဥပမာတွေကို လေ့လာကြည့်မယ်ဆိုရင် ကြိမ်နှုန်းပြကြိယာဝိသေသနတွေကို ရေးသားရာမှာ generally(ယေဘုယျအားဖြင့်) ဖော်ပြတာနဲ့ exactly (အတိအကျ)ဖော်ပြတာဆိုပြီး နှစ်မျိုးတွေ့မြင်နိုင်ပါတယ်။

#### Generally (ယေဘုယျအားဖြင့် ဖော်ပြသော ကြိမ်နှုန်းပြကြိယာဝိသေသနများ)

| | | |
|---|---|---|
| always | (အမြဲတမ်း) | 100% |
| usually | (များသောအားဖြင့်) | 90% |
| normally | (သာမာန်အားဖြင့်) | 80% |
| often | (မကြာခဏ) | 70% |
| sometimes | (တစ်ခါတစ်ရံ) | 30% |
| rarely | (ရံဖန်ရံခါ) | 10% |
| hardly ever | (ကြုံတောင့်ကြုံခဲ၊ ရှားရှားပါးပါး) | 5% |
| never | (ဘယ်တော့မှ) | 0% |

**မှတ်သားရန်။** ။ ယေဘုယျအားဖြင့်ဖော်ပြသော ကြိမ်နှုန်းပြကြိယာဝိသေသနများကို ဝါကျများတွင် ထည့်သွင်းရေးသားရာတွင် Helping Verb, Verb to be တို့၏ အနောက်၊ Main Verb ၏အရှေ့တွင် ထားရသည်။

ဥပမာ။ She is always late. (Verb to be ရဲ့အနောက်)
I've often been to the US. (Helping Verb ရဲ့အနောက်)
You must never play after a big meal. (Helping Verb ရဲ့အနောက်)
I usually walk to school. (Main Verb ရဲ့အရှေ့)
She hardly ever drinks tea. (Main Verb ရဲ့အရှေ့)

#### Exactly (အကြိမ်အရေအတွက်ကို အတိအကျဖော်ပြသော ကြိမ်နှုန်းပြကြိယာဝိသေသနများ)

every... (every day/ week/ month/ year/ Friday/ weekend)
once a ... (day/ week/ month/ year)
three times a ... (day/ week/ month/ year)
four times a .... (day/ week/ month/ year)

**မှတ်သားရန်။** ။ အကြိမ်အရေအတွက်ကို အတိအကျအားဖြင့်ဖော်ပြသော ကြိမ်နှုန်းပြကြိယာဝိသေသနများကို ဝါကျများတွင် ထည့်သွင်းရေးသားရာတွင် ဝါကျ၏နောက်ဆုံးတွင် ထားရသည်။

ဥပမာ။ He runs round the park every day.(စာကြောင်းရဲ့ နောက်ဆုံး)
I play tennis once a week. (စာကြောင်းရဲ့ နောက်ဆုံး)
She drinks milk once a day. (စာကြောင်းရဲ့ နောက်ဆုံး)
I play football every evening. (စာကြောင်းရဲ့ နောက်ဆုံး)
Mother cooks something special for us every weekend. (စာကြောင်းရဲ့ နောက်ဆုံး)

(1) Put the words in brackets ( )in the right place in these sentences.
1. Father works late at the office. (sometimes)
2. Ko Ko plays golf. (twice a month)
3. I eat Monhinga for breakfast. (every day)
4. We watch the TV. (usually)
5. My father gives me pocket money. (once every two days)

(2) အောက်ပါဝါကျများကို အင်္ဂလိပ်လိုရေးပါ။
၁။ မေမေ နံနက်တိုင်း အိပ်ရာစောစောထသည်။ (get up/ every morning)
၂။ ဖော်လေး ညတိုင်း တစ်နေ့နွားနို့တစ်ခွက်သောက်သည်။ (drink/ every night)
၃။ မောင်မောင် သောကြာနေ့တိုင်း ဒီကိုလာသည်။ (come here/every Friday)
၄။ ကျွန်တော် နေ့တိုင်း အိမ်စာလုပ်သည်။ (do homework/every day)
၅။ ညီမလေး နေ့တိုင်း သတင်းစာဖတ်သည်။ (read/ every day)

#### Always with Present Continuous Tense

အမြဲတစေ စွဲမြဲလုပ်ဆောင်သည့် လုပ်ရပ်တစ်ခုကြောင့် စိတ်အနှောင့်အယှက်ဖြစ်စေသောအခါတွင် Present Continuous Tense (am, is, are + Ving) ကို always နဲ့တွဲသုံးရသည်။

ဥပမာ။ He is always using my computer. (သူက ငါ့ကွန်ပျူတာကို အမြဲတမ်းသုံးနေတော့တာပဲ။)

ဥပမာ။ My father is always watching a football match on TV. (ဖေဖေကလည်း ဘောလုံးပွဲပဲ ကြည့်နေတော့တာပဲ။)

ဥပမာ။ Mother is always cooking fish. (မေမေကလည်း ငါးဟင်းပဲချက်နေတော့တာပဲ။)

လေ့ကျင့်ခန်းဖြေဆိုပါ။

(1) Write a sentence for each picture. Use the present continuous with "always". ရုပ်ပုံတစ်ခုစီအတွက် "always" အသုံးပြုပြီး ဝါကျတစ်ကြောင်းစီရေးပါ။

(1)  Ko Gyi is _____________.

(2)  He is ________________.

(3)  Zaw Zaw is ___________.

(4)  Ma Ma is _____________.

(5)  They are _____________.

(6)  Aung Aung is _________.

(2) Rewrite the sentences in the right order.
1. Uncle/ always/ is / watching the TV.
2. Teacher Kyaw/ always / is/ giving us homework.
3. Father/ always / is / us/ scolding.
4. Ma Lay/ always / is / looking at/ in the mirror/ herself.
5. My brothers / are/ playing football/ always.

(လာမည့်အပတ်တွင် Lesson:4 What do you usually do at weekends? အကြောင်းဖော်ပြသွားပါမည်)

## Grade 8

### Unit 3

### Lesson 2: I love knitting

**I.Supply the correct word for the blank in each sentence. The first letter is given to help you.**

1.He is f______________ of fishing.
2.She is a good v______________. She plays in our school band.
3.Tai chi is a m______________ art that brings together coordination, balance and strength.
4.We need to take sleeping bags and backpacks for our c_______ trip.
5.He is getting dressed in his school u_____________.

**II. Supply the correct form of the words given in brackets.**

1.(compete) My brother won the first prize in the essay ________________.
2.(response) She is completely _________for the project's failure.
3.(strong) Unity is ______________.
4.(activity) There are numerous children's ______ available here.
5.(confident) She lacked the ____________ to succeed.

**III. Supply the correct form of the verbs given in brackets.**

1.(practise) Maung Maung _____________ the piano every day after school.
2.(make) Mother _______________ breakfast for the family now.
3.(do) Ma Ma always _____________ the cooking for her parents.
4.(buy) Uncle _______________ a new car yesterday.
5.(knit) Khin Khin _______________ a sweater for her father now.

**IV. Match the words or phrases with their meanings.**

| | |
|---|---|
| 1.medal | a. being able to use imagination to produce new ideas |
| 2.self-defense | b. the state of being free from tension and anxiety |
| 3.relaxation | c. a series of musical notes |
| 4.leisure | d. a friendly relationship or state of being friends |
| 5.friendship | e. the skill of fighting without weapons to protect yourself |
| 6.melody | f. the time when you are free from work and can relax |
| 7.creativity | g. a small metal object given as a reward for winning a competition |

**V. Answer the following questions.**

1. What does Yin Moe do every day after school?
2. Who encourages Yin Moe to do so?
3. Why does she like knitting?
4.What does Ei Khine do every day after school?
5.How many strings does a violin have?
6.What did Ei Khine's father give as a birthday present?
7.What is used to play the violin?
8.Why does Ei Khine like to play the violin?

**VI. Fill in the blanks with "must" or "must not".**

1.You _________ do homework.
2.You _________ smoke.
3.You _________ tidy up your room.
4.You _________ help in the house.
5.You _________ annoy your little sister.

**VII. Change the following sentences into the negative.**

1. He gave me a glass of milk.

______________________________________________.

2. He goes to office at 9 o'clock.

______________________________________________.

3. She can speak English fluently.

______________________________________________.

4. They arrived in the morning.

______________________________________________.

5. They were at school yesterday.

______________________________________________.

(ဆက်လက်ဖော်ပြပါမည်)

## Grade 9 (စနစ်ဟောင်း)

**အရင်အပတ်တွင် Simple Past Tense နဲ့ Past Continuous Tense အကြောင်းကို ရှင်းပြခဲ့ပြီးဖြစ်ပါတယ်။ ဒီအပတ်မှာတော့ Past Perfect Tense အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။**

### Past Perfect Tense (had+ V3)

အတိတ်ကာလတွင် ဖြစ်ပျက်ခဲ့သည့် ဖြစ်ရပ်နှစ်ခုအနက် အရင်ဆုံးဖြစ်ပျက်သည့်ဖြစ်ရပ်ကို Past Perfect Tense (had + V3) ဖြင့် ဖော်ပြရပြီး နောက်မှဖြစ်သည့်ဖြစ်ရပ်ကို Simple Past Tense (V2) ကို သုံးရသည်။ **ခဲ့ပြီးပြီ**လို့ ဘာသာပြန်ရသည်။
(When, After, before တို့နှင့် တွဲရေးလေ့ရှိသည်။)

e.g. (When Sub **had V3**, Sub **V2**.)
When I **had bought** a present, I **gave** it to her.
(ကျွန်တော်လက်ဆောင်တစ်ခုဝယ်ခဲ့ပြီးတဲ့နောက်မှာ သူ့ကိုပေးခဲ့တယ်။)

e.g. (Sub **had V3** when Sub **V2.**)
The plane **had left** when we **arrived** at the airport.
(ကျွန်တော်တို့ လေဆိပ်ကို ရောက်ခဲ့တဲ့အချိန်မှာ လေယာဉ်ထွက်ခွာသွားခဲ့ပြီ။)

e.g. (After Sub **had V3**, Sub **V2**.)
After mother **had made** breakfast for us, she **went** to market.
(မေမေ နံနက်စာချက်ခဲ့ပြီးတော့ ဈေးသွားခဲ့တယ်။)

e.g. (Before Sub **V2**, Sub **had V3**.)
Before I **went** to school, I **had done** homework.
(ကျွန်တော် ကျောင်းမသွားမီ အိမ်စာတွေလုပ်ခဲ့ပြီးပြီ။ **သို့မဟုတ်** အိမ်စာတွေလုပ်ခဲ့ပြီးနောက် ကျောင်းသွားခဲ့တယ်။)

e.g. When Ko Ko **had eaten** some bread, he **drank** a glass of milk.
(ကိုကို ပေါင်မုန့်စားခဲ့ပြီးတဲ့နောက်မှာ နွားနို့တစ်ခွက်သောက်ခဲ့တယ်။)

e.g. After Zin Zin **had passed** the matriculation examination, she **applied** for the job.
(ဇင်ဇင် တက္ကသိုလ်စာမေးပွဲအောင်မြင်ခဲ့ပြီးတဲ့နောက်မှာ သူ အလုပ်လျှောက်ခဲ့တယ်။)

e.g. The dinner **had been** ready when we **arrived** home.
(ကျွန်တော်တို့ အိမ်ပြန်ရောက်တဲ့အခါ ညစာ အဆင်သင့်ဖြစ်နေခဲ့ပြီ။)

e.g. The train **had left** when I **got** the station.
(ကျွန်တော်ဘူတာရုံကိုရောက်တဲ့အခါ ရထားထွက်သွားပြီ။)

### Forms

Positive form – I/We/You/They **had done** homework.
He/She/It **had done** homework.

Negative form – I/We/You/ They **had not/ hadn't done** homework.
He/ She/ It **had not**/ **hadn't done** homework.

Question form– Had Subject (နည်း၊များ) V3?

**လေ့ကျင့်ခန်းများဖြေဆိုပါ။**

**(1)Fill in the blanks with the Past Perfect tense of the verbs in brackets.**

1. After she _____ (hear) the news, she rushed home.
2. After he _____ (do) the job, he went for a holiday.
3. The ceremony _____ already _____ (begin) when we got there.
4. When I _____ (switch) off the light, I went to bed.
5. When they came to us, I _____ (eat) my lunch.
6. After the game _____ (end), the players left the field.
7. After I _____ (go) out, my friend Ko Lin came to my house.
8. She reached school after the bell _____ (ring).
9. After my parents _____ (reach) home, it started to rain.
10. Before he went to PyinOoLwin, he _____ never _____ (see) beautiful flower-beds.

**(2)Put the verbs into the correct tense (simple past or past perfect simple).**

1. When he ___ (wake up), his mother ___ (already/ prepare) breakfast.
2. We ___ (go) to London because the Queen ___ (invite) us for tea.
3. He ___ (hear) the news, ___ (go) to the telephone and ___ (call) a friend.
4. When she ___ (start) to learn English, she ___ (already/ learn) Chinese.
5. Mi Mi ___ (already/ type) ten pages when her computer ___ (crash).
6. By the time he ___ (arrive) at the restaurant, they ___ (run) out of foods.
7. They ___ (not/ know) where to meet because nobody ___ (tell) them.
8. It ___ (be) cloudy for days before it finally ___ (begin) to rain.
9. When I ___ (leave) home, the rain ___ (stop).
10. They ___ (leave) before I ___ (say) good-bye.

**(3)Translate the following into English.**

1. ဦးယျာဉ်မှူးက သစ်ရွက်ခြောက်တွေကို တံမြက်စည်းနဲ့လှည်းခဲ့ပြီးနောက် မီးရှို့ခဲ့တယ်။ (sweep up/ burn)

______________________________________________.

2. ကျွန်တော်အိပ်ရာကနိုးတော့ မိုးတိတ်နေပြီ။ (stop/ get up)

______________________________________________.

3. သူတို့ကျွန်တော့်ဆီကိုလာတော့ ကျွန်တော်အဝတ်အစားလဲပြီးပြီ။ (come to me/ get dressed)

______________________________________________.

4. ဖေဖေ သတင်းစာဖတ်ခဲ့ပြီးနောက် နံနက်စာစားခဲ့တယ်။ (read the newspaper/ have breakfast)

______________________________________________.

5. ဦးလေး ရေချိုးခဲ့ပြီးနောက် အဝတ်အစားလဲခဲ့တယ်။ (have a shower/ get dressed)

______________________________________________.

6. မမ သူ့ကားအဟောင်းကြီးကို ရောင်းခဲ့ပြီးနောက် ကားအသစ်တစ်စီးဝယ်ခဲ့တယ်။ (sell her old car/ buy a new one)

______________________________________________.

7. ကျွန်တော် အဆင်သင့်မဖြစ်သေးမီ သူတို့အိမ်ကို ရောက်နှင့်နေခဲ့တယ်။ (arrive my house/ ready)

______________________________________________.

8. နှုတ်ဆက်စကားပြောခဲ့ပြီးနောက် သူထွက်သွားခဲ့တယ်။ (say goodbye/ leave)

______________________________________________.

9. ကိုကို ဘုရားရှိခိုးခဲ့ပြီးနောက် အိပ်ရာဝင်ခဲ့တယ်။ (pay homage to the Buddha/ go to bed)

______________________________________________.

10. မီးပျက်သွားခဲ့တဲ့အခါမှာ ကျွန်တော်အိမ်စာတွေ လုပ်ခဲ့ပြီးပြီ။ (the light went out/ do homework)

______________________________________________.

(လာမည့်အပတ်တွင် Future Tenses များအကြောင်းကို **ဖော်ပြပါမည်**)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ ဝူရှူးအားကစားတွင် ငွေတံဆိပ်နှင့် ကြေးတံဆိပ်ဆု ထပ်မံဆွတ်ခူး




နေပြည်တော် ဩဂုတ် ၅

အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ် အားကစားပြိုင်ပွဲများကို ထိုင်းနိုင်ငံ အူဘွန်ရတ်ချဌာနီမြို့တွင် ကျင်းပလျက်ရှိရာ ယနေ့နံနက် ၁၀ နာရီတွင် Sunee Tower ၌ ကျင်းပသည့် ဝူရှူးအားကစားပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များတွင် မြန်မာဝူရှူးအားကစားအဖွဲ့မှ မအေးသစ္စာမြင့်က ငွေတံဆိပ်ဆုနှင့် မောင်ခန့်မင်းထက်က ကြေးတံဆိပ်ဆုများကို ထပ်မံဆွတ်ခူးရရှိသည်။

ယနေ့ကျင်းပသည့် ဝူရှူးပြိုင်ပွဲတွင် ပွဲစဉ် လေးမျိုး ကျင်းပခဲ့ပြီး ပွဲစဉ် (၂) ဖြစ်သည့် အမျိုးသမီး နန်းချွမ် (Nanquan) ပြိုင်ပွဲ၌ ဒဂုံတက္ကသိုလ်ကျောင်းသူ မအေးသစ္စာမြင့် ဝင်ရောက်ယှဉ်ပြိုင်ရာ ရမှတ် ၉ ဒသမ ၅၂ ဖြင့် ဒုတိယ ငွေတံဆိပ်ဆုကို ရရှိကာ ပွဲစဉ်(၄) ဖြစ်သည့် အမျိုးသား ထိုက်ချီချွမ် (Taijiquan) ပြိုင်ပွဲတွင် ကျောက်ဆည်တက္ကသိုလ်ကျောင်းသား မောင်ခန့်မင်းထက် ဝင်ရောက်ယှဉ်ပြိုင်ရာ ရမှတ် ၉ ဒသမ ၄၁ ဖြင့် တတိယ ကြေးတံဆိပ်ဆုကိုရရှိပြီး မြန်မာဝူရှူးအားကစားအဖွဲ့အနေဖြင့် ဝူရှူးအားကစားနည်း (၂)မျိုးကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ် အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ အားကစားအဖွဲ့အနေဖြင့် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ မြားပစ်နှင့် ဝူရှူး အားကစားနည်း လေးမျိုးတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိရာ ယမန်နေ့က ဆွတ်ခူးရရှိသော ဝူရှူးအားကစားနည်းမှ ရွှေတံဆိပ်တစ်ခု၊ ဘောလုံးအားကစားပြိုင်ပွဲမှ ကြေးတံဆိပ်တစ်ခုအပါအဝင် ယနေ့အထိ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်နှစ်ခုကို ရရှိပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အာဆီယံ ယူ-၁၆ ပြိုင်ပွဲတွင် မြန်မာနှင့် မလေးရှား သရေကျ

ရန်ကုန် ဩဂုတ် ၅

၂၀၂၂ အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (ဂ) ဒုတိယနေ့ကို ဩဂုတ် ၅ ရက်က ဆက်လက်ကျင်းပရာ မြန်မာနှင့် မလေးရှားအသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။

အုပ်စုပထမပွဲတွင် နိုင်ပွဲကိုယ်စီရရှိထားသည့် နှစ်သင်းတွေ့ဆုံခြင်းဖြစ်ပြီး သရေကျခဲ့သဖြင့် နောက်ဆုံးပွဲအထိ စောင့်ကြည့်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် နှစ်ပွဲကစား လေးမှတ်ရထားသော်လည်း ဆီမီးဖိုင်နယ်တက်ရောက်ရန်အတွက် ကမ္ဘောဒီးယားကို အနိုင်ကစားရန်လိုအပ်သလို မလေးရှား-ဩစတြေးလျပွဲရလဒ်ကိုလည်း စောင့်ကြည့်ရမည်ဖြစ်သည်။

မြန်မာအသင်းသည် ဩစတြေးလျကို အနိုင်ရသည့် ပွဲထွက်လူစာရင်းအတိုင်း ယှဉ်ပြိုင်ခဲ့ပြီး ဆလိုင်းအံ့ဘွယ်မောင် (ဂိုး)၊ သူရဇော်၊ ဟန်ထွန်းဇော်၊ ရှိုင်းဝဏ္ဏအောင်၊ မြတ်ဘုန်းခန့်၊ ခွန်ချိုထူး၊ ထူးဝေယံ၊ စောမျိုးဇော်၊ လင်းထက်ဦး၊ ဘရန်ဒွန်းလီ၊ ကောင်းထက်တို့ ပါဝင်ကစားခဲ့သည်။ ယနေ့ပွဲအနိုင်ရသည့်အသင်းမှာ ဆီမီးဖိုင်နယ်တက်ရောက်ရန် အခြေအနေကောင်းသွားမည်ဖြစ်သောကြောင့် နှစ်သင်းစလုံးအားကုန်ထုတ်ကစားခဲ့သည်။ ပွဲအစ နှစ်မိနစ်မှာပင် မလေးရှားအသင်းဂိုးစတင်ရရှိခဲ့ပြီး မတ်ဒီဆာက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်း ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း အဆုံးသတ်အားနည်းခဲ့သဖြင့် ပထမပိုင်းအပြီးတွင် မလေးရှားအသင်းက အနိုင်ရနေသည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ချေပဂိုးရရန် ကြိုးပမ်းလာပြီး မိနစ် ၅၀ တွင် ကောင်းခန့်ဇော်က ဂိုးပြန်သွင်းခဲ့သည်။ နောက်ပိုင်းတွင် နှစ်သင်းစလုံး အနိုင်ဂိုးရရန် ကြိုးပမ်းသော်လည်း သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

အုပ်စု (ဂ) အခြားပွဲတွင် ကမ္ဘောဒီးယားအသင်းက ဩစတြေးလျအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဩဂုတ် ၈ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့် ကစားရမည်ဖြစ်သည်။ ဒုတိယနေ့အပြီးတွင် မလေးရှားနှင့် မြန်မာအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ရမှတ်လေးမှတ်စီ၊ ကမ္ဘောဒီးယားအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်ရထားပြီး ဩစတြေးလျအသင်းမှာမူ နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**ကိုညီလေး**

## (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့ ရွှေတံဆိပ် ၁၄ ခု၊ ငွေတံဆိပ် ၁၂ ခု၊ ကြေးတံဆိပ် ၁၇ ခု ရရှိ

ရန်ကုန် ဩဂုတ် ၅

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာမသန်စွမ်းအားကစားအဖွဲ့သည် ယနေ့ယှဉ်ပြိုင်မှုတွင် ပြေးခုန်ပစ် အားကစားနည်းမှ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခု၊ ရေကူးအားကစားနည်းမှ ငွေတံဆိပ်နှစ်ခု၊ ဘောလုံးအားကစားနည်းမှ ကြေးတံဆိပ်တစ်ခုနှင့် အလေးမအားကစားနည်းမှ ကြေးတံဆိပ်နှစ်ခု ထပ်မံဆွတ်ခူးရရှိခဲ့သည်။




မြန်မာအားကစားအဖွဲ့သည် MANAHAN ကွင်း၌ ကျင်းပသည့် ပြေးခုန်ပစ်ပြိုင်ပွဲ၊ JATIDIRI ရေကူးကန်၌ ကျင်းပသည့် ရေကူးပြိုင်ပွဲ၊ UNS ကွင်း၌ ကျင်းပသည့် ဘောလုံးပြိုင်ပွဲနှင့် Solo Paragon Hotel ၌ ကျင်းပသည့် အလေးမပြိုင်ပွဲတို့ကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အမျိုးသားသံပြားပစ်ပြိုင်ပွဲတွင် အောင်ဘုန်းမြတ်က ရွှေတစ်ခု၊ အမျိုးသား သံလုံးပစ်ပြိုင်ပွဲတွင် အောင်ထွန်းလင်းက ငွေတစ်ခု၊ တင်ညိုက ကြေးတစ်ခု၊ အမျိုးသား မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲတွင် နိုဇင်က ငွေတစ်ခု၊ အမျိုးသား မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် အောင်ဖုန်းက ငွေတစ်ခု၊ ဘောလုံးပြိုင်ပွဲတွင် ကြေးတစ်ခုနှင့် အလေးမပြိုင်ပွဲတွင် မင်းဇော်ဝင်းက ကြေးနှစ်ခု ဆွတ်ခူးရရှိခဲ့ပြီး မြန်မာမသန်စွမ်းအားကစား အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမိုးက အမျိုးသား သံလုံးပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ရရှိခဲ့သည့် ဇော်မင်းလွင်ကို လည်းကောင်း၊ မြန်မာမသန်စွမ်းအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ (ဘဏ္ဍာရေး၊ လေ့ကျင့်ရေး)ဦးဝင်းမြင့်နှင့် ပါမောက္ခ ဒေါက်တာသန်းသန်းဌေးတို့က သံပြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သည့် ကစားသမားကို လည်းကောင်း၊ မြန်မာမသန်စွမ်းအားကစားအဖွဲ့ချုပ်အတွင်းရေးမှူး ဦးထွန်းနိုင်ဦးက ရွှေ၊ ငွေ၊ ကြေးရရှိခဲ့သည့် ကျန်အားကစားသမားများကို လည်းကောင်း ဆုများ ချီးမြှင့်ပေးအပ်သည်။

(၁၁)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့ချုပ်အနေဖြင့် ပြေးခုန်ပစ်၊ မြားပစ်၊ ဂိုးလ်ဘော၊ ရေကူး၊ ဘောလုံး၊ ထိုင်လျက် ဘော်လီဘောနှင့် အလေးမ အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာမသန်စွမ်းအားကစားအဖွဲ့ချုပ်အနေဖြင့် ရွှေတံဆိပ် ၁၄ ခု၊ ငွေတံဆိပ် ၁၂ ခု၊ ကြေးတံဆိပ် ၁၇ ခု စုစုပေါင်း ဆုတံဆိပ် ၄၃ ခုနှင့် နိုင်ငံအလိုက်အဆင့် ရပ်တည်မှုမှာ အဆင့်(၆)ရရှိခဲ့ကြောင်း သိရသည်။

**ဗလစိုး**

## Burmese Golf Open Junior and Professional Golf Tournament ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၅

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ Burmese Golf (BG) က အဓိက ကူညီပံ့ပိုးသော Burmese Golf Open Junior and Professional Golf Tournament ပြိုင်ပွဲကို ဩဂုတ် ၃၀ ရက်မှ ၃၁ ရက်အထိ ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (တည်င်းကုန်း)၌ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Professional အဆင့်နှင့် Junior အဆင့်ပြိုင်ပွဲတို့ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး Junior အဆင့်တွင် အသက် ၁၂ နှစ်အောက်၊ ၁၄ နှစ်အောက်၊ ၁၈ နှစ်အောက်နှင့် အမျိုးသမီး ၁၈ နှစ်အောက်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး ဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသည့် မြန်မာနိုင်ငံတစ်ဝန်းမှ Professional အဆင့်နှင့် Junior ဂေါက်သီးရိုက် အားကစားသမားများသည် ဩဂုတ် ၂၈ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ဦးထွန်းကျော် ဖုန်း ၀၉-၅၁၉၃၄၂၃ သို့ အမည်စာရင်းပေးသွင်းနိုင်ပြီး ပြိုင်ပွဲဝင်ကြေး အခမဲ့သတ်မှတ်ထားကြောင်း သိရသည်။

**ကိုညီလေး**

## MNL ပွဲစဉ် (၇)တွင် ရှမ်းယူနိုက်တက်နှင့် ရန်ကုန် တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၅

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၇) ကို ယခုတစ်ပတ် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဇယားထိပ်ဆုံးမှ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် တတိယနေရာမှ ရန်ကုန်ယူနိုက်တက်အသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ပွဲစဉ် (၇) အဖြစ် ဩဂုတ် ၆ ရက်တွင် ရှမ်းယူနိုက်တက်နှင့် ရန်ကုန်၊ ဩဂုတ် ၇ ရက်တွင် ရတနာပုံနှင့် ဧရာဝတီ၊ ဩဂုတ် ၈ ရက်တွင် မဟာယူနိုက်တက်နှင့် မြဝတီ၊ ဩဂုတ် ၁၀ ရက်တွင် ရခိုင်ယူနိုက်တက်နှင့် ဟံသာဝတီ၊ ဩဂုတ် ၁၁ ရက်တွင် အား/ကာ သိပ္ပံနှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယခုတစ်ပတ်တွင် ပွဲကောင်းများ ပါဝင်နေပြီး ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်းတို့ ထိပ်တိုက်တွေ့ဆုံသည့်ပွဲမှာ စိတ်ဝင်စားစရာအကောင်းဆုံးပွဲဖြစ်လာနိုင်သည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ရာနှုန်းပြည့်အနိုင်ဖြင့် ဇယားထိပ်ဆုံးတွင် ငါးပတ်ဆက်တိုက် ဦးဆောင်နေခြင်းဖြစ်ပြီး ယခုပွဲတွင် နိုင်ပွဲဆက်မှတ်တမ်းကို ဆက်ထိန်းထားနိုင်ခြင်း ရှိ၊ မရှိ စောင့်ကြည့်ရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် လက်ကျန်သုံးပွဲစလုံး ပွဲကျပ်များကစားရမည်ဖြစ်ရာ ပိုမိုအာရုံစိုက် ကစားရမည်ဖြစ်သည်။ ရန်ကုန်အသင်းမှာလည်း ဇယားထိပ်ဆုံးမှ ရှမ်းယူနိုက်တက်ကို အမီလိုက်ရန်အတွက် ယခုပွဲတွင် အမှတ်ဆုံးရှုံး၍မရဘဲ အားကုန်ထုတ် ကစားရမည်ဖြစ်သည်။ အမာခံကစားသမားအချို့ လွဲချော်မည်ဖြစ်သောကြောင့် ရန်ကုန်အသင်းအနေဖြင့် ယခင်ပွဲများထက် ပိုမိုအားစိုက်ရဖွယ်ရှိနေသည်။

ဒုတိယနေရာမှ ဧရာဝတီအသင်းမှာလည်း ရတနာပုံအသင်းနှင့် ပွဲကျပ်ကစားရမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်း ထိပ်တိုက်တွေ့ဆုံမှုကို အသုံးချနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ ယခုရာသီတွင် ခြေစွမ်းပြနေသည့် မြဝတီအသင်းသည် ထိပ်ဆုံးသုံးသင်း အမှတ်လျော့ပါက အသုံးချနိုင်ရန် ယခုပွဲတွင် အနိုင်ရရန် လိုအပ်သလို အမှတ်လိုနေသည့် ရခိုင်နှင့် ဟံသာဝတီ၊ အား/ကာသိပ္ပံနှင့် GFA အသင်းများ၏ တွေ့ဆုံမှုများကိုလည်း စောင့်ကြည့်ရမည်ဖြစ်သည်။

**ကိုညီလေး**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၅



ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ တပ်မတော်ဆေးရုံနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်

၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်-၅၁၃

ဦးသောင်းဝင်းငွေး နှင့် ၁။ ဦးအုန်းမြင့်
၂။ ဦးအောင်သန်း

(တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဒွေးကြွယ်ရပ်ကွက်၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ်-၃၄ နေ (ယခုနေရပ်လိပ်စာမသိ)သူ အမှတ်(၁)တရားပြိုင် ဦးအုန်းမြင့်နှင့် အမှတ်(၂) တရားပြိုင် ဦးအောင်သန်းတို့သိစေရမည်။

သင့်အပေါ်၌ တရားလိုက ''ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှု'' လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၂၃) ရက် (၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၂ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၅)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(လှလှသောင်း)
ဒုတိယခရိုင်တရားသူကြီး(၁၄)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

# ခွာနာလျှာနာရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များတွင် ဖြစ်ပွားတတ်သည့် ခွာနာလျှာနာရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး မိမိတို့မွေးမြူထားသော ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များတွင် အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) မိမိတို့မွေးမြူထားသော ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များကို ခွာနာလျှာနာရောဂါ ကာကွယ်ဆေး ပုံမှန်ထိုးနှံရန်၊

(၂) နာမကျန်း ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များကို လွှတ်ကျောင်းခြင်း၊ အခြား ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်များနှင့် ရောနှောခြင်းမပြုရန်၊

(၃) မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို အထူးဂရုပြုရန်နှင့် ပိုးသတ်သန့်စင်ခြင်း ပုံမှန်ဆောင်ရွက်ရန်၊

(၄) ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များ အသစ်ဝယ်ယူမွေးမြူမည်ဆိုပါက ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များကို ဝယ်ယူမွေးမြူရန်၊

(၅) ဝယ်ယူသည့်ကျွဲ၊ နွား သိုး၊ ဆိတ်နှင့် ဝက်အသစ်များကို မိမိခြံရှိတိရစ္ဆာန်များနှင့် အတူထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(၆) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း၊ လူ၊ ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၇) ဆေးထိုးအပ်နှင့် ခြံအသုံးအဆောင်ပစ္စည်းများ မျှဝေသုံးစွဲခြင်းမပြုရန်၊

(၈) ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်၊ ဝက်များရွှေ့ပြောင်းသယ်ဆောင်ရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်လက်မှတ် (AHD/ PC-3) ရယူရန်၊

(၉) မိမိတို့မွေးမြူထားသော ကျွဲ၊နွား၊ သိုး၊ ဆိတ်နှင့် ဝက်များတွင် ခွာနာလျှာနာရောဂါဖြစ်ပွားနေသည်ဟု သံသယရှိပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်း သတင်းပို့ရန်၊

(၁၀) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဩဂုတ် ၅

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

မိုး/ဇလ

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ရန်ကုန်မြို့၊တာမွေမြို့၊(၁၅၄)လမ်းနေ ဦးတင်စိုး၏သမီးဖြစ်သူ မမြတ်ဇာနီမော် (ခ)မမြတ်ဇာနည်မော်(၉/မထလ(နိုင်) ၃၀၇၀၅၉)မှာတစ်ဦးတည်းဖြစ်ပါကြောင်း။ မမြတ်ဇာနီမော်(ခ)မြတ်ဇာနည်မော်။

**ပတ်စ်ပို့ပျောက်**

ကျွန်မ မရေခါး[၁/ဟပန(နိုင်)၀၁၁၄၆၆]၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၉၈၅၇၄၀၀

**ပတ်စ်ပို့ပျောက်**

ကျွန်တော် မောင်ဒီဇွန်ရမ်[၁/မညန (နိုင်)၁၄၃၁၈၅]၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၆၁၃၁၇၁၂

**ပတ်စ်ပို့ပျောက်**

ကျွန်မ မ-မရန်ဒုံဇမီရမ်[၁/ပတအ(နိုင်)၀၅၆၆၇၅]၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၈၀၆၃၂၈၂၅

## "သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း"

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အောင်မင်္ဂလာ(၂)လမ်း၊ အိမ်အမှတ်(၉၄)နေ ဒေါ်ဝင်းကြည်[၁၂/အစန(နိုင်)၀၉၄၈၆၈]၏ သမီးဖြစ်သူ မမင်းမင်းလှိုင် [၁၂/အစန(နိုင်)၀၀၁၄၄၈]သည် မိခင်နှင့်မောင်နှမများ ခွင့်မလွှတ်နိုင်သည့်ကိစ္စများ ပြုလုပ်ပြီး အိမ်ပေါ်က ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စများမဆို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နွယ်ထွန်း(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၃၅)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၇၉၈၂၃၄၈၁**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/မြို့မမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ(၀.၁၁၀)ဧကရှိ ဒေါ်မြင့်မြင့်ဝင်း[၁၂/သဃက(နိုင်)၀၀၅၇၃၀]၊ အဖအမည် ဦးထွန်းရှိန် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၂၉၅၀)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၈၉၂/၂၀၂၂(၄-၃-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်နန်းလှနှင်းခိုင်[၁၃/ပလန(နိုင်)၀၀၀၂၈၂]၊ အဖ အမည် ဦးခမ်းထွန်းမှ ဦးကျော်သူတိုး [၁၄/ကပန(နိုင်)၁၂၃၄၀၄]နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## (၂၈-၇-၂၀၂၂)ရက်ထုတ် ကြေးမုံသတင်းစာ၊ စာ-၂၆ တွင်ပါရှိသည့် ဦးခင်မောင်ညွှန့်၊ ဒေါ်မြင့်သန်းအေးနှင့် ဒေါ်မွှေးမွှေးသန်းတို့၏ အထက်တန်းရှေ့နေက ပြန်လည်ရှင်းလင်းကြေညာခြင်းအပေါ် ထပ်ဆင့်ရှင်းလင်းကြေညာခြင်း

10120 W Flamingo Rd. Ste 42014, Las Vegas, Nevada နေ ကျွန်ုပ်တို့အမှုသည် ဦးနေဝင်းအောင် US Naturalization No.34120379 ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ထပ်ဆင့်ရှင်းလင်းကြေညာပါသည်-

ကျွန်ုပ်တို့၏ (၁၂-၇-၂၀၂၂)နေ့စွဲပါ ကြေညာစာတွင် ဖော်ပြထားသည့် မခွဲဝေရသေးသော ပစ္စည်းစာရင်းအနက် အမှတ်စဉ်(၁) ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-(၅၀၁/ရေထွက်အရှေ့)၊ ဦးပိုင်အမှတ်-(၇၁/၂)၊ (၇၁/၃)၊ (၇၃)၊ (၇၄)၊ စုစုပေါင်း(၁၈.၇၂)ဧကရှိယာမြေအမျိုးအစားမြေကွက်များနှင့် အမှတ်စဉ်(၃)ပါ (၈)လွှာတိုက်ခန်းကို တန်ဖိုးသတ်မှတ်ပြီး (၂၆-၆-၂၀၂၂) ရက်စွဲပါ မိသားစုစီမံမှုဖြင့် အမွေခွဲဝေခြင်းသဘောတူစာချုပ်ချုပ်ဆိုခွဲဝေပြီးဖြစ်သည်ဆိုသည့်အချက် မှန်ကန်ခြင်းမရှိကြောင်း ညွှန်ကြားချက်အရ ဖော်ပြအပ်ပါသည်။ ကျွန်ုပ်တို့အမှုသည် ဦးနေဝင်းအောင်အနေဖြင့် စာချုပ်ချုပ်ဆိုခဲ့ခြင်းကို မသိရှိသည့်အပြင် စာချုပ်၌ ကိုယ်စားလက်မှတ်ရေးထိုးရန် တစ်ဦးတစ်ယောက်ကိုမျှ လွှဲအပ်ခဲ့ခြင်းမရှိကြောင်းနှင့် ငွေကြေးတစ်စုံတစ်ရာကိုလည်း လက်ခံရယူခဲ့ခြင်းမရှိကြောင်း ထပ်ဆင့်ရှင်းလင်းပါသည်။ အမွေခွဲဝေခြင်း သဘောတူစာချုပ်ကိုလည်း အမွေဆက်ခံသူ အားလုံးအနက် ကျွန်ုပ်တို့အမှုသည်အပါအဝင် ကျန်အမွေဆက်ခံသူ နှစ်ဦးတို့ကလည်း လက်မှတ်ရေးထိုးခြင်းမရှိကြောင်း ဖော်ပြပါသည်။

မိခင်အမည်ပေါက် ပုသိမ်ကြီးမြို့နယ်ရှိ အမှတ်စဉ်(၁)ပါ ယာမြေနှင့်စပ်လျဉ်း၍ မိခင်မှာ(၅-၄-၂၀၂၂)ရက်က ကွယ်လွန်ခဲ့ရာ မိခင်ကွယ်လွန်ပြီးနောက် (၃၀-၅-၂၀၂၂) ရက်စွဲပါ ယာမြေကွက်အပြီးအပိုင်လွှဲပြောင်းရောင်းချသည့် အရောင်းအဝယ်ကတိစာချုပ်ကို ကွယ်လွန်သူမိခင် ဒေါ်သိန်းရီက အပိုင်ရောင်းသူအဖြစ် စာချုပ်ချုပ်ဆိုရောင်းချခဲ့ကြောင်း ညွှန်ကြားချက်အရလည်းကောင်း၊ အရောင်းအဝယ် ကတိစာချုပ်အရလည်းကောင်း တွေ့ရှိရသဖြင့် ကွယ်လွန်သူနှင့် အရောင်းအဝယ်ချုပ်ဆိုသည့်ကတိစာချုပ်မှာ တရားဝင်ကတိစာချုပ်မဟုတ်ဘဲ ပျက်ပြယ်သည့်ကတိစာချုပ်ဖြစ်ကြောင်း ထပ်ဆင့်ရှင်းလင်း ဖော်ပြပါသည်။

ထို့ပြင် အမွေဆက်ခံသူများ၏ ခွင့်ပြုချက်မရှိဘဲ ကွယ်လွန်သူမိခင်၏ လက်မှတ်ရေးထိုးရောင်းချခဲ့ခြင်းဖြစ်သဖြင့် စာချုပ်ချုပ်ဆိုရောင်းချသူတွင် တာဝန်ရှိလိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

အမှတ်စဉ် (၃) ပါ (၈) လွှာတိုက်ခန်းနှင့် အမှတ်စဉ်(၅)ပါ မြေကွက်နှင့်အိမ်ကို တန်ဖိုး သတ်မှတ်လွှဲပြောင်းရောင်းချသည့်ကိစ္စရပ်ကို ကျွန်ုပ်တို့အမှုသည် ဦးနေဝင်းအောင်က သိရှိခြင်းမရှိသကဲ့သို့ သဘောတူညီမှုလည်း မရှိခဲ့ကြောင်း ညွှန်ကြားချက်အရ ဖော်ပြပါသည်။

အမှတ်စဉ် (၆) ပါ တိုက်ခန်းသည် မိခင်သက်ရှိထင်ရှားရှိစဉ်က မိခင်ငွေကြေးစိုက်ထုတ်ဝယ်ယူခဲ့သည့်အခန်းဖြစ်ပြီး၊ မိခင်က သားဖြစ်သူ ဦးခင်မောင်ညွှန့်အား နေထိုင်ခွင့်ပြုခဲ့သည့် အခန်းသာဖြစ်ကြောင်းသိရှိရသည့်ပြင် နေအိမ်ပြုပြင်စရိတ်ငွေ ကျပ်သိန်း(၃၀)ကို မိခင်က စိုက်ထုတ်ပြင်ဆင်ခဲ့ကြောင်း ကြားသိရသဖြင့် ဦးခင်မောင်ညွှန့်ပိုင်ဆိုင်သည်ဆိုသည်မှာ မှန်ကန်ခြင်းမရှိကြောင်း ညွှန်ကြားချက်အရ ဖော်ပြအပ်ပါသည်။

ကျွန်ုပ်တို့အမှုသည်၏ ညွှန်ကြားချက်အရ အထူးဖော်ပြလိုသည်မှာ (၁၂-၇-၂၀၂၂) ရက်ထုတ်ကြေးမုံသတင်းစာပါ မခွဲဝေရသေးသောအမွေပစ္စည်းစာရင်းကိုသာ ထပ်လောင်းအတည်ပြုပါသည်။

ကျွန်ုပ်တို့အမှုသည်အနေဖြင့် မခွဲဝေရသေးသော အမွေပစ္စည်းများနှင့် ပတ်သက်၍ ထပ်မံရှင်းလင်းတော့မည် မဟုတ်ဘဲ ဥပဒေနှင့်အညီသာ ဆက်လက်ဆောင်ရွက်လိမ့်မည်ဖြစ်ကြောင်း အမွေဆိုင်များနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းအောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၁၆၄)၊ နိုတြီပဗ္ဗလစ်**

**ဒေါ်သန်းမြင့်ကြည်**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၈၆၆၁)**

**အမှတ်-၅၆၃၊ အခန်း (၁၀၄/၄)၊ ပထမထပ်၊ MAC Tower၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၅၁၆၁၃၆၄**

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော အရှေ့တိုင်းနဂါး(၉)အမည်ရှိ ငါးဖမ်းရေယာဉ်၊ မှတ်ပုံတင်နံပါတ်- (ON-၄၉၁၀)၊ စုစုပေါင်းတန်ချိန် (၅၉.၉၁)တန်၊ (အလျား -၂၅မီတာ၊ အနံ-၅.၃၀မီတာ)အား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးသိန်းနိုင်[၁၂/ဗဟန(နိုင်)၀၇၁၈၉၂]၏ အမည်မှ ဦးအောင်နိုင် [၁၀/ရမန(နိုင်)၀၀၀၀၂၁]၊ ချောင်းတောင်ကျေးရွာ၊ ရေးမြို့နယ်၊ မွန်ပြည်နယ် အမည်သို့ပြောင်းလဲပေးပါရန် ဤဌာနသို့လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ညွှန်ကြားရေးမှူးချုပ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ရန်ကုန်မြို့သို့လိပ်မူ၍ ရက်ပေါင်း(၃၀)အတွင်း ပိုင်ဆိုင်မှုအထောက်အထားနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးသွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော မိုးမင်းဟိန်းအမည်ရှိ ငါးဖမ်းရေယာဉ်၊ မှတ်ပုံတင်နံပါတ် (ON-၃၉၀၈)၊ စုစုပေါင်းတန်ချိန်(၈၀.၇၅)တန်၊ အလျား(၅၈.၈၃)ပေ၊ အနံ (၂၀.၈၃)ပေအား ဂရန်အမည်ပေါက်ပိုင်ရှင်များဖြစ်သော ဦးမျိုးဦး(MGIE-၀၀၁၈၈၇)နှင့် ဒေါ်လှလှဝင်း [၁၂/လသန(နိုင်)၀၁၄၂၁၆]တို့၏ အမည်မှ ဦးစောလှျှန်သိုက်[၈/ပခက(နိုင်)၁၆၅၈၄၅]၊ အမှတ်(၃၇/ဘီ)၊ စော်ဘွားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ညွှန်ကြားရေးမှူးချုပ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ရက်ပေါင်း(၃၀)အတွင်း ပိုင်ဆိုင်မှုအထောက်အထားနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးသွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၆၊ မြေကွက်အမှတ် ၄၈၀၊ (၀.၀၅၅)ဧက၊ မြေကွက်တည်နေရာ ရေကြည်လမ်းသွယ်လမ်း၊ (၂၀)ရပ်ကွက် ရွှေပြည်သာ၊ (ဗိုလ်မှူးဝင်းရွှေ) အမည်ပေါက် ပါမစ်မြေ မြေအား ပါမစ်အမည်ပေါက်ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဒေါ်သူဇာမြင့် [၁၂/အစန(နိုင်)၁၆၃၂၈၆]မှ ပါမစ်မူရင်းတွင် မိသားစုဓာတ်ပုံ၊ ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်ကိုသာ တင်ပြနိုင်ပြီး အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများ မိုခိုစာရင်းတင်ပြနိုင်ခြင်းမရှိဘဲ ပါမစ် (မစုံ)ဖြင့် နှစ်(၆၀) မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ရွှေပွားအမှတ်တံဆိပ် စိုက်ပျိုးရေးဆေးနှင့် ဓာတ်မြေဩဇာများကို ကုန်ကြွေးရယူထားပြီး ဆက်သွယ်စာရင်းရှင်းလင်းရန် ကျန်ရှိနေသူများ သိရှိနိုင်စေရန် အသိပေးကြေညာခြင်း"

အမှတ်-၅၂၅၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် (၃၈)လမ်းထောင့်၊ (၆)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးခန်းဖွင့်လှစ်ထားသည့် Seinn Lae Thwin Company Limitedသည် ရွှေပွားအမှတ်တံဆိပ် စိုက်ပျိုးရေးဆေးနှင့် ဓာတ်မြေဩဇာများကို ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ ယင်းသို့ ဖြန့်ဖြူးရောင်းချရာတွင် ကိုယ်စားလှယ်များနှင့် အရောင်းဆိုင်များသို့ ကုန်ကြွေးစနစ်ဖြင့် ရောင်းချခဲ့ပါသည်။

ထိုသို့ ကုန်ကြွေးစနစ်ဖြင့် ကုမ္ပဏီထံမှ ဝယ်ယူပြီး ပြန်လည်ရောင်းချခဲ့သည့် အချို့သော ကိုယ်စားလှယ်များနှင့် အရောင်းဆိုင်များသည် ကုန်ကြွေးငွေများ ပေးဆပ်ရန် ပျက်ကွက်လျက်ရှိပါသောကြောင့် ဇူလိုင်လကုန် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းရှင်းလင်းပါရန် ကုမ္ပဏီဘက်မှ အကြောင်းကြားစာများ ပေးပို့ခဲ့ပြီးဖြစ်ပါသည်။

သို့သော်လည်း အချို့သော ကိုယ်စားလှယ်များနှင့် အရောင်းဆိုင်များသည် သတ်မှတ်ရက်အတွင်း ကုမ္ပဏီသို့ ဆက်သွယ်စာရင်းရှင်းလင်းရန် ပျက်ကွက်လျက်ရှိပါသည်။ ကုမ္ပဏီသို့ ဆက်သွယ်စာရင်းရှင်းလင်းရန် ပျက်ကွက်နေသည့် ကိုယ်စားလှယ်များနှင့် အရောင်းဆိုင်များအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကုမ္ပဏီထံသို့ဖြစ်စေ ဆက်သွယ်စာရင်းရှင်းလင်းကြပါရန်နှင့် သတ်မှတ်ရက်အတွင်း ဆက်သွယ်စာရင်းရှင်းလင်းခြင်းမရှိပါက တရားဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း သက်ဆိုင်သူများအားလုံး သိရှိနိုင်စေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သိမ့်သိမ့်စိုးဟန်**
**LL.B., DBL**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၉၈)**

**ဒေါ်ကြာဖြူဝတ်ရည်**
**LL.B., LL.M.**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၀၈၉)**

**Legal Steps Legal Consulting Limited**
**တိုက်(၁)၊ အခန်း(၁၁၂၊ ၁၁၃)၊ ဟိုတယ်ရန်ကုန်၊ ပြည်လမ်း၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၇၇၁၁၁၂၉၁ မှ ၀၉-၉၇၇၁၁၁၂၉၅ ထိ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

---

- ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။
- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေး ရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။
- အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှု မပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့် အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

---

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အမိန့်ကြော်ငြာစာအမှတ် ၃၆/၂၀၂၂ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အမိန့်ကြော်ငြာစာအမှတ် ၃၆/၂၀၂၂
နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်
(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေ ပုဒ်မ ၄၉၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာအား ထုတ်ပြန်လိုက်သည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပြည်တွင်း၌နေထိုင်သူများ၏ ပြည်ပမှ နိုင်ငံခြားသုံးငွေဖြင့်ရရှိသော နိုင်ငံခြားသုံးငွေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံခြားသုံးငွေများ ပြည်ပသို့လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂)ကို (၃-၄-၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

၃။ ပို့ကုန်တင်ပို့သူများ ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေ ပမာဏ၏ ၆၅ ရာခိုင်နှုန်းကိုသာ အထက်ပါအပိုဒ်(၂)ပါ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂) သတ်မှတ်ညွှန်ကြားချက်များအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ပါသည်။

၄။ ဤအမိန့်ကြော်ငြာစာသည် ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

၅။ ဤအမိန့်ကြော်ငြာစာကို လိုက်နာခြင်းမရှိပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ အရေးယူခြင်းခံရမည်။

သန်းညိန်း
ဥက္ကဋ္ဌ

---

ယနေ့ ဖတ်စရာ

**ဓာတ်ခွဲနမူနာစုစုပေါင်း ၆၁၇၄ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂ ဦးတွေ့ရှိ**

စာမျက်နှာ » ၁၆

**(၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့ ရွှေတံဆိပ် ၁၄ ခု၊ ငွေတံဆိပ် ၁၂ ခု၊ ကြေးတံဆိပ် ၁၇ ခု ရရှိ**

စာမျက်နှာ » ၂၂

---

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များ အနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာ လုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်

နေပြည်တော် ဩဂုတ် ၅

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာတပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✳

---

## မြန်မာအမျိုးသမီးများစောင့်ထိန်းအပ်သော မြန်မာ့ယဉ်ကျေးမှုကို ထိခိုက်စေသည့် လိင်အသားပေးဓာတ်ပုံနှင့် ဗီဒီယိုများ လူမှုကွန်ရက်တွင် အခကြေးငွေရယူ၍ ဖြန့်ဝေခဲ့သူ သင်ဇာဝင့်ကျော်နှင့် နန်းမွေစံတို့ကို ဥပဒေအရ အမှုဖွင့်အရေးယူ

နေပြည်တော် ဩဂုတ် ၅

မြန်မာအမျိုးသမီးများ စောင့်ထိန်းအပ်သော မြန်မာ့ယဉ်ကျေးမှုကို ထိခိုက်စေသည့် လိင်အသားပေးဓာတ်ပုံနှင့် ဗီဒီယိုများကို လူမှုကွန်ရက်တွင် အခကြေးငွေရယူ၍ ဖြန့်ဝေလျက်ရှိသည့် သင်ဇာဝင့်ကျော်(ခ)သင်ဇာနှင့် နန်းမွေစံတို့နှင့် ပတ်သက်၍ သက်ဆိုင်ရာက စိစစ်ဖော်ထုတ်မှုများပြုလုပ်ခဲ့သည်။



သင်ဇာဝင့်ကျော်(ခ)သင်ဇာ



နန်းမွေစံ

စိစစ်ဖော်ထုတ်ချက်များအရ သင်ဇာဝင့်ကျော်သည် ၂၀၂၁ ခုနှစ် ဩဂုတ်လခန့်တွင် လိင်အသားပေးမော်ဒယ် ရှင်ယွန်းမြတ်၏ ချိတ်ဆက်ပေးမှုဖြင့် အမေရိကန်နိုင်ငံတွင် နေထိုင်သည့် Mr. Rafal ဦးစီးလုပ်ကိုင်လျက်ရှိသော ညစ်ညမ်း Website ဖြစ်သည့် Exantria Website တွင် အခကြေးငွေရယူ၍ လိင်အသားပေးဓာတ်ပုံနှင့် ဗီဒီယိုဖိုင်များအား တင်ရန် Thin Zar Wint Kyaw အမည်ဖြင့် အကောင့်ဖွင့်လှစ်ခဲ့ကြောင်း၊ သင်ဇာဝင့်ကျော်သည် ၂၀၂၁ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့မှစတင်၍ ၎င်း Website တွင်

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ■